# ကြေးမုံ

၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။

**The Mirror Daily**

Established in 1957


**ဘယ်အခါမှ အကျိုးမဆုတ်ယုတ်**

အပြစ်ကို အပြစ်နှင့်လျော်စွာ နှိမ်နင်းဆိုဆုံးမလေ့ရှိသော ပညာရှိကို မြေဩမြှုပ်ထားသော ရွှေအိုးတို့ကို ပြောကြားလာသောသူကဲ့သို့သဘောထား၍ဆည်းကပ်ရာ၏။ ထိုသို့သဘောရှိသော ပညာရှိကို မှီဝဲဆည်းကပ်သောသူမှာ အလွန်အကျိုးများ၏။ ဘယ်အခါမှ အကျိုးမဆုတ်ယုတ်လေ။

ပဏ္ဍိတဝဂ်(ဓမ္မပဒ-၇၆)


၁၃၈၇ ခုနှစ်၊ နယုန်လဆန်း ၁၄ ရက်၊ တနင်္လာနေ့။ Monday, 9 June 2025 ၁၁၈၄၃


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် မြန်မာ - တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်မှု (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

### မြန်မာ-တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်မှု (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခမ်းအနားကျင်းပ

# နှစ်နိုင်ငံပြည်သူများ၏ ဘုံအကျိုးစီးပွားအတွက် ကဏ္ဍစုံပူးပေါင်းဆောင်ရွက်မှုများ ပိုမိုနက်ရှိုင်းစေရေး တရုတ်နိုင်ငံနှင့်အတူ အနီးကပ် ပူးပေါင်းဆောင်ရွက်သွားမည်

**နေပြည်တော် ဇွန် ၈**

မြန်မာ-တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်မှု (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် တက်ရောက်၍ အမှာစကားပြောကြားသည်။

အခမ်းအနားသို့ ကောင်စီတွဲဖက်အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ မြန်မာနိုင်ငံ မဟာဗျူဟာနှင့် နိုင်ငံတကာလေ့လာရေးအဖွဲ့၊ မြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းနှင့် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းတို့မှ ဥက္ကဋ္ဌများနှင့် အဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့် ကောင်စစ်ဝန်ချုပ်ရုံးတို့မှ သံတမန်များ၊ အထူးဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။


စာမျက်နှာ ၃ ကော်လံ ၁ သို့ ❂


## ယနေ့ ဖတ်စရာ


**တစ်ကျော့ပြန် ခေါင်းထောင်လာသော ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲသစ် အိုမီခရွန်(XEC)**
ဆောင်းပါး စာမျက်နှာ » ၆

**ကျောင်းပညာရေးဖြင့် မတက်ရောက်နိုင်သည့် ကလေးများ ကျောင်းပြင်ပပညာရေး၏ တန်းညှိပညာရေးအစီအစဉ်ဖြင့် တက်ရောက်နိုင်**
ဆောင်းပါး စာမျက်နှာ » ၁၀

**အင်တာနက်သုံးစွဲမှုကို မည်သို့ နည်းလမ်းတကျ လျှော့ချမလဲ**
စာမျက်နှာ » ၁၉

**အကောင်းအဆိုး အကျိုးအပြစ်များလှသည့် နည်းပညာ**
စာမျက်နှာ » ၂၃

ကြေးမုံ

# သဘာဝဘေးအန္တရာယ်ကိုကျော်လွှား ကြိုတင်စောင့်ကြည့်လေ့လာကာကွယ်

သဘာဝဘေးအန္တရာယ်ဆိုသည်မှာ မလွန်ဆန်နိုင်သော လောကဓမ္မတာဖြစ်သည်။ သဘာဝအန္တရာယ်သည် ကြိုတင်မျှော်မှန်းနိုင်ခြင်းမရှိဘဲ အနီးဆုံးအနေအထားအရသာ ရင်ဆိုင်ကြုံတွေ့ရသည့် အန္တရာယ်ဖြစ်သည်။ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ဆုံးရှုံးပျက်စီးမှုများကို လျှော့ချနိုင်ရန်မလွယ်ကူသော်လည်း လူ့အသက်များဆုံးရှုံးမှုနှင့် ထိခိုက်ပျက်စီးမှုများကို လျှော့ချနိုင်ရန်အတွက် ကြိုတင်ပြင်ဆင်စီမံဆောင်ရွက်ထားနိုင်ပေသည်။

မြန်မာနိုင်ငံသည် ကမ္ဘာပေါ်ရှိ သဘာဝဘေးအန္တရာယ်နှင့် ကြုံတွေ့နေရသော နိုင်ငံများစာရင်းတွင်ပါဝင်ပြီး နှစ်စဉ်နှစ်တိုင်း သဘာဝဘေးအန္တရာယ်တစ်မျိုးမျိုးနှင့် ရင်ဆိုင်ကြုံတွေ့ရလေ့ရှိသည်။ ယခု ၂၀၂၅ ခုနှစ်တွင် ဇန်နဝါရီလမှ မေလအထိ ငါးလတာကာလအတွင်း နိုင်ငံပေါင်း ၄၆ နိုင်ငံတွင် မိုးခေါင်မှု နှစ်ကြိမ်၊ ငလျင်လှုပ်ခတ်မှု ကိုးကြိမ်၊ ရေကြီးမှု ၃၂ ကြိမ်၊ မုန်တိုင်းတိုက်ခတ်မှု ၃၄ ကြိမ်၊ မီးတောင်ပေါက်ကွဲမှု တစ်ကြိမ်နှင့် တောမီးလောင်မှု ကိုးကြိမ် ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ထိုကာလတွင် မြန်မာနိုင်ငံအနေဖြင့် ငလျင်အကြီးစားလှုပ်ခတ်မှု တစ်ကြိမ်နှင့် ရေကြီးရေလျှံမှု အကြိမ်အနည်းငယ်ဖြစ်ပွားခဲ့သည်။

၂၀၁၅ ခုနှစ်မှ ၂၀၂၅ ခုနှစ်အထိ ကမ္ဘာတစ်ဝန်း၌ သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှု ၁၀ နှစ်တာကာလကို လေ့လာကြည့်မည်ဆိုလျှင် မီးတောင်ပေါက်ကွဲမှု သုံးကြိမ်မှ ငါးကြိမ်နှင့် တောမီးလောင်မှု တစ်ကြိမ်မှ ကိုးကြိမ်အထိ ဖြစ်ပွားခဲ့သည်။ မိုးခေါင်ရေရှားမှု အနည်းဆုံးနှစ်ကြိမ်မှ အများဆုံး ၁၂ ကြိမ်၊ ငလျင်ဘေး အနည်းဆုံး ခုနစ်ကြိမ်မှ အများဆုံး ၁၉ ကြိမ်၊ ရေဘေး အနည်းဆုံး ၄၆ ကြိမ်မှ အများဆုံး ၉၇ ကြိမ်ဖြစ်ကြောင်း သိရသည်။ ယင်းတို့အနက် ပြီးခဲ့သည့်နှစ် ၂၀၂၄ ခုနှစ်တွင် တစ်ကမ္ဘာလုံးအတိုင်းအတာအနေဖြင့် ရေဘေး ၇၁ ကြိမ်ဖြစ်ပွားခဲ့ပြီး မုန်တိုင်း အနည်းဆုံး ၂၁ ကြိမ်မှ အများဆုံး အကြိမ် ၆၀ အထိ ဖြစ်ပွားခဲ့သည်။ ဖြစ်စဉ်အားလုံးကို နှိုင်းယှဉ်ကြည့်လျှင် ရေဘေးအန္တရာယ်နှင့် မုန်တိုင်းအန္တရာယ်မှာ အများဆုံးဖြစ်သည်ကို တွေ့ရသည်။

မြန်မာနိုင်ငံအနေဖြင့် ကြုံတွေ့ခဲ့ရသော သဘာဝဘေးအန္တရာယ်အမျိုးမျိုးကို နှိုင်းယှဉ်လေ့လာကြည့်မည်ဆိုပါက ပြီးခဲ့သည့် မတ်လ ၂၈ ရက်နေ့က ဖြစ်ပွားခဲ့သော ငလျင်အကြီးစားလှုပ်ခတ်မှုမှာ နှစ်ပေါင်းများစွာကြာမှ ကြုံတွေ့ရသော သဘာဝဘေးအန္တရာယ်ဖြစ်ပြီး များသောအားဖြင့် မုန်တိုင်းအန္တရာယ်များ၊ ရေကြီးရေလျှံမှုနှင့် မြေပြိုမှုအန္တရာယ်များဖြစ်သည်ကို တွေ့ရမည်ဖြစ်သည်။ ပြီးခဲ့သည့် မေလ ၃၀ ရက်နေ့တွင် ကျင်းပခဲ့သည့် ငလျင်ဘေးအလွန် မြန်မာ့စီးပွားရေးပြန်လည်ကုစားခြင်းနှင့် ပြန်လည်ထူထောင်ခြင်း သုံးသပ်ဆွေးနွေးပွဲတွင် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာအကူအညီများနှင့် လူမှုကာကွယ်ရေး၊ အခြေခံအဆောက်အအုံများ ပြန်လည်တည်ဆောက်ရေး၊ စီးပွားရေးပြန်လည်ရှင်သန်ခြင်းနှင့် ကြံ့ကြံ့ခံပြီး ခြုံငုံမှုရှိသည့် ပြုပြင်ပြောင်းလဲမှုဟူသည့် မဏ္ဍိုင်သုံးရပ်ကို နိုင်ငံတော်အကြီးအကဲက လမ်းညွှန်မှာကြားခဲ့သည်။

သဘာဝဘေးဟူသည် မလွန်ဆန်နိုင်သော မလွဲမသွေကြုံတွေ့ရမည့် အန္တရာယ်ဖြစ်သဖြင့် သဘာဝဘေးမတိုင်မီကာလ၊ သဘာဝဘေးကျရောက်စဉ်ကာလနှင့် သဘာဝဘေးလွန်ကာလတို့တွင် မဖြစ်မနေဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များကို မပျက်မကွက်ဆောင်ရွက်ထားကြရမည်ဖြစ်သည်။ ငလျင်ဘေးအန္တရာယ်နှင့် ပတ်သက်၍ မြန်မာနိုင်ငံတွင် အများဆုံးကျရောက်တတ်သည့် ငလျင်ပြင်းအားအဆင့်အပေါ်မူတည်၍ အဆောက်အအုံများကြံ့ခိုင်မှုရှိအောင် တည်ဆောက်ထားရမည်ဖြစ်သည်။ မုန်တိုင်းဘေး၊ ရေဘေးတို့မှာ ကြိုတင်သိနိုင်သောအချက်များရှိသဖြင့် မဖြစ်မီကကြိုတင်ဆောင်ရွက်ထားခြင်းဖြင့် ထိခိုက်ဆုံးရှုံးမှုကို လျှော့ချနိုင်သည်။

ယခုအခါ မိုးရာသီကာလကို ရောက်ရှိလာပြီဖြစ်သည့်အတွက် ဖြစ်ပေါ်လာနိုင်သည့် သဘာဝဘေးအန္တရာယ်များကို တွက်ချက်၍ ကြိုတင်ကာကွယ်တားဆီးခြင်းဖြင့် ထိခိုက်ပျက်စီးမှု အနည်းဆုံးဖြစ်အောင် လုပ်ဆောင်ထားရမည်ဖြစ်သည်။ မြန်မာနိုင်ငံတွင် သဘာဝဘေးအန္တရာယ်ဆိုင်ရာ အမျိုးသားအဆင့်စီမံချက်များလည်း ရေးဆွဲထားပြီးဖြစ်၍ စီမံချက်ပါအတိုင်း လုပ်ဆောင်ထားရန်လိုအပ်သည်။ ဘေးအန္တရာယ်နှင့် ကြုံတွေ့နိုင်သည့်ပြည်သူများအား လုံခြုံစိတ်ချသောနေရာသို့ ရွှေ့ပြောင်းပေးခြင်း၊ ပုံစံတူ ဇာတ်တိုက်လေ့ကျင့်ခြင်း စသည့် ကြိုတင်ကာကွယ်ခြင်းအမျိုးမျိုးတို့ကို လုပ်ဆောင်ထားရမည်ဖြစ်သည်။

သို့ဖြစ်ရာ သဘာဝဘေးအန္တရာယ်အမျိုးမျိုးတို့ကို နှစ်စဉ်တစ်မျိုးမဟုတ်တစ်မျိုး ကြုံတွေ့နိုင်သည်ဖြစ်ရာ နှစ်အလိုက်သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်မှုကို အမျိုးသားသဘာဝဘေးအန္တရာယ်စီမံခန့်ခွဲမှုဗဟိုဌာနနှင့် မိုးလေဝသနှင့် ဇလဗေဒညွှန်ကြားမှုဦးစီးဌာနတို့က စဉ်ဆက်မပြတ်စောင့်ကြည့်လေ့လာမှုများကို အများပြည်သူသိရှိအောင် စဉ်ဆက်မပြတ်အသိပေးပြီး သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပြည်သူများက သဘာဝဘေးအန္တရာယ်ကို ကြိုတင်ကာကွယ်၍ ကျော်လွှားသွားကြရမည်ဖြစ်ပါကြောင်း။ ။

## ပါဠိပထမပြန်စာမေးပွဲ ပဉ္စမနေ့ကျင်းပ

နေပြည်တော် ဇွန် ၈

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူး၍ နှစ်စဉ်ကျင်းပသော ၂၀၂၅ ခုနှစ် ပါဠိပထမပြန်စာမေးပွဲ (ပဉ္စမနေ့) တွင် နိုင်ငံတစ်ဝန်းရှိ စာဖြေဌာန ၂၀၆ ဌာနတို့၌ စာရင်းသွင်း ၃၄၈၀၇ ပါး၊ဦး အနက် ၂၆၆၅ ပါး၊ ဦး ဖြေဆိုကြသဖြင့် ၇၆ ဒသမ ၅၈ ရာခိုင်နှုန်း ဖြေဆိုကြကြောင်း သာသနာရေးဦးစီးဌာနမှသိရသည်။

သတင်းစဉ်

## ၈ - ၆ - ၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ တစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ **ဈေးနှုန်းမှာ ငွေကျပ် ၅၈၂၀၀၀၀ ဖြစ်သည်။**

ဓာတ်သတ္တု(ရွှေ)ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

## အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများမှ ကျောင်းအခြေပြု သင်တန်းဖွင့်လှစ်ရန် သင်တန်းသားခေါ်ယူခြင်း

နေပြည်တော် ဇွန် ၈

လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန လူမှုဝန်ထမ်းဦးစီးဌာနသည် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်၊ တောင်ငူ၊ မြစ်ကြီးနား၊ ဖျာပုံ၊ စစ်တွေ၊ ရှာင်နှင့် ထားဝယ်မြို့တို့တွင် အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများအား ဖွင့်လှစ်ထားရှိကာ စက်ချုပ်သင်တန်းများ (မိန်းမဝတ်၊ ကလေးဝတ်၊ ကျားရှပ်၊ တိုက်ပုံ၊ ကုတ်အင်္ကျီ)၊ လက်မှုသင်တန်း၊ မုန့်မျိုးစုံပြုလုပ်နည်းသင်တန်း၊ အစားအစာချက်ပြုတ်နည်းသင်တန်းနှင့် ပန်းအလှပြင်သင်တန်း စသည့်သင်တန်းများကို ဘဏ္ဍာရေးနှစ်တစ်နှစ်လျှင် သင်တန်းအပတ်စဉ်ရှစ်ခု၊ အပတ်စဉ်တစ်ခုလျှင် ခြောက်ပတ်ကြာ သင်ကြားပေးလျက်ရှိသည့်အပြင် ရန်ကုန်၊ မန္တလေး၊ မော်လမြိုင်၊ ပုသိမ်ကျောင်းများ၌ စနေ၊ တနင်္ဂနွေနေ့များတွင်လည်း အထူးသင်တန်းများအား ဖွင့်လှစ်သင်ကြားပေးလျက်ရှိပါသည်။

အဆိုပါ အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများ၌ ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ် ဒုတိယအကြိမ်မြောက် ကျောင်းအခြေပြုသင်တန်းအား ဇွန် ၉ ရက်မှ ဇူလိုင် ၁၈ ရက်အထိ ဖွင့်လှစ်သင်ကြားပေးမည်ဖြစ်ရာ တက်ရောက်လိုသော သင်တန်းသား(အမျိုးသမီး/အမျိုးသား)များအနေဖြင့် သက်ဆိုင်ရာ တိုင်းဒေသကြီး/ပြည်နယ်များရှိ အောက်ပါအိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်းများသို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်း၍ တက်ရောက်နိုင်ကြောင်း အသိပေးဖော်ပြအပ်ပါသည်-

- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရန်ကုန်)**
  အမှတ်-၁၃၅၊ ဓမ္မစေတီလမ်း၊ ဗဟန်းမြို့နယ်၊ ဖုန်း- ၀၉-၄၂၇၉၀၀၀၄၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မန္တလေး)**
  အမှတ်-၁၆၉၊ ၈၃လမ်း၊ ၂၅ x ၂၆လမ်းကြား၊ အောင်မြေသာစံမြို့နယ်၊
  စစ်ကိုင်းတန်းရပ်၊ မန္တလေးမြို့ ၊ ဖုန်း- ၀၂-၄၀၁၃၆၇၉၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မော်လမြိုင်)**
  ရွှေတောင်ရပ်၊ အထက်လမ်းမကြီးဘေး၊ မော်လမြိုင်မြို့ ၊ ဖုန်း- ၀၅၇-၂၀၂၇၁၆၆
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(တောင်ငူ)**
  အမှတ်(၁၈)ရပ်ကွက်၊ စည်သူလမ်း၊ ဘူတာအနီး၊ တောင်ငူမြို့၊ ဖုန်း-၀၅၄-၂၈၂၃၅၇၁
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(မြစ်ကြီးနား)**
  အမှတ်(၉၂)၊ ရှမ်းစုမြောက်ရပ်ကွက်၊ မြစ်ကြီးနားမြို့၊ ဖုန်း- ၀၇၄-၂၅၂၂၅၅၈
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ဖျာပုံ)**
  ကျုံကူကျေးရွာ၊ ဖျာပုံ-ဘိုကလေးကားလမ်းဘေး၊ ဖျာပုံမြို့၊ ဖုန်း- ၀၉-၂၆၂၇၅၇၈၉၉
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ပုသိမ်)**
  အမှတ်-၂ ရပ်ကွက်၊ မင်းကြီးလမ်း၊ ပုသိမ်မြို့၊ ဖုန်း - ၀၄၂- ၂၅၃၇၃၊ ၀၄၂-၂၁၀၃၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(စစ်တွေ)**
  မေယုလမ်း(လေယာဉ်ကွင်းအနီး)၊ မန်ကျည်းမြိုင်ရပ်ကွက်၊ စစ်တွေမြို့၊ ဖုန်း- ၀၄၃- ၂၂၀၆၇
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ရှာင်)**
  အမှတ်-၈၂ ၊ အင်းကုန်းငါးဆူကျေးရွာအုပ်စု၊ အင်းကုန်းကျေးရွာ၊
  ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ရှာင်မြို့၊ ဖုန်း- ၀၈၁-၄၇၆၈၀၁၅
- **အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်ကျောင်း(ထားဝယ်)**
  အကွက်အမှတ်(၂၄)၊ ဆန်ချီတိုးချဲ့အနောက်ကွင်း၊ ထားဝယ်မြို့
  တနင်္သာရီတိုင်းဒေသကြီး၊ ထားဝယ်မြို့၊ ဖုန်း- ၀၅၉-၂၀၂၄၀၀၉

လူမှုဝန်ထမ်းဦးစီးဌာန

သင့်စီးပွားရေးလုပ်ငန်းများအောင်မြင်ဖို့ ကြေးမုံသတင်းစာတွင် ကြော်ငြာစို့

ကြေးမုံ

| | | | |
|---|---|---|---|
| **စာတည်းမှူးချုပ်** | - ဦးဝင်းနိုင် | **အကြီးတန်း သတင်းထောက်များ** | - ဦးစိုးအောင်၊ ဒေါ်ခင်မို့မို့အောင်၊ ဒေါ်ခင်မျိုးနိုင်၊ ဒေါ်မာမာစိုး၊ ဒေါ်ခိုင်သန္တာရွှေ |
| **ခေတ္တ စာတည်းမှူး** | - ဦးအေဝမ်းစိုး | **အငယ်တန်း သတင်းထောက်များ** | - ဦးအောင်ကျော်ဦး၊ ဦးအောင်ကျော်ဝင်း၊ ဦးသန်းတင်အောင် |
| **စာတည်းများ** | - ဦးစန်းအောင်၊ ဒေါ်ခင်ခင်သက်၊ ဒေါ်ယုဝါဝါ၊ ဒေါ်သီသီမင်း၊ ဦးဟိန်းထက်လင်း၊ ဦးသက်ထွေး၊ ဒေါ်စန်းယဉ်ဥ | **သုတေသန** | - ဒေါ်ဇင်မာဝင့် |
| | | **စာပြင်** | - ဒေါ်ခင်နှင်းယုနှင့်အဖွဲ့ |
| **ဘာသာပြန် စာတည်းများ** | - ဦးနိုင်လင်းကြည်၊ ဦးအောင်ကျော်ကျော်၊ ဦးစိုးသူရ | **စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း** | - ဒေါ်နွယ်နွယ်ထွန်းနှင့်အဖွဲ့ |
| | | **အီးမေးလ်နှင့် အွန်လိုင်း** | - ဦးစိုးချစ်ဦးနှင့်အဖွဲ့ |


ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။

Gmail themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၁
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ မြန်မာ-တရုတ် နှစ်နိုင်ငံယဉ်ကျေးမှုအဖွဲ့များ၏ ဖျော်ဖြေတင်ဆက်မှုကို ကြည့်ရှုအားပေးစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင်နှင့် အခမ်းအနားတက်ရောက်လာကြသူများ နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မှတ်တမ်းဓာတ်ပုံပြခန်းများအား လှည့်လည်ကြည့်ရှုစဉ်။

✪ ရှေ့ဖုံးမှ

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်က အဖွင့်အမှာစကားပြောကြားရာတွင် ယနေ့သည် မြန်မာ-တရုတ် နှစ်နိုင်ငံ၏သံတမန်ဆက်ဆံရေးသမိုင်းတွင် အဓိပ္ပာယ်ပြည့်ဝပြီး ဂုဏ်ယူစရာကောင်းသည့် အခါသမယဖြစ်သကဲ့သို့ သမိုင်းတစ်လျှောက် ကာလကြာမြင့်စွာ တည်တံ့ခိုင်မြဲခဲ့သည့် ချစ်ကြည်ရင်းနှီးမှု၊ အပြန်အလှန် လေးစားယုံကြည်မှု၊ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်မှုများနှင့် အနာဂတ်အတွက် တူညီသည့် သန္နိဋ္ဌာန်ရှိနေကြသည်ကိုလည်း ဖော်ညွှန်းပြသသည့် အခမ်းအနားဖြစ်ကြောင်း။

မိမိတို့နှစ်နိုင်ငံ၏ ဆက်ဆံရေးသမိုင်းကြောင်းကို ပြန်ကြည့်ပါက လွန်ခဲ့သည့် နှစ်ပေါင်း ၁၄၀၀ ကျော် အေဒီ (၇)ရာစုနှစ် မြန်မာနိုင်ငံက ပျူမင်းဆက်များနှင့် တရုတ်နိုင်ငံ တန်မင်းဆက်မှစ၍ ခေတ်အဆက်ဆက် ကုန်သွယ်ရေး၊ စီးပွားရေး၊ ယဉ်ကျေးမှု၊ သံတမန်ရေးဆက်ဆံမှု သမိုင်းအထောက်အထားများစွာ တွေ့ရမည်ဖြစ်ကြောင်း၊ သံတမန်ရေးဆက်ဆံမှုအနေဖြင့် အေဒီ(၁၁)ရာစု ပုဂံခေတ်မှာ မြန်မာသံတမန် ရှင်ဒိသာပါမောက် တရုတ်နိုင်ငံကို သံခင်းတမန်ခင်း သွားရောက်ခဲ့သည့် သမိုင်းမှတ်တမ်းသည် မျက်မှောက်ခေတ် နှစ်နိုင်ငံ စွဲစွဲမြဲမြဲကျင့်သုံးနေသည့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူဝါဒ၏ အခြေခံအုတ်မြစ်ဟု ဆိုနိုင်ကြောင်း။

ခေတ်သစ်နှစ်နိုင်ငံ ဆက်ဆံရေးသမိုင်းတွင် မြန်မာနိုင်ငံသည် ၁၉၄၉ ခုနှစ် တရုတ်ပြည်သူ့သမ္မတနိုင်ငံ စတင်ထူထောင်ချိန်၌ ပထမဆုံးအသိ အမှတ်ပြုခဲ့သည့် နိုင်ငံတစ်နိုင်ငံဖြစ်ခဲ့ကြောင်း၊ ၎င်းနောက် ၁၉၅၀ ပြည့်နှစ် ဇွန်လ (၈)ရက်နေ့တွင် နှစ်နိုင်ငံ သံတမန်ဆက်ဆံရေး ထူထောင်ခဲ့ခြင်းကြောင့် ယနေ့ဆိုပါက စိန်ရတုကာလကို ရောက်ရှိခဲ့ပြီဖြစ်ကြောင်း။

မြန်မာ-တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေး ထူထောင်ခဲ့သည့် ၁၉၅၀ ပြည့်နှစ်မှစတင်ပြီး ခေတ်အဆက်ဆက် နှစ်နိုင်ငံခေါင်းဆောင်များ၏ အပြန်အလှန်ချစ်ကြည်ရေးခရီးစဉ်များသည် နှစ်နိုင်ငံဆက်ဆံရေးကို တစ်စထက်တစ်စ ပိုမိုတိုးတက် ခိုင်မာစေခဲ့ကြောင်း။

မြန်မာ-တရုတ် နှစ်နိုင်ငံအကြား သမိုင်းကြောင်းကိုအခြေခံပြီး ၁၉၅၄ ခုနှစ်က ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေး မူကြီး (၅)ချက်ကို စာချုပ်ချုပ်ဆိုနိုင်ခဲ့ခြင်းသည် မျက်မှောက်ခေတ် နိုင်ငံတကာဆက်ဆံရေးသမိုင်းတွင် စံနမူနာတစ်ခုဖြစ်စေခဲ့ကြောင်း၊ ၁၉၅၅ ခုနှစ် ဘန်ဒေါင်းညီလာခံမှစတင်၍ မျက်မှောက်ခေတ်ကာလအထိ ကမ္ဘာ့ဖွံ့ဖြိုးဆဲ နိုင်ငံအများအပြားက ငြိမ်းချမ်းစွာအတူယှဉ်တွဲနေထိုင်ရေးမူကြီး (၅)ချက်ကို လက်ခံကျင့်သုံးနေကြသည်ကို ဝမ်းမြောက်ဂုဏ်ယူဖွယ် တွေ့မြင်ကြရမည်ဖြစ်ကြောင်း။

**❖ နှစ်နိုင်ငံပြည်သူများအတွက် ရေရှည်တည်တံ့သည့် ဘုံအကျိုးစီးပွားနှင့် ဒေသတွင်းတည်ငြိမ်စွာ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ-တရုတ် အနာဂတ် အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်မှုနှင့် သာယာဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို မြှင့်တင်နိုင်ရေးတို့ကို ဆက်လက်ကြိုးပမ်းအားထုတ်သွားမည်**

မြန်မာနိုင်ငံအနေဖြင့် နိုင်ငံတကာဆက်ဆံရေး နယ်ပယ်တွင် တရုတ်တစ်နိုင်ငံတည်း မူဝါဒကိုအခြေခံကျသည့် မူဝါဒအဖြစ် ခိုင်ခိုင်မာမာ ကျင့်သုံးလျက်ရှိကြောင်း၊ ထို့အပြင် တရုတ်ပြည်သူ့သမ္မတနိုင်ငံကို ၁၉၇၁ ခုနှစ်က ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ရေးအတွက်လည်း အပြည့်အဝထောက်ခံပေးခဲ့ကြောင်း၊ ရှေ့ဆက်၍လည်း နှစ်နိုင်ငံ မိတ်ဖက်ဆက်ဆံရေးကို ပိုမိုခိုင်မာစေရန်နှင့် ဒေသတည်ငြိမ်အေးချမ်းရေးကို အထောက်အကူဖြစ်စေရန်အတွက် တရုတ်တစ်နိုင်ငံတည်းမူဝါဒကို ဆက်လက်ကျင့်သုံးသွားမည်ဖြစ်သည်ကို ထပ်လောင်းအတည်ပြုပြောကြားလိုကြောင်း။

မျက်မှောက်ကာလတွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံသမ္မတကြီး ရှီကျင့်ဖျင်၏ ကမ္ဘာလုံးဆိုင်ရာ သဘောတရားများဖြစ်သည့် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေးသဘောထား၊ ကမ္ဘာလုံးဆိုင်ရာ လူသားယဉ်ကျေးမှုသဘောထား၊ ကမ္ဘာလုံးဆိုင်ရာ လုံခြုံရေးသဘောထား၊ ကမ္ဘာလုံးဆိုင်ရာ ဉာဏ်ရည်တု သဘောထားများသည် အနာဂတ်ကမ္ဘာ၏ ငြိမ်းချမ်းရေး၊ တည်ငြိမ်အေးချမ်းရေးနှင့် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်ရေး စသည်များကို ပိုမိုမြှင့်တင်နိုင်မည်ဟု ရှုမြင်ရသည့်အတွက် မြန်မာနိုင်ငံအနေဖြင့် ကြိုဆိုထောက်ခံသည်ကို ပြောကြားလိုပါကြောင်း။

မိမိတို့ နှစ်နိုင်ငံ၏ ဆက်ဆံရေးကို ပြည်သူများအကြား အပြန်အလှန်ဖလှယ်မှုများနှင့် ကဏ္ဍစုံတွင် အနီးကပ်ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် ၂၀၁၁ ခုနှစ်တွင် **“ဘက်စုံမဟာဗျူဟာမြောက်မိတ်ဖက်ဆက်ဆံရေး”**အဖြစ် အဆင့်မြှင့်တင်နိုင်ခဲ့ကြောင်း။

နှစ်နိုင်ငံဆက်ဆံရေး သမိုင်းတစ်လျှောက် သိသာထင်ရှားသည့် ဖြစ်ပေါ်တိုးတက်မှုများထဲမှ တစ်ခုမှာ ၂၀၂၀ ပြည့်နှစ်တွင် မြန်မာနိုင်ငံကို လာရောက်ခဲ့သည့် သမ္မတကြီး မစ္စတာရှီကျင့်ဖျင်၏ သမိုင်းဝင်ခရီးစဉ်ဖြစ်ကြောင်း၊ အဆိုပါ ခရီးစဉ်အတွင်း မြန်မာ-တရုတ် အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်ရန် သဘောတူညီခဲ့ကြကြောင်း၊ လက်ရှိအချိန်တွင် အဆိုပါသဘောတူညီချက်မှ နှစ်နိုင်ငံနှင့် ပြည်သူများအကျိုးအတွက် ခိုင်မာသည့် တိုးတက်ဖြစ်ထွန်းမှုများကို ဆောင်ကြဉ်းပေးလျက်ရှိနေပြီကို အားလုံးအသိပင်ဖြစ်ကြောင်း။

အခွင့်ကြုံခိုက် ယခုကဲ့သို့သမိုင်းဝင် အခါသမယတွင် မိမိတို့ နှစ်နိုင်ငံ၏ ဘုံရည်မှန်းချက်များ ပိုမိုတိုးတက်ဖြစ်ထွန်းလာစေရန်အတွက် တရုတ်နိုင်ငံနှင့်အတူ လက်တွဲအကောင်အထည်ဖော်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ထပ်လောင်းအတည်ပြု ပြောကြားလိုကြောင်း၊ ထို့အပြင် နှစ်နိုင်ငံပြည်သူများအတွက် ရေရှည်တည်တံ့သည့် ဘုံအကျိုးစီးပွားနှင့် ဒေသတွင်းတည်ငြိမ်စွာဖွံ့ဖြိုးတိုးတက်ရေးအတွက် မြန်မာ-တရုတ် အနာဂတ် အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်မှုနှင့် သာယာဖွံ့ဖြိုးတိုးတက်မှု အရှိန်အဟုန်ကို မြှင့်တင်နိုင်ရေးတို့ကို ဆက်လက်ကြိုးပမ်းအားထုတ်သွားမည်ဖြစ်သည်ကို ပြောကြားလိုကြောင်း။ **စာမျက်နှာ ၄ သို့ »»**




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် တရုတ်ရိုးရာဖျော်ဖြေရေးအဖွဲ့များအား ချီးမြှင့်ငွေများ ပေးအပ်စဉ်။

## ☆ မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းနှင့် တရုတ်-မြန်မာ စီးပွားရေး စင်္ကြံစီမံကိန်းများ အကောင်အထည်ဖော်သည့်နေရာတွင် အရေးပါသည့် ပထဝီဝင်အနေအထားတွင်ရှိနေ

## ☆ အဆိုပါစီမံကိန်းများကို ဆောလျင်စွာ အကောင်အထည်ဖော်ခြင်းအားဖြင့် နှစ်နိုင်ငံပြည်သူများ အတူတကွ စဉ်ဆက်မပြတ် သာယာဝပြော ဖွံ့ဖြိုးတိုးတက်နိုင်စေမည့် အခွင့်အလမ်းပေါင်းများစွာ ရရှိစေနိုင်လိမ့်မည်ဟု ယုံကြည်

## ☆ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံလမ်းကြောင်းတစ်လျှောက်တွင်ရှိသည့် မဟာဗျူဟာကျသော စီမံကိန်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ အဆင်ပြေချောမွေ့စွာ အကောင်အထည်ဖော်နိုင်ရန်အတွက် ဆက်လက်ပူးပေါင်းဆောင်ရွက်

»» စာမျက်နှာ ၃ မှ

မိမိအနေဖြင့် ပြီးခဲ့သည့် ၂၀၂၅ ခုနှစ် မေလအတွင်း ရုရှားနိုင်ငံ မော်စကိုမြို့တွင် ကျင်းပခဲ့သည့် မဟာမျိုးချစ်စစ်ပွဲကြီး အောင်ပွဲ နှစ်(၈၀)ပြည့် အထိမ်းအမှတ် အခမ်းအနားကို တက်ရောက်ခဲ့စဉ်ကာလအတွင်း တရုတ်နိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်နှင့် တွေ့ဆုံဆွေးနွေးခဲ့ကြောင်း၊ အဆိုပါ တွေ့ဆုံမှုတွင် စစ်မှန်သည့် မိတ်ဖက်ဆက်ဆံရေး၊ အပြန်အလှန်ယုံကြည်မှုနှင့် ရှိရင်းစွဲဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှုကိုအခြေခံပြီး နှစ်နိုင်ငံဆက်ဆံမှုတိုးမြှင့်ဆောင်ရွက်ရေး၊ ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ရေး၊ အေးအတူပူအမျှ အသိုက်အဝန်းတည်ဆောက်မှု အရှိန်အဟုန်ကို မြှင့်တင်ရေးနှင့် ဒေသတွင်း တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များတွင် ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်နှင့် ပတ်သက်ပြီး ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးနိုင်ခဲ့ကြောင်း။

ထို့ပြင် ၂၀၂၄ ခုနှစ် နိုဝင်ဘာလအတွင်းက တရုတ်နိုင်ငံ ကူမင်းမြို့တွင် ကျင်းပခဲ့သည့် (၈)ကြိမ်မြောက် မဟာမဲခေါင်ဒေသခွဲ ထိပ်သီးအစည်းအဝေး တက်ရောက်ခဲ့စဉ်ကလည်း မိမိအနေဖြင့် တရုတ်နိုင်ငံ ဝန်ကြီးချုပ် မစ္စတာလီချန်းနှင့် ရင်းရင်းနှီးနှီး တွေ့ဆုံဆွေးနွေးခဲ့ပြီး ရလဒ်ကောင်းများ ရရှိခဲ့ကြောင်း။

မြန်မာနိုင်ငံသည် တရုတ်နိုင်ငံ၏ ရပ်ဝန်းနှင့် ပိုးလမ်းမစီမံကိန်းနှင့် တရုတ်-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းများ အကောင်အထည်ဖော်သည့် နေရာတွင် အရေးပါသည့် ပထဝီဝင်အနေအထားတွင် ရှိနေကြောင်း၊ ထို့ကြောင့် အဆိုပါစီမံကိန်းများကို ဆောလျင်စွာ အကောင်အထည်ဖော်ခြင်းအားဖြင့် နှစ်နိုင်ငံပြည်သူများ အတူတကွ စဉ်ဆက်မပြတ် သာယာဝပြော ဖွံ့ဖြိုးတိုးတက်နိုင်စေမည့် အခွင့်အလမ်းပေါင်းများစွာ ရရှိစေနိုင်လိမ့်မည်ဟု ယုံကြည်ကြောင်း၊ တရုတ်-မြန်မာ စီးပွားရေးစင်္ကြံလမ်းကြောင်း တစ်လျှောက်တွင် ရှိသည့် မဟာဗျူဟာကျသော စီမံကိန်းများနှင့် ပူးပေါင်းဆောင်ရွက်မှုများ အဆင်ပြေချောမွေ့စွာ အကောင်အထည် ဖော်နိုင်ရန်အတွက် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားကြရန်လည်း တိုက်တွန်းမှာကြားလိုကြောင်း၊ တရုတ်နိုင်ငံ၏ မိမိတို့နိုင်ငံအပေါ်တွင် စဉ်ဆက်မပြတ် အပြုသဘောဆောင်သည့် ထိတွေ့ဆောင်ရွက်မှု၊ စိတ်ကောင်းစေတနာဖြင့် အားပေးထောက်ခံမှုများအတွက်လည်း များစွာ တန်ဖိုးထားကျေးဇူးတင်ရှိသည်ကို ပြောကြားလိုကြောင်း၊ မြန်မာနိုင်ငံ အရေးကိစ္စနှင့်ပတ်သက်၍ တရုတ်နိုင်ငံအနေဖြင့် နိုင်ငံတကာမျက်နှာစာတွင် ရပ်တည်ထောက်ခံ ပေးလျက်ရှိသည့်အတွက်လည်း ကျေးဇူးတင်ရှိကြောင်း။

မြန်မာနိုင်ငံ၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် အမျိုးသားပြန်လည်စည်းလုံးညီညွတ်ရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင် မြန်မာနိုင်ငံအစိုးရ၏ ကြိုးပမ်းအားထုတ်မှုများကို အားပေးထောက်ခံပြီး ပံ့ပိုးကူညီပေးလျက်ရှိသည်ကိုလည်း ကျေးဇူးတင်ရှိပါကြောင်း၊ ထိုသို့ တရုတ်နိုင်ငံ၏ ခိုင်မာသည့်ရပ်တည်ချက်သည် မိမိတို့နှစ်နိုင်ငံအကြားတွင်ရှိသည့် နက်ရှိုင်းသော ချစ်ကြည်ရင်းနှီးမှုနှင့် အပြန်အလှန်နားလည်မှုတို့ကို ထင်ဟပ်လျက်ရှိပါကြောင်း။

မိမိတို့ နှစ်နိုင်ငံပြည်သူများအကြား အေးအတူပူအမျှ အသိုက်အဝန်းမှ အတူမျှဝေခံစားသည့်စိတ်ဓာတ်၊ ခိုင်မာမြဲမြံသည့်ချစ်ကြည်ရင်းနှီးမှုကို ထင်ဟပ်စေသည်မှာ ၂၀၂၅ ခုနှစ်၊ မတ်လ ၂၈ ရက်က မန္တလေးမြေငလျင်ကြီး လှုပ်ခတ်မှုအပြီး ချက်ချင်း ၂၄ နာရီအတွင်း၌ တရုတ်နိုင်ငံက ရှာဖွေကယ်ဆယ်ရေးအဖွဲ့များကို စေလွှတ်ပေးခဲ့ခြင်းပင် ဖြစ်ကြောင်း၊ အရေးအကြီးဆုံးအချိန်(Golden Hour)၌ ရှာဖွေကယ်ဆယ်ပေးခဲ့ကြသည့် တရုတ်နိုင်ငံအစိုးရနှင့် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များကို မြန်မာပြည်သူများကိုယ်စား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါကြောင်းကို ဂုဏ်ပြုပြောကြားလိုကြောင်း၊ ၂၀၂၀-၂၀၂၁-၂၀၂၂ ခုနှစ်ကာလများအတွင်း၌လည်း ကမ္ဘာတစ်ဝန်းလုံး၌ ဖြစ်ပွားခဲ့သည့် ပြင်းထန်သော ကိုဗစ်-၁၉ ရောဂါကိုလည်း မြန်မာနိုင်ငံအနေဖြင့် ဆိုးရွားစွာခံစားခဲ့ရကြောင်း၊ အဆိုပါအချိန်တွင် တရုတ်ပြည်သူ့သမ္မတနိုင်ငံအနေဖြင့် ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးဆေးများ၊ ပစ္စည်းများ၊ အထူးသဖြင့် အောက်ဆီဂျင်နှင့် ထုတ်လုပ်ရေးဆိုင်ရာများတွင် အမြောက်အမြားကူညီပေးခဲ့ခြင်းကြောင့် မြန်မာပြည်သူများ ကိုဗစ်ရောဂါကင်းစင်ရေးအတွက် များစွာအထောက်အကူပေးခဲ့သည်ကိုလည်း ကျေးဇူးတင်ရှိခဲ့သည်ကို ထည့်သွင်းပြောကြားလိုပါကြောင်း။




မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စမာကျားက နှုတ်ခွန်းဆက်စကားပြောကြားစဉ်။

ထို့ပြင် မန္တလေးငလျင်ကြီးကြောင့် ပျက်စီးဆုံးရှုံးခဲ့မှုများတွင် ပြန်လည်ထူထောင်ရေးအတွက် အထောက်အကူပြုနိုင်ရန် တရုတ် ယွမ် ၁ ဒသမ ၁ ဘီလီယံ တန်ဖိုးရှိ အရေးပေါ်လူသားချင်းစာနာထောက်ထားမှုအကူအညီများကို ပေးအပ်ခဲ့ကြောင်း၊ အခက်ခဲဆုံးအချိန်တွင် ရရှိခဲ့သည့် ပထမဦးဆုံး ပြည်ပအကူအညီဖြစ်သည့် တရုတ်နိုင်ငံ၏ အချိန်မီပံ့ပိုးကူညီမှုများသည် မိမိတို့အစိုးရနှင့် ပြည်သူများအတွက် များစွာထိရောက်မှုရှိပြီး ခွန်အားဖြစ်စေခဲ့ကြောင်း။

ထိုကဲ့သို့ အချိန်တိုကာလအတွင်း ဆွေမျိုးပေါက်ဖော်ပီသသည့် ရိုင်းပင်းကူညီပေးမှုများအတွက် မြန်မာနိုင်ငံသားများကိုယ်စား အိမ်နီးချင်းကောင်း မိတ်ဆွေကောင်းဖြစ်သည့် တရုတ်နိုင်ငံအစိုးရနှင့်ပြည်သူများကို များစွာကျေးဇူးတင်ရှိပါကြောင်း၊ ထိုသို့ မွန်မြတ်သည့် ပံ့ပိုးကူညီမှု၊ နှစ်နိုင်ငံပြည်သူများအကြား စစ်မှန်သည့် ချစ်ကြည်ရင်းနှီးမှုနှင့် မြန်မာပြည်သူများနှင့်အတူ ရပ်တည်ပေးမှု၊ နွေးထွေးသည့် အကူအညီပေးမှုများသည် နှစ်နိုင်ငံချစ်ကြည်ရေးသမိုင်းတွင် မော်ကွန်းတင် ကျန်ရစ်နေမည်ဖြစ်ကြောင်း။

မြန်မာနိုင်ငံအနေဖြင့် အပြန်အလှန်လေးစားမှုနှင့် နှစ်နိုင်ငံ အကျိုးစီးပွားဖြစ်ထွန်းစေရေးမူဝါဒများ ထည့်သွင်းဖော်ပြထားသည့် အေးအတူပူအမျှ အသိုက်အဝန်း အတူတကွထူထောင်ရေးအတွက် တရုတ်နိုင်ငံနှင့်အတူ လက်တွဲဆောင်ရွက်သွားမည်ဖြစ်ပြီး နှစ်နိုင်ငံပြည်သူများ၏ ဘုံအကျိုးစီးပွားအတွက် ကဏ္ဍစုံ ပူးပေါင်းဆောင်ရွက်မှုများကို ပိုမိုနက်ရှိုင်းစေရေး တရုတ်နိုင်ငံနှင့်အတူ အနီးကပ် ပူးပေါင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို ထပ်လောင်းအတည်ပြုလိုကြောင်း။

ယခုကဲ့သို့ မင်္ဂလာအပေါင်းနှင့်ပြည့်စုံသည့် မြန်မာ-တရုတ် သံတမန်ဆက်ဆံရေးထူထောင်မှု(၇၅) နှစ်မြောက် စိန်ရတုအထိမ်းအမှတ်အခမ်းအနားတွင် မြန်မာနိုင်ငံနှင့် တရုတ်နိုင်ငံတို့အကြား ဆွေမျိုးပေါက်ဖော် ချစ်ကြည်ရင်းနှီးမှု ပိုမိုနက်ရှိုင်းစေရန်နှင့် မဟာဗျူဟာကျသည့် ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် အေးအတူပူအမျှအသိုက်အဝန်း ထူထောင်မှုအရှိန်အဟုန်ကို တိုးမြှင့်သွားမည်ဟူသည့် မြန်မာနိုင်ငံ၏ ခိုင်မာသည့်သန္နိဋ္ဌာန်ကို ထပ်လောင်းအတည်ပြု ပြောကြားလိုကြောင်း။

အနာဂတ် နှစ်နိုင်ငံအကြား တိုးတက်ကောင်းမွန်သည့် ဆက်ဆံရေးကို ရှေးရှုပြီး မြန်မာ-တရုတ် ချစ်ကြည်ရေး ထာဝရအဓွန့်ရှည် တည်တံ့ပါစေကြောင်း၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ စဉ်ဆက်မပြတ် ငြိမ်းချမ်းသာယာ ဖွံ့ဖြိုးတိုးတက်ပါစေကြောင်းကို ဆုမွန်ကောင်းတောင်းပါကြောင်း ပြောကြားသည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံ သံအမတ်ကြီးက နှုတ်ခွန်းဆက်စကားပြောကြားသည်။ ထို့နောက် မြန်မာ-တရုတ် နှစ်နိုင်ငံယဉ်ကျေးမှုအကအလှများ၊ တေးသီချင်းများဖြင့် ကပြသရုပ်ဖော်တင်ဆက်ပြသမှုများနှင့် မြန်မာ-တရုတ် နှစ်နိုင်ငံဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ ဖြစ်ပေါ်တိုးတက်မှု သမိုင်းကြောင်းမှတ်တမ်းဗီဒီယိုဖိုင်အားကြည့်ရှုကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြပြီး နှစ်နိုင်ငံပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ မှတ်တမ်းဓာတ်ပုံပြခန်းများကို လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမွဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အအုံများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာ အဆောက်အအုံများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ် မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမွဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ် အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ညစာစားပွဲအခမ်းအနား ကျင်းပ




**နေပြည်တော် ဇွန် ၈**

မြန်မာ-တရုတ် သံတမန်ဆက်ဆံရေး (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ညစာစားပွဲအခမ်းအနားကို ယနေ့ညနေ ၆ နာရီတွင် နေပြည်တော်ရှိ မင်္ဂလာသီရိဟိုတယ်၌ ကျင်းပရာ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ၊ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးများ၊ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊ ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်သံအမတ်ကြီး မစ္စမာကျား၊ ရန်ကုန်မြို့အခြေစိုက် နိုင်ငံခြားသံရုံးများမှ သံအမတ်ကြီးများ၊ သံရုံးအကြီးအကဲများ၊ သံတမန်များ၊ သက်ဆိုင်ရာဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသော ဧည့်သည်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက နှုတ်ခွန်းဆက်ဂုဏ်ပြုစကားပြောကြားရာတွင် မြန်မာ-တရုတ် နှစ်နိုင်ငံအကြား ခိုင်မာမြဲမြံသည့် သံတမန်ဆက်ဆံရေး ထူထောင်မှု (၇၅)နှစ်တာပြည့်မြောက်ခဲ့ပြီဖြစ်သည့် အတွက် ဂုဏ်ယူဝမ်းမြောက်ပါကြောင်းနှင့် နှစ်နိုင်ငံအကြား အပြန်အလှန်လေးစားမှု၊ သာတူညီမျှမှုနှင့် ငြိမ်းချမ်းစွာ အတူယှဉ်တွဲနေထိုင်ရေးမူဝါဒများကို အခြေခံကာ အိမ်နီးချင်းကောင်းမိတ်ဆွေနိုင်ငံများအဖြစ် ရပ်တည်လျက်ရှိမှုကို အလေးထားပြောကြားခဲ့သည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်က နှစ်နိုင်ငံဆက်ဆံရေးတွင် သိသာထင်ရှားသည့် သမိုင်းမှတ်တိုင်များဖြစ်သည့် ဘက်စုံမဟာဗျူဟာမြောက် ပူးပေါင်းဆောင်ရွက်မှု မိတ်ဖက်ဆက်ဆံရေးကို အဆင့်မြှင့်တင်နိုင်ခဲ့ခြင်းနှင့် အိမ်နီးချင်းနိုင်ငံများအကြား အေးအတူပူအမျှ အသိုက်အဝန်း ထူထောင်ရေးကို အခိုင်အမာ သဘောတူညီခဲ့မှုကို ဝမ်းမြောက်ဂုဏ်ယူကြောင်းနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် တရုတ်နိုင်ငံသမ္မတ မစ္စတာရှီကျင့်ဖျင်၊ ဝန်ကြီးချုပ် မစ္စတာလီချန်းတို့နှင့် တွေ့ဆုံမှုများ၏ ရလဒ်ကောင်းများ ဖြစ်သည့် သဘောတူညီချက်များကို ကြိုးပမ်းအကောင်အထည်ဖော်ရေး အတည်ပြုပြောကြားသည်။ ထို့ပြင် မန္တလေး ငလျင်လှုပ်ခတ်မှုအပြီး တရုတ်နိုင်ငံမှ အချိန်နှင့်တစ်ပြေးညီ ပေးအပ်ခဲ့သည့် အရေးပေါ်ကယ်ဆယ်ရေးနှင့် လူသားချင်းစာနာထောက်ထားမှု အကူအညီများ၊ ပြန်လည်ထူထောင်ရေး အစီအစဉ်များနှင့် မြန်မာနိုင်ငံ ငြိမ်းချမ်းရေး လုပ်ငန်းစဉ်အပေါ် ပံ့ပိုးကူညီမှုများအတွက် တရုတ်အစိုးရအား ကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက မန္တလေးငလျင် လှုပ်ခတ်ခဲ့ပြီး တရုတ်နိုင်ငံမှ အရေးပေါ်ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ စေလွှတ်ခဲ့မှုကို ကျေးဇူးတင်ရှိသည့် အနေဖြင့် မြန်မာအစိုးရမှပေးအပ်သည့် အမှတ်တရ ဂုဏ်ပြုတံဆိပ်များအား တရုတ်သံအမတ်ကြီး ထံသို့ လွှဲပြောင်းပေးအပ်သည်။

ယင်းနောက် မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံအမတ်ကြီး မစ္စမာကျားက နှုတ်ခွန်းဆက်စကား ပြန်လည်ပြောကြားရာတွင် နှစ်နိုင်ငံအကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် ကဏ္ဍစုံ မိတ်ဖက်ပူးပေါင်းဆောင်ရွက်မှုများ ဆက်လက်အကောင်အထည်ဖော်မည့် ကတိကဝတ်များကို ထည့်သွင်းပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် တရုတ် သံအမတ်ကြီးတို့က မြန်မာ-တရုတ် နှစ်နိုင်ငံသံတမန်ဆက်ဆံရေးထူထောင်မှု (၇၅)နှစ်မြောက် စိန်ရတုအထိမ်းအမှတ် ဂုဏ်ပြုကိတ်ကို လှီးဖြတ်ပေးကြပြီး တက်ရောက်လာကြသည့် ဧည့်သည်တော်များနှင့် မှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

ထို့နောက် တက်ရောက်လာကြသူများအား ညစာစားပွဲဖြင့် တည့်ခင်းဧည့်ခံပြီး သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် မြန်မာ-တရုတ် ချစ်ကြည်ရေးအသင်းတို့မှ ယဉ်ကျေးမှုအကအဖွဲ့များက အကအလှများဖြင့် ဖျော်ဖြေကြသည်။

ဖျော်ဖြေမှုများအပြီးတွင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးနှင့် တရုတ်သံအမတ်ကြီးတို့က နှစ်ဖက်အကအဖွဲ့များကို ဂုဏ်ပြုပန်းခြင်းနှင့် ဂုဏ်ပြုဆုငွေများ ပေးအပ်ကြပြီး အခမ်းအနားကို ရုပ်သိမ်းလိုက်သည်။

**သတင်းစဉ်**

# ပခုက္ကူမြို့၌ ငလျင်ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးရန်ပုံငွေပွဲအဖြစ် ဆယ့်နှစ်ပွဲဈေးသည်များ၏ စုပေါင်းဈေးရောင်းပွဲတော် ၁၂ ရက်ကြာ ကျင်းပမည်

**ပခုက္ကူ ဇွန် ၈**

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ ငလျင်ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေးရန်ပုံငွေပွဲအဖြစ် ဆယ့်နှစ်ပွဲဈေးသည်များ၏ စုပေါင်းဈေးရောင်းပွဲတော်ကို အမှတ်(၁၄)ရပ်ကွက်ရှိ သီဟိုဠ်ရှင်ဘုရားပွဲတော် ကျင်းပရာနေရာများ၌ ဇွန် ၇ ရက်မှ ၁၈ ရက်အထိ ၁၂ ရက်ကြာ ကျင်းပသွားမည်ဖြစ်ကြောင်း သိရသည်။

**စုပေါင်းရောင်းချ**

စုပေါင်းဈေးရောင်းပွဲတော်ကို ရန်ကုန်တိုင်းဒေသကြီးအတွင်းမှ ဈေးသည်များ၊ ဒေသခံဈေးသည်များ စုပေါင်းရောင်းချခြင်းဖြစ်ပြီး ပွဲတော်အတွင်း ခေတ်ပေါ် အဝတ်အထည် ဒီဇိုင်းအရောင်းဆိုင်များ၊ ချက်ပြုတ်ရေးသုံး ပစ္စည်းအရောင်းဆိုင်များ၊ အညာဒေသထွက် စားသောက်ကုန်နှင့် လူသုံးကုန်ပစ္စည်းအရောင်းဆိုင်များ၊ တောင်သူလယ်သမားသုံး ပစ္စည်းအရောင်းဆိုင်များ၊ ကလေးကစားစရာပစ္စည်းအရောင်းဆိုင်များ၊ မုန့်ဆိုင်တန်းများ၊ အပျော်ဆော့ကစားနိုင်သည့်နေရာများအပြင် ကလေးကစားကွင်းများပါဝင်ကြောင်း၊ ဒေသခံပြည်သူများနှင့် ရပ်နီးရပ်ဝေးမှ ပြည်သူများအနေဖြင့် လူသုံးကုန်နှင့် စားသောက်ကုန်ပစ္စည်းများ ဈေးနှုန်းချိုသာစွာဝယ်ယူရရှိနိုင်ရေး၊ ကလေးငယ်များနှင့်မိဘများ ပျော်ရွှင်စွာဖြတ်သန်းနိုင်စေရေး ရည်ရွယ်ကျင်းပပေးခြင်းဖြစ်ပြီး ပွဲတော်ကာလအတွင်း ဝယ်ယူအားပေးမှုမှ ရရှိလာသည့်ရန်ပုံငွေများကို ငလျင်ဘေးသင့်ဒေသများ ပြန်လည်ထူထောင်ရေး လုပ်ငန်းများအတွက် အသုံးပြုသွားမည်ဖြစ်ကြောင်း သိရသည်။

**ဘာမီသာ(ပခုက္ကူ)**



# တစ်ကျော့ပြန် ခေါင်းထောင်လာသော ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲသစ် အိုမီခရွန်(XEC)

**ဝင်းဇင် (သုတေသန)**

**ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်-၁၉ ရောဂါစောင့်ကြပ်ကြည့်ရှုခြင်းလုပ်ငန်းများကို စဉ်ဆက်မပြတ်ဆောင်ရွက်လျက်ရှိရာ ၂၀၂၅ ခုနှစ် မေလ ၂၅ ရက်နေ့မှ ဇွန်လ ၁ ရက်နေ့အထိ ရက်သတ္တပတ်အတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း ၁၇၇၈ ဦးအား စစ်ဆေးခဲ့ရာ ကိုဗစ်-၁၉ ရောဂါ အတည်ပြုလူနာသစ် ၁၇ ဦး တွေ့ရှိခဲ့ပြီး ရောဂါပိုးတွေ့ရှိမှု သုည ဒသမ ၉၆ ရာခိုင်နှုန်းရှိသည်။ အိမ်နီးချင်းနိုင်ငံများတွင် ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲသစ် အိုမီခရွန်(XEC)တွေ့ရှိမှု မြင့်တက်လျက်ရှိသဖြင့် ပြည်သူများအနေဖြင့် အထူးဂရုစိုက်ရန် လိုအပ်ပေသည်။**

၂၀၁၉ ခုနှစ် ဒီဇင်ဘာလတွင် စတင်ဖြစ်ပွားခဲ့သည့် ကိုဗစ်-၁၉ ရောဂါကို ကူးစက်ပျံ့နှံ့မှုနှင့် သေဆုံးမှုနှုန်း မြင့်မားလာသောကြောင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့ကြီးက ၂၀၂၀ ပြည့်နှစ် မတ်လ ၁၁ ရက်နေ့တွင် ကမ္ဘာ့ကပ်ရောဂါအဖြစ် ကြေညာခဲ့ရသည်။ ကိုဗစ်-၁၉ ရောဂါကြောင့် ကမ္ဘာတစ်ဝန်း၌ လူအမြောက်အမြားသေဆုံးပြီး စီးပွားရေးလုပ်ငန်းများစွာကိုလည်း ထိခိုက်ခဲ့သည်။ ကလေးများလည်း ပညာသင်ယူမှု နှောင့်နှေးခဲ့ရသည်။ လက်ရှိအချိန်အထိ ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲသစ် အိုမီခရွန်(XEC) ကူးစက်ပျံ့နှံ့နေဆဲပင် ဖြစ်သည်။

မြန်မာနိုင်ငံတွင်လည်း မတ်လ ၂၃ ရက်နေ့မှစ၍ အတည်ပြုလူနာနှစ်ဦး စတင်တွေ့ရှိခဲ့သည်။ ၂၀၂၀ ပြည့်နှစ် မတ်လ ၂၃ ရက်နေ့မှ ၂၀၂၅ ခုနှစ် ဇွန်လ ၁ ရက်နေ့အထိ ဓာတ်ခွဲစစ်ဆေးမှု ၁၂၅၇၈၉၂၃ ဦး ရှိပြီး အတည်ပြုလူနာ ၆၄၃၂၆၆ ဦးနှင့် သေဆုံးသူ ၁၉၄၉၄ ဦးရှိပါသည်။ မြန်မာနိုင်ငံတွင် ၂၀၂၄ ခုနှစ် အတွင်း ကိုဗစ်-၁၉ ရောဂါကူးစက်မှုနှုန်း ကျဆင်းလာခဲ့ပြီး သေဆုံးမှုမရှိခဲ့သော်လည်း လက်ရှိအချိန်တွင် အတည်ပြုလူနာများ ပြန်လည်တွေ့ရှိလာရသဖြင့် ပြည်သူများအနေဖြင့် ကိုဗစ်-၁၉ စည်းမျဉ်းများနှင့်အညီ လိုက်နာသွားလာနေထိုင်ရန် လိုအပ်ပေသည်။

### ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲသစ် အိုမီခရွန်(XEC)

ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲသစ် အိုမီခရွန်(XEC)သည် အိုမီခရွန် JN.1 မျိုးဆက်မှ ဆင်းသက်လာသော KS.1.1 နှင့် KP.3.3 ဗီဇပြောင်းမျိုးကွဲများ ပေါင်းစပ်ထားသည့် ဗီဇပြောင်းမျိုးကွဲ (Recombinant) ဖြစ်ပြီး ပထမဆုံးနမူနာကို ၂၀၂၄ ခုနှစ် ဇွန်လ ၂၆ ရက်နေ့တွင် ရယူခဲ့သည်။ ဗီဇပြောင်းမျိုးကွဲသစ် အိုမီခရွန်(XEC)သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)က စောင့်ကြည့်လျက်ရှိသော ဗီဇပြောင်းမျိုးကွဲ ခြောက်ခုအနက် တစ်ခုအပါအဝင်ဖြစ်ပြီး ၂၀၂၄ ခုနှစ် စက်တင်ဘာလ ၂၄ ရက်နေ့တွင် SARS-CoV-2 ဗီဇပြောင်းမျိုးကွဲတစ်ခုအဖြစ် သတ်မှတ်ခဲ့သည်။

ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ ထုတ်ပြန်ချက်အရ ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၉ ရက်နေ့အထိ နိုင်ငံပေါင်း ၅၀ မှ နမူနာ ၁၃၃၃၁ ခုကို တင်သွင်းခဲ့သည်။ ၂၀၂၄ ခုနှစ် အောက်တိုဘာလ စတုတ္ထပတ်နှင့် နိုဝင်ဘာလ ပထမပတ်တို့တွင် ကူးစက်မှုနှုန်း ၂၆ ဒသမ ၉ ရာခိုင်နှုန်းရှိခဲ့ရာမှ နိုဝင်ဘာလ တတိယပတ်နှင့် စတုတ္ထပတ်တို့တွင် ကူးစက်မှုနှုန်း ၃၆ ဒသမ ၈ ရာခိုင်နှုန်းအထိ ပျံ့နှံ့မှုသိသိသာသာ မြင့်တက်လာခဲ့သည်။ ဗီဇပြောင်းမျိုးကွဲသစ် အိုမီခရွန်(XEC)သည် ကမ္ဘာ့ကျန်းမာရေးအဖွဲ့(WHO)၏ ဒေသသုံးခု (အနောက်ပစိဖိတ်ဒေသ၊ ဥရောပဒေသ၊ အမေရိကန်ဒေသ)တွင် ပျံ့နှံ့မှုတိုးလာနေသော တစ်ခုတည်းသော ဗီဇပြောင်းမျိုးကွဲတစ်ခုဖြစ်သည်။




ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲသစ် အိုမီခရွန်(XEC)သည် လက်ရှိတွင် ကမ္ဘာတစ်ဝန်း စောင့်ကြည့်လျက်ရှိသော SARS-CoV-2 ဗီဇပြောင်းမျိုးကွဲတစ်ခုဖြစ်သည်။ ဗီဇပြောင်းမျိုးကွဲသစ် အိုမီခရွန်(XEC)ပျံ့နှံ့မှုနှုန်းသည် မြန်ဆန်သော်လည်း လူ့ခန္ဓာကိုယ်၏ ကိုယ်ခံစွမ်းအားကို ဝင်ရောက်နိုင်သည့် စွမ်းရည်နည်းပါးသည်။ ထို့ကြောင့် အိုမီခရွန်(XEC)သည် ဖြစ်ပွားမှုများ တိုးလာသော်လည်း အခြားမျိုးကွဲများထက် ပြင်းထန်မှုမရှိကြောင်း ထုတ်ပြန်ချက်များအရ သိရသည်။ သုတေသနမှတ်တမ်းများအရ အိုမီခရွန်(XEC)၏ ကူးစက်ပျံ့နှံ့မှုသည် အခြားအိုမီခရွန်မျိုးကွဲများနှင့် နှိုင်းယှဉ်ပါက လူထုကျန်းမာရေးအတွက် ကြီးမားသောအန္တရာယ်မရှိဟု သုံးသပ်ထားကြသည်။ ထို့ပြင် လက်ရှိထိုးနှံလျက်ရှိသော ကိုဗစ်-၁၉ ကာကွယ်ဆေးများသည်လည်း ဤမျိုးကွဲကို ခုခံနိုင်စွမ်း(cross-reactive) ရှိပြီး ရောဂါလက္ခဏာပြင်းထန်မှုနှင့် ပြင်းထန်ရောဂါအခြေအနေများကို ကာကွယ်နိုင်သည်။

### ဒေသတွင်းနိုင်ငံများကူးစက်ပြန့်ပွား

သို့သော် အိမ်နီးချင်းနိုင်ငံဖြစ်သော ထိုင်းနိုင်ငံ၌ အိုမီခရွန်မျိုးကွဲသစ်(XEC) ကူးစက်မှုနှုန်းသည် ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၁ ရက်နေ့မှ မေလ ၁၄ ရက်နေ့အထိ ရောဂါကူးစက်သူဦးရေ ၇၁၀၉၇ ဦး ရှိပြီး သေဆုံးသူ ၁၉ ဦးရှိကြောင်း ထိုင်းနိုင်ငံ၏ ရောဂါကာကွယ်ထိန်းချုပ်ရေးဌာန ထုတ်ပြန်ချက်များအရ သိရသည်။ ရောဂါဖြစ်ပွားမှုသည် ထိုင်းနိုင်ငံ၏ သင်္ကြန်ရေကစားပွဲ (Songkran) ကျင်းပသောကာလတွင် အမြင့်ဆုံးဖြစ်ခဲ့ပြီး ရောဂါဖြစ်ပွားသူဦးရေ တိုးတက်လာခဲ့သည်။ အလားတူ စင်ကာပူ၊ တရုတ်(ဟောင်ကောင်)၊ တရုတ်နိုင်ငံတို့တွင်လည်း ကူးစက်ပြန့်ပွားလျက်ရှိသည်။ စင်ကာပူနိုင်ငံ၌ ၂၀၂၅ ခုနှစ် မေလ ၃ ရက်နေ့အထိ ကိုဗစ်-၁၉ ရောဂါ ကူးစက်ခံရသူ ၁၄၂၀၀ အထိ ရှိခဲ့သည်။ အိုမီခရွန်မျိုးကွဲသစ် (XEC)သည် ရောဂါပြင်းထန်မှု နည်းပါးသော်လည်း ကူးစက်မှုနှုန်း မြန်ဆန်သည့်အတွက် သတိထား စောင့်ကြည့်သွားရန် လိုအပ်သည်။

### လိုက်နာဆောင်ရွက်ရန်လို

နှစ်ခြိုက်စွာ အိပ်စက်အနားယူခြင်းသည်လည်း ကိုယ်ခံအားစနစ် ကောင်းမွန်ရေးအတွက် များစွာ အရေးပါလျက်ရှိသည်။ အိပ်ရေးဝအောင် အိပ်စက်အနားယူခြင်းသည် ကိုယ်ခံအားစနစ်အတွက် အရေးပါသောဆဲလ်များ ထုတ်ပေးသည်။ လုံလောက်စွာ အိပ်စက်အနားယူခြင်းသည် ကူးစက်ရောဂါပိုးတိုက်ဖျက်ရာ၌ များစွာအရေးပါလျက်ရှိသည်။ ထို့ပြင် ကိုယ်လက်လှုပ်ရှားမှု ပုံမှန်ပြုလုပ်ခြင်းသည် နှလုံး၊ ကြွက်သားနှင့် အရိုးများ ကြံ့ခိုင်သန်မာရေး အတွက် များစွာအထောက်အကူပြုပေသည်။ ကိုယ်လက်လှုပ်ရှားမှုသည် စိတ်ခံစားမှုကိုလည်း ပိုမိုတိုးတက်စေသည်။ နေ့စဉ် မိနစ် ၂၀ ခန့် ကိုယ်လက်လှုပ်ရှားမှု လုပ်ဆောင်ခြင်းသည် ကိုယ်ခံအားစနစ် ပိုမိုကောင်းမွန်စေသည်။ ကျန်းမာကြံ့ခိုင်ပြီး သွက်သွက်လက်လက် လှုပ်ရှားခြင်းသည် သွေးလည်ပတ်မှု မြန်ဆန်စေသည့်အပြင် အလုပ်လုပ်ကိုင်နိုင်ရေးအတွက် ကိုယ်ခံအားစနစ် ပိုမိုကောင်းမွန်စေသည်။

လက်မှန်မှန်ဆေးကြောသည့် အလေ့အထသည် လွယ်မယောင်နှင့် ခက်ပါသည်။ မိသားစုတစ်စုသည် ယခင်ကတည်းက ကျန်းမာရေးအသိ၊ ကျန်းမာရေးသတိရှိမှသာလျှင် လက်ဆေးကြောသည့် အလေ့အထရှိနိုင်သည်။ အထူးသဖြင့် အိမ်သာမှထွက်ချိန်၊ အပြင်မှ ပြန်ရောက်ချိန်၊ ပစ္စည်းတစ်ခုခုကိုကိုင်တွယ်ပြီးချိန်တို့တွင် လက်ဆေးကြောရန် လိုပါသည်။ လက်ရှိကူးစက်ပျံ့နှံ့နေသည့် ကိုဗစ်-၁၉ ရောဂါပိုးသည် အရာဝတ္ထုများတွင် ကပ်ပြီး အသက်ရှင်သန်နိုင်သဖြင့် ထိုအရာဝတ္ထုများကို ထိတွေ့ကိုင်တွယ်ပြီး လက်ဆေးရန် မေ့လျော့နေမည်၊ ပျင်းရိနေမည်ဆိုလျှင် ရောဂါပိုးကူးစက်ခံရဖို့ ရာခိုင်နှုန်းအတော်လေး များနေပြီဖြစ်သည်။ လက်ဆေးကြောရာတွင်လည်း ဆပ်ပြာမပါဘဲ ရေနှင့်ဖြစ်သလို ဆေးကြောနေမည်ဆိုလျှင် ရောဂါပိုးအန္တရာယ်မှ ကာကွယ်နိုင်မည်မဟုတ်ချေ။ ထို့ကြောင့် ကျန်းမာရေးဌာနက အကြံပြုထားသည့်အတိုင်း လက်ကိုဆပ်ပြာ သို့တည်းမဟုတ် Handgel တို့ဖြင့် သေချာစွာ ပွတ်တိုက်ဆေးကြောသင့်ပါသည်။ ထိုသို့ပြုလုပ်ခြင်းသည် မိမိကျန်းမာရေးအတွက် လုပ်ဆောင်ခြင်းဖြစ်သလို မိမိမိသားစုနှင့် နိုင်ငံသားအားလုံး၏ ကျန်းမာရေးအတွက် လုပ်ဆောင်ခြင်းလည်းဖြစ်ပါသည်။

အထူးသဖြင့် နှာချေ၊ ချောင်းဆိုးခြင်းတို့ကို လက်ကိုင်ပဝါနှင့် တစ်ရှူးအုပ်ပြီးမှသာ လုပ်ဆောင်ခြင်း၊ အသုံးပြုပြီး တစ်ရှူးများကို အမှိုက်ပုံးထဲ စွန့်ပစ်ခြင်း၊ လူစည်ကားရာနေရာများသို့ မလွှဲမရှောင်သာသွားရမည်ဆိုလျှင် ပါးစပ်၊ နှာခေါင်းစည်း တပ်ထားခြင်း၊ ဖျားနာနေလျှင် အိမ်၌သာ အနားယူနေခြင်း၊ ဖျားနာပြီးမောနေလျှင်၊ အသက်ရှူကျပ်လျှင် ဆရာဝန်နှင့် ချက်ချင်းပြသခြင်း၊ ဖျားနာနေလျှင် ခရီးသွားလာမှုကို ရှောင်ရှားခြင်း၊ ဖျားနာနေသူများထံသို့ သွားရာမှ ပြန်လာလျှင် လက်ကို ဆပ်ပြာနှင့် စင်ကြယ်စွာ ဆေးကြောခြင်း၊ လုပ်ငန်းခွင်နှင့် နေအိမ်တွင် ပိုးသတ်ဆေးဖျန်းခြင်း စသည်တို့ကို မပျက်မကွက်လုပ်ဆောင်သင့်ပါသည်။

### တစ်ကျော့ပြန် ခေါင်းထောင်လာသော ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲသစ် အိုမီခရွန်(XEC)

ထို့ကြောင့် ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲသစ် အိုမီခရွန်(XEC) ကူးစက်မှုကို ကာကွယ်ရန်အတွက် ပါးစပ်နှင့်နှာခေါင်းစည်း တပ်ဆင်ခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊ လက်ကို မကြာခဏ စနစ်တကျဆေးကြောခြင်း၊ လူစုလူဝေးများကို ရှောင်ရှားခြင်းနှင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်ရန် အခြေခံလိုက်နာရမည့်အချက်များကို ဆက်လက်လိုက်နာကျင့်သုံးသွားရန် လိုအပ်မည်ဖြစ်သည်။ ထို့ပြင် အားဖြည့်ကာကွယ်ဆေး ထိုးနှံထားသူများတွင် ပြင်းထန် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားခြင်းမှ ကာကွယ်နိုင်သဖြင့် ကာကွယ်ဆေးလွှမ်းခြုံအောင် ပိုမိုဆောင်ရွက်ခြင်းဖြင့်လည်း တစ်ကျော့ပြန် ခေါင်းထောင်လာသော အိုမီခရွန်မျိုးကွဲသစ် (XEC) ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်မည်ဖြစ်ကြောင်း အကြံပြုရေးသားတင်ပြလိုက်ရပါသည်။ ။

> **“ကိုဗစ်-၁၉ ရောဂါ ဗီဇပြောင်းမျိုးကွဲသစ် အိုမီခရွန်(XEC) ကူးစက်မှုကို ကာကွယ်ရန်အတွက် ပါးစပ်နှင့် နှာခေါင်းစည်း တပ်ဆင်ခြင်း၊ တစ်ဦးနှင့်တစ်ဦး ခပ်ခွာခွာနေထိုင်ခြင်း၊ လက်ကို မကြာခဏ စနစ်တကျဆေးကြောခြင်း၊ လူစုလူဝေးများကို ရှောင်ရှားခြင်းနှင့် ကိုဗစ်-၁၉ ရောဂါကာကွယ်ရန် အခြေခံလိုက်နာရမည့်အချက်များကို ဆက်လက်လိုက်နာကျင့်သုံးသွားရန် လိုအပ်မည်ဖြစ်သည်။ ထို့ပြင် အားဖြည့်ကာကွယ်ဆေးထိုးနှံထားသူများတွင် ပြင်းထန် ကိုဗစ်-၁၉ ရောဂါ ဖြစ်ပွားခြင်းမှ ကာကွယ်နိုင်သဖြင့် ကာကွယ်ဆေးလွှမ်းခြုံအောင် ပိုမိုဆောင်ရွက်ခြင်းဖြင့်လည်း တစ်ကျော့ပြန် ခေါင်းထောင်လာသော အိုမီခရွန်မျိုးကွဲသစ် (XEC)ကူးစက်ပြန့်ပွားမှုကို ထိန်းချုပ်နိုင်မည်”**

# အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများဖြစ်သည့် ရာသီတုပ်ကွေးနှင့် ကိုဗစ်-၁၉ ရောဂါများ ကြိုတင်ကာကွယ်ရေး သတိပေးနှိုးဆော်ချက်

မိုးရာသီတွင် ရာသီတုပ်ကွေးရောဂါနှင့် ကိုဗစ်-၁၉ ရောဂါစသည့် အသက်ရှူလမ်းကြောင်းဆိုင်ရာ ကူးစက်ရောဂါများ ပိုမိုကူးစက်ဖြစ်ပွားနိုင်ပါသည်။ ကိုဗစ်-၁၉ ရောဂါအား ကမ္ဘာ့ကပ်ရောဂါအဖြစ် သတ်မှတ်ထားခြင်းမရှိတော့ဘဲ ရာသီတုပ်ကွေးရောဂါကဲ့သို့ ဒေသတွင်းပုံမှန်ကူးစက်ဖြစ်ပွားတတ်သည့် ရောဂါအဖြစ်သာ သတ်မှတ်ထားပါသည်။ လက်တလောတွင် မိမိတို့နိုင်ငံအတွင်း၌ အဆိုပါရောဂါများ ကူးစက်ဖြစ်ပွား/သေဆုံးမှုနှင့်စပ်လျဉ်း၍ စိုးရိမ်ဖွယ်ရာအခြေအနေမရှိသော်လည်း အဆိုပါရောဂါများ ဖြစ်ပွားမှုမှ ကြိုတင်ကာကွယ်နိုင်ရန် ပြည်သူလူထုအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်-

❖ လက်တလောအသက်ရှူလမ်းကြောင်းဆိုင်ရာ ရောဂါလက္ခဏာများဖြစ်သော ဖျားခြင်း၊ နှာစေးခြင်း၊ နှာချေခြင်း၊ ချောင်းဆိုးခြင်း၊ လည်ပင်းနာခြင်းစသည့် လက္ခဏာများ ရှိသူများအနေဖြင့် မိမိမှ အခြားသူများသို့ ကူးစက်မှုမရှိစေရေးအတွက်-
   (က) လူထူထပ်သောနေရာများသို့ သွားခြင်းမှ ရှောင်ကြဉ်ခြင်းနှင့် မဖြစ်မနေသွားရောက်ရန်ရှိပါက ပါးစပ်နှင့် နှာခေါင်းစည်း (Mask)အား စနစ်တကျဝတ်ဆင်ခြင်း၊
   (ခ) ပါးစပ်နှင့်နှာခေါင်းစည်း ဝတ်ဆင်ထားခြင်းမရှိချိန်၌ နှာချေ၊ ချောင်းဆိုးပါက လက်ကိုင်ပုဝါ/တံတောင်ကွေးဖြင့် လုံအောင်အုပ်၍ နှာချေ၊ ချောင်းဆိုးခြင်း၊
   (ဂ) ရောဂါလက္ခဏာပြင်းထန်ပါက နီးစပ်ရာဆေးရုံ/ကျန်းမာရေးဌာနသို့ ချက်ချင်းပြသ၍ ဆေးကုသမှုခံယူခြင်း။
❖ တစ်ကိုယ်ရေကာကွယ်ရေးနည်းလမ်းများဖြစ်သည့် လက်ကို ရေနှင့်ဆပ်ပြာ သို့မဟုတ် ရေမလိုလက်သန့်စင်ဆေးရည်(Hand sanitizer)ဖြင့် မကြာခဏ စနစ်တကျဆေးကြောခြင်း၊
❖ ကိုဗစ်-၁၉ ရောဂါကာကွယ်ဆေးများသည် ကိုဗစ်-၁၉ ရောဂါ မျိုးရိုးဗီဇကွဲများ ကူးစက်ဖြစ်ပွားခြင်းနှင့် ရောဂါလက္ခဏာပြင်းထန်မှုနှင့် အသက်ဆုံးရှုံးမှုတို့မှ ထိရောက်စွာ ကာကွယ်ပေးသည့်အတွက် ရောဂါကူးစက်ခံရပါက ရောဂါပြင်းထန်နိုင်ခြေနှင့် အသက်ဆုံးရှုံးနိုင်ခြေမြင့်မားသည့် အသက်အရွယ်ကြီးသူများ၊ ဆီးချိုရောဂါ၊ နာတာရှည်အဆုတ်ရောဂါ၊ ကင်ဆာရောဂါရှိသူများ၊ ကိုယ်ဝန်ဆောင်မိခင်များအနေဖြင့် ကိုဗစ်-၁၉ရောဂါ ထပ်ဆောင်းကာကွယ်ဆေးထိုးနှံမှုခံယူခြင်း။

ကျန်းမာရေးဝန်ကြီးဌာန

## ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း ပြည်တွင်းဘိလပ်မြေစက်ရုံများနှင့် အမှတ်(၂)သံမဏိစက်ရုံ (ပင်းပက်) ကြည့်ရှုစစ်ဆေး

နေပြည်တော် ဇွန် ၈

စက်မှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်းသည် ယနေ့နံနက်ပိုင်းတွင် ရှမ်းရိုးမ ဘိလပ်မြေစက်ရုံ၌ ဘိလပ်မြေထုတ်လုပ်မှု လုပ်ငန်းစဉ်အဆင့်ဆင့်၊ စက်ရုံမှထုတ်လုပ်လျက်ရှိသည့် ဘိလပ်မြေများ စမ်းသပ်စစ်ဆေးနေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး စက်စွမ်းအားပြည့် လည်ပတ်ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ရန်၊ လိုအပ်သော စက်အရန်ပစ္စည်းများနှင့် သွင်းအားစုများကို ကြိုတင်စုဆောင်းထားရန်နှင့် စက်ရုံအတွက် လိုအပ်သော လျှပ်စစ်ဓာတ်အားကို စက်ရုံအစီအစဉ်ဖြင့် ထုတ်လုပ်နိုင်ရေး ကြိုးစားဆောင်ရွက်ရန် မှာကြားသည်။



မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် သာစည်မြို့နယ် ပြည်ညောင်ရှိ အပါချီဘိလပ်မြေစက်ရုံ အစည်းအဝေးခန်းမ၌ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး စက်ရုံအနေဖြင့် စက်ရုံအတွက်လိုအပ်သော လျှပ်စစ်ဓာတ်အားကို စက်ရုံအစီအစဉ်ဖြင့် ထုတ်လုပ်နေပြီး ပိုလျှံလျှပ်စစ်ဓာတ်အားများကို နိုင်ငံတော်ဓာတ်အားပေးစနစ်သို့ ပို့လွှတ်နေသည့်အတွက် နိုင်ငံတော်အတွက် များစွာအကျိုးရှိသဖြင့် အလေးထားဆောင်ရွက်ရန်မှာကြားပြီး လျှပ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စက်ပစ္စည်းများ စစ်ဆေးပြုပြင်နေမှု၊ စက်ရုံအတွက် လိုအပ်သောလျှပ်စစ်ဓာတ်အား ထုတ်လုပ်နေမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

ယမန်နေ့ နံနက်ပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်နှင့်အတူ ရှမ်းပြည်နယ် တောင်ကြီးမြို့နယ်ရှိ အမှတ်(၂) သံမဏိစက်ရုံ (ပင်းပက်)၌ စက်ရုံတည်ဆောက်ရေးစီမံကိန်းမှ တာဝန်ရှိသူများနှင့်လည်းကောင်း၊ အမှတ်(၂)သံမဏိစက်ရုံ(ပင်းပက်)နှင့် ရှမ်းပြည်နယ်စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနတို့မှ ဝန်ထမ်းများနှင့်လည်းကောင်း၊ စက်ရုံမှူး၊ ရှမ်းပြည်နယ် စက်မှုကြီးကြပ်ရေးနှင့် စစ်ဆေးရေးဦးစီးဌာနမှူး၊ အလုပ်ရုံတာဝန်ခံများနှင့်လည်းကောင်း သီးခြားစီတွေ့ဆုံခဲ့သည်။

ထိုသို့တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက လှုပ်ခတ်ခဲ့သည့် မန္တလေးငလျင်ကြီးကြောင့် လူနေအိမ်များ၊ စက်ရုံ၊ အလုပ်ရုံများ၊ လမ်း၊ တံတား၊ သာသနိကအဆောက်အအုံများ များစွာပျက်စီးဆုံးရှုံးခဲ့သည့်အတွက် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ပြည်တွင်း၌ အရည်အသွေးပြည့်မီသည့် သံ၊ သံမဏိများ ထုတ်လုပ်နိုင်ရေး သတ်မှတ်ချက်များနှင့်ကိုက်ညီသည့် သံစိမ်းကုန်ကြမ်းများ အရေးကြီးလိုအပ်လျက်ရှိကြောင်း၊ ပြည်သူများအနေဖြင့် အရည်အသွေးပြည့်ဝသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံး သံနှင့် သံမဏိများ အသုံးပြုနိုင်ရေးအတွက် သံစိမ်းထုတ်လုပ်ခြင်းလုပ်ငန်းများ အမြန်ဆုံးစတင်ဆောင်ရွက်နိုင်ရေး ကြိုးစားဆောင်ရွက်ရန်မှာကြားပြီး ဝန်ထမ်းများအတွက် ထောက်ပံ့ငွေများပေးအပ်သည်။

မွန်းလွဲပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် Air Separation plant တွင် တပ်ဆင်ထားသည့်စက်ပစ္စည်းကိရိယာများအား ပြည်ပကျွမ်းကျင်ပညာရှင်များနှင့် စက်ရုံမှကျွမ်းကျင်ပညာရှင်များ ပူးပေါင်း၍ စစ်ဆေးပြုပြင်နေမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး တင်ပြချက်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## ဒုတိယဝန်ကြီးဦးရဲတင့် စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန ယာယီခရိုင်ရုံးမှဝန်ထမ်းများအား တွေ့ဆုံအားပေး



နေပြည်တော် ဇွန် ၈

ပြန်ကြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးရဲတင့်သည် ယနေ့နံနက်ပိုင်းက စစ်ကိုင်းခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ယာယီခရိုင်ရုံးသို့ ရောက်ရှိပြီး ခရိုင်ဦးစီးမှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံ၍အားပေးစကားပြောကြားကာ လုပ်ငန်းဆိုင်ရာများ မှာကြားသည်။

ထို့နောက် စစ်ကိုင်းတောင်ရိုးပေါ်ရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံကို သွားရောက် ကြည့်ရှုစစ်ဆေးပြီး ဇုန်နယ်မှူးနှင့် ဝန်ထမ်းများအား တွေ့ဆုံမှာကြားသည်။ စစ်ကိုင်းထပ်ဆင့်လွှင့်စက်ရုံသည် ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှု ကြီးကြီးမားမားမရှိဘဲ ပုံမှန်ထုတ်လွှင့်မှုများ ဆောင်ရွက်လျက်ရှိသည်။

မွန်းလွဲပိုင်းတွင် အမရပူရမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရုံးသို့ ရောက်ရှိပြီး ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများကို ကြည့်ရှုစစ်ဆေးကာ ဆောင်ရွက်ရန်ရှိသည်များကို မှာကြားသည်။ ခရီးစဉ်တွင် ဒုတိယဝန်ကြီးက ဝန်ထမ်းများနှင့် တွေ့ဆုံရာ၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ခံစားရမှုများ အတွက် အားပေးနှစ်သိမ့်ပြီး လုပ်ငန်းတာဝန်များကို ပုံမှန်ဆောင်ရွက်နေကြပြီဖြစ်ကြောင်း၊ စစ်ကိုင်းခရိုင်ရုံးမှ ကွယ်လွန်သွားသော ဝန်ထမ်းများအတွက် ရသင့်ရထိုက်သည့် ခံစားခွင့်များရရှိရေး အလေးထားဆောင်ရွက်ပေးရန်၊ ရွေးကောက်ပွဲအောင်မြင်ရေးအတွက် ပေးအပ်လာသည့် တာဝန်များထမ်းဆောင်နိုင်ရေး ကြိုတင်ပြင်ဆင်ထားကြရန်၊ နွေရာသီ မီးဘေးအန္တရာယ်ကာကွယ်ရေး သတိထားရန်၊ စက်ပစ္စည်းများ ပုံမှန်စစ်ဆေးထိန်းသိမ်းပြီး မပျက်စီးအောင် ဂရုစိုက်ရန်နှင့် ငလျင်ဒဏ်ကြောင့် ပျက်စီးမှုများကို လုပ်ထုံးလုပ်နည်းနှင့်အညီပြုပြင်ရေး၊ ဆုံးရှုံးမှုများအား စာရင်းမှပယ်ဖျက်နိုင်ရေး တို့ကို ဆောင်ရွက်သွားကြရန် မှာကြားသည်။ ထို့ပြင် ဒုတိယဝန်ကြီးက ဝန်ထမ်းများအား စားသောက်ဖွယ်ရာများနှင့် ထောက်ပံ့ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## ဒိုက်ဦးမြို့နယ်၌ နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်

ဒိုက်ဦး ဇွန် ၈

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ဒိုက်ဦးမြို့နယ် ဦးစီးမှူးရုံးတွင် ကွင်းဆင်းအဖွဲ့ ငါးဖွဲ့ရှိသည့်အနက် လဝကမှူး ဦးအောင်သိန်းငွေ ဦးဆောင်သော ကွင်းဆင်းအဖွဲ့သည် ယနေ့နံနက်ပိုင်းက ဒိုက်ဦးမြို့ အမှတ်(၆) မင်းတဲရပ်ကွက်ဓမ္မာရုံ၌ ရပ်ကွက်အတွင်းရှိ နိုင်ငံသားစိစစ်ရေးကတ် မပြုလုပ်ရသေးသော ပြည်သူများအား ပန်းခင်းစီမံချက် အဆင့်(၃) ဖြင့် ယနေ့နံနက်ပိုင်းမှစတင်၍ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိပြီး ကျန်ရှိသည့်ရပ်ကွက်နှင့် ကျေးရွာများသို့ ဆက်လက်ကွင်းဆင်းဆောင်ရွက်ပေးသွားမည် ဖြစ်ကြောင်း သိရသည်။

**ကျော်ကျော်(ပြန်/ဆက်)**

■

### နောက်နှစ်ရက်အတွက် ခန့်မှန်းချက်

နေပြည်တော် ဇွန် ၈

တနင်္သာရီတိုင်းဒေသကြီး၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)တို့တွင် မိုးပိုလာမည်။ **မိုး/ဇလ**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် အားကစားကွင်း၊ အားကစားရုံများ ကြည့်ရှုစစ်ဆေး



ရန်ကုန် ဇွန် ၈

မြန်မာနိုင်ငံအိုလံပစ်ကော်မတီဥက္ကဋ္ဌ အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက်ပိုင်းတွင် ရွှေပြည်သာမြို့နယ် နဝရတ်အားကစားကွင်းရှိ ဘောလုံးကွင်း၊ အမှတ်(၂) ရပ်ကွက်ရှိ မြို့နယ်အားကစားခန်းမ၌ ရွှေပြည်သာမြို့နယ် လက်ရွေးစင် မြန်မာ့သိုင်းအားကစားသမားများ၏ လေ့ကျင့်သရုပ်ပြသမှုကိုလည်းကောင်း၊ ဘောလုံးကွင်း၊ ဝန်ထမ်းအိမ်ရာများ၊ ရုံးခန်းများကိုလည်းကောင်း၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ် အားကစားနှင့် ကာယပညာဦးစီးဌာနရှိ အားကစားရုံ၊ ဘောလုံးကွင်း၊ ရေစင်နှင့် မြေနေရာတို့ကိုလည်းကောင်း လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များ မှာကြားသည်။

ယမန်နေ့ ညနေပိုင်းကလည်း ပြည်ထောင်စုဝန်ကြီးသည် ရန်ကုန်တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးဌေးအောင်၊ တာဝန်ရှိသူများနှင့်အတူ ရန်ကုန်မြို့အင်းယားလမ်းရှိ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်၌ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌများ၊ အမှုဆောင်များနှင့် တွေ့ဆုံသည်။

တွေ့ဆုံစဉ် ပြည်ထောင်စုဝန်ကြီးက အမှာစကားပြောကြား၍ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် ဥက္ကဋ္ဌက နှုတ်ခွန်းဆက်စကားပြောကြားပြီး မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် ဒုတိယဥက္ကဋ္ဌက (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ရွက်လှေပြိုင်ပွဲတွင် ပါဝင်ယှဉ်ပြိုင်နိုင်ရေးအတွက် ပြင်ဆင်ဆောင်ရွက်ထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြသည်။

ထို့နောက် မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ် ဥက္ကဋ္ဌက (၃၃)ကြိမ်မြောက် အရှေ့တောင်အာရှ အားကစားပြိုင်ပွဲ ရွက်လှေ Keelboat SSL 47 Class ပါဝင်ယှဉ်ပြိုင်နိုင်ရေးနှင့်စပ်လျဉ်း၍ လည်းကောင်း၊ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်ဒုတိယဥက္ကဋ္ဌက 6th OCA Athletes Forum သို့တက်ရောက်ရန် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာနမှ အမည်စာရင်းရွေးချယ်ထားခြင်းနှင့် စပ်လျဉ်း၍လည်းကောင်း ရှင်းလင်းတင်ပြကြပြီး အထွေထွေကိစ္စရပ်များကို တင်ပြဆွေးနွေးကြရာ ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ်အမှာစကားပြောကြား၍ မြန်မာနိုင်ငံရွက်လှေအဖွဲ့ချုပ်ရှိ မြေနေရာနှင့် လှေဆောက်လုပ်သည့် မိုရုံတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရှမ်းပြည်နယ်ဝန်ကြီးချုပ်ဖလား မြို့နယ်အလိုက် အသက် ၁၈ နှစ်အောက် အမျိုးသားဘောလုံးပြိုင်ပွဲဆုချီးမြှင့်ပွဲ ကျင်းပ



တောင်ကြီး ဇွန် ၈

၂၀၂၅ ခုနှစ် ရှမ်းပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဖလားမြို့နယ်အလိုက် အသက် ၁၈ နှစ်အောက်အမျိုးသားဘောလုံးပြိုင်ပွဲ ဆုချီးမြှင့်ပွဲကို ယမန်နေ့ မွန်းလွဲ ၃ နာရီက တောင်ကြီးမြို့ ပြည်နယ်အားကစားကွင်း၌ ကျင်းပသည်။

ဦးစွာ ဗိုလ်လုပွဲစဉ်အဖြစ်ရပ်စောက်မြို့နယ်အသင်းနှင့်တာချီလိတ်အသင်းတို့ ယှဉ်ပြိုင်ကစားနေမှုကိုရှမ်းပြည်နယ်ဝန်ကြီးချုပ်ဦးအောင်အောင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့်ဌာနဆိုင်ရာများ၊ ပညာရေးဒီဂရီကောလိပ်မှ သင်တန်းသား သင်တန်းသူများ၊ သူနာပြုသင်တန်းကျောင်းမှ သင်တန်းသူများ၊ အား/ကာသိပ္ပံ(တောင်ကြီး)မှ ကျောင်းသား ကျောင်းသူများ၊ ဒေသခံပြည်သူများ၊ အားကစားဝါသနာရှင်များ ကြည့်ရှုအားပေးကြပြီး တာချီလိတ်အသင်းမှ အနိုင်ရရှိသွားသည်။

ဆက်လက်၍ဆုချီးမြှင့်ပွဲကျင်းပရာ ပူးတွဲတတိယဆုရရှိသောဟိုပုံးမြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့်ငွေသားဆုများကိုရှမ်းပြည်နယ်ရဲတပ်ဖွဲ့မှူးကလည်းကောင်း၊ ပူးတွဲတတိယဆုရရှိသောပင်းတယမြို့နယ်အသင်းအားတစ်ဦးချင်းဆုတံဆိပ်နှင့်ငွေသားဆုများကိုပြည်နယ်ဥပဒေချုပ်ကလည်းကောင်း၊ ဒုတိယဆုရရှိသောရပ်စောက်မြို့နယ်အသင်းအား တစ်ဦးချင်းဆုတံဆိပ်နှင့် ငွေသားဆုကိုပြည်နယ်တိုင်းရင်းသားရေးရာဝန်ကြီးက လည်းကောင်း ပေးအပ်ချီးမြှင့်သည်။

ထို့နောက်အကောင်းဆုံး အားကစားသမားဆုကိုချီးမြှင့်ရာ ဂိုး၊ နောက်တန်း၊ အလယ်တန်း အကောင်းဆုံးဆုရရှိသည့် အားကစားသမားအားဆုတံဆိပ်နှင့် ငွေသားဆုကို ပြည်နယ်လူမှုရေးရာဝန်ကြီးကလည်းကောင်း၊ ရှေ့တန်းအကောင်းဆုံးဆုနှင့် ပွဲစဉ်တစ်လျှောက် အကောင်းဆုံးဆုရရှိသည့် အားကစားသမားအား ပြည်နယ်သယံဇာတရေးရာဝန်ကြီးက လည်းကောင်းချီးမြှင့်သည်။

ယင်းနောက် ပထမဆုရရှိသော တာချီလိတ်မြို့နယ် အသင်းအား တစ်ဦးချင်းဆုတံဆိပ်၊ ငွေသားဆု၊ ပထမဆုဖလားတို့ကို ရှမ်းပြည်နယ်ဝန်ကြီးချုပ် ဦးအောင်အောင်က ချီးမြှင့်ပေးခဲ့ကြောင်း သိရသည်။

**မောင်မောင်သန်း(တောင်ကြီး)**



# လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ်၌အခွန်ဆိုင်ရာ အသိပေးဗီနိုင်းချိတ်ဆွဲထားရှိမှုအား ကွင်းဆင်းဆောင်ရွက်

ရန်ကုန် ဇွန် ၈

ရန်ကုန်တိုင်းဒေသကြီး လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်၌ ပြေစာအမှတ် တံဆိပ်ကပ်ရောင်းချရသော ဆိုင်များတွင် အခွန်ဆိုင်ရာ အသိပညာပေး ကြေညာချက် ဗီနိုင်းချိတ်ဆွဲခြင်းကို ယမန်နေ့ မွန်းလွဲပိုင်းကကွင်းဆင်းဆောင်ရွက်သည်။

အဆိုပါကွင်းဆင်းဆောင်ရွက်ရာတွင် လှိုင်သာယာ(အနောက်ပိုင်း) မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးထွန်းထွန်းလင်းနှင့် မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးဝင်းနိုင် ဦးဆောင်၍ မြို့နယ်စည်ပင်သာယာရေးအဖွဲ့၊ မြို့နယ်ရဲတပ်ဖွဲ့နှင့် မြို့နယ် စီမံကိန်းရေးဆွဲရေးဦးစီးဌာနပူးပေါင်းအဖွဲ့တို့သည် လှိုင်သာယာ(အနောက်ပိုင်း)မြို့နယ်အတွင်းရှိ ပြေစာအမှတ်တံဆိပ် ကပ်နှိပ်ရောင်းချသောဆိုင်များတွင် ''နိုင်ငံသားများပီသစွာ၍ဆိုင်တွင်အခွန်ဆောင်ပါ''ဟူသော ကြေညာချက်ကိုပြည်သူများကျယ်ကျယ်ပြန့်ပြန့် သိရှိစေရေး ထပ်မံချိတ်ဆွဲခြင်း၊ စစ်ဆေးခြင်းများကို ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# ညောင်ဦးမြို့နယ်၌ ကျေးလက်ရေရရှိရေးလုပ်ငန်းများ အောင်မြင်စွာ ဆောင်ရွက်ပြီးစီးရေး ရေကော်မတီဝင်များနှင့် ညှိနှိုင်းဆွေးနွေး



ညောင်ဦး ဇွန် ၈

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ် ငွေလုံးငွေရင်း(မူလ)ခွင့်ပြုရန်ပုံငွေဖြင့် ကျေးရွာရှစ်ရွာ၌ ကျေးလက်ရေရရှိရေး လုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိရာ အဆိုပါ လုပ်ငန်းများကို သတ်မှတ်စံချိန်စံညွှန်းများနှင့်အညီ အောင်မြင်စွာ ဆောင်ရွက်ပြီးစီးရေး လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဇွန် ၆ ရက်က ညောင်ဦးခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံး၌ ကျင်းပသည်။

ဦးစွာ ညောင်ဦးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုး တိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးညီညီဦးက ကျေးလက်ရေရရှိရေးလုပ်ငန်း ဆောင်ရွက်ပြီးစီးပါက ရရှိမည့်အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် တက်ရောက်လာသည့် ကျေးရွာရှစ်ရွာမှ ရေကော်မတီဝင်များက မိမိတို့ကျေးရွာအလိုက် အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျေးလက်ရေရရှိရေးလုပ်ငန်းများနှင့် ပတ်သက်ပြီး သတ်မှတ်ကာလအတွင်း အချိန်မီပြီးစီးရေး၊ လုပ်ငန်းအရည်အသွေးများ ပြည့်မီရေး ပူးပေါင်းဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးတင်ပြကြရာ မြို့နယ်ဦးစီးမှူးက လိုအပ်သည်များကို ဖြည့်စွက် ဆွေးနွေးပြောကြားသည်။

ညောင်ဦးမြို့နယ်၌ ၂၀၂၅ - ၂၀၂၆ ဘဏ္ဍာနှစ်တွင် ငွေလုံးငွေရင်း(မူလ) ခွင့်ပြုရန်ပုံငွေကျပ် ၂၇၁ ဒသမ ၃၀၀ သန်း အသုံးပြု၍ ကန်နီကြီးကျေးရွာ၊ ထနောင်းဝင်းကျေးရွာ၊ တောင်တောကျေးရွာ၊ ကန်တိန်ကျေးရွာ၊ စက်စက်ယိုကျေးရွာ၊ ရွာပုလဲကျေးရွာ၊ အောင်သာကျေးရွာနှင့် တယ်ပင်တဲကျေးရွာတို့တွင် ဒေသခံကျေးလက်နေပြည်သူများ သန့်ရှင်းသော သောက်သုံးရေ ရာသီမရွေး ဖူလုံစွာ ရေထုတ်ယူသုံးစွဲနိုင်ရန် စက်ရေတွင်းများအား ဆိုလာတပ်ဆင်ခြင်း၊ 10 HP ရေထုတ်ပန့်များ လဲလှယ်တပ်ဆင်ခြင်း၊ ရေပိုက်လိုင်းများ သွယ်တန်းခြင်း၊ မြေသားမိုးရေလှောင်ကန် ပြုပြင်ထိန်းသိမ်းခြင်း စသည့် ကျေးလက်ရေရရှိရေးလုပ်ငန်းများကို ဌာနက တာဝန်ယူ၍ ယခုနှစ် ဇွန် ၁ ရက်တွင် လုပ်ငန်းများ စတင်ဆောင်ရွက်လျက်ရှိပြီး အောက်တိုဘာလကုန်တွင် ရာနှုန်းပြည့်ပြီးစီးအောင် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**သန်းတင်အောင်(ကြေးမုံ)**

နေရောင်အောက်က သက်ရှိတွေကို စောင့်ရှောက်ဖို့ အိုဇုန်းလွှာကို ထိန်းသိမ်းစို့

# ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ စာရင်းစစ်ရုံးများမှ ဝန်ထမ်းသားသမီးများ ပညာသင်ထောက်ပံ့ငွေပေးအပ်

**နေပြည်တော် ဇွန် ၈**

ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဝန်ထမ်းသက်သာချောင်ချိရေးကော်မတီမှ ၂၀၂၅-၂၀၂၆ ပညာသင်နှစ်အတွက် ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး ဦးစီးဌာနများနှင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ စာရင်းစစ်ရုံးများရှိ ဝန်ထမ်းသားသမီးများ ပညာသင်ထောက်ပံ့ငွေပေးအပ်ခြင်းအခမ်းအနားကို ယနေ့နံနက် ၁၀ နာရီတွင် နေပြည်တော်ရှိ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံး၊ အဆင့်မြင့်စာရင်းကိုင်နှင့် စာရင်းစစ်သင်တန်းကျောင်း ချယ်ရီခန်းမ၌ ကျင်းပသည်။



**တက်ရောက်**

အခမ်းအနားသို့ ပြည်ထောင်စုစာရင်းစစ်ချုပ် ဒေါက်တာခင်နိုင်ဦး၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ တာဝန်ရှိသူများ၊ ကျောင်းသားမိဘများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုစာရင်းစစ်ချုပ်က မိဘများအနေဖြင့် သားသမီးများ ပညာတတ်မြောက်စေရေး၊ ဗလငါးတန်နှင့်ပြည့်ဝသော လူငယ်များဖြစ်စေရေး ရည်မှန်းချက်ထားရှိရမည်ဖြစ်ပြီး ကောင်းမွန်မှန်ကန်သောစိတ်ဓာတ်၊ မှန်ကန်သောလမ်းကြောင်းပေါ် လျှောက်လှမ်းနိုင်သူများဖြစ်အောင် ပြုစုပျိုးထောင်ပေးကြရန်လိုအပ်ပါကြောင်း၊ ကျောင်းသား ကျောင်းသူများအနေဖြင့် ပညာသင်ယူတတ်မြောက်မှသာ အသိပညာဗဟုသုတပြည့်စုံ၍ အဆိုးအကောင်းကို ဝေဖန်ပိုင်းခြားနိုင်သော အသိဉာဏ်ပညာရှိမည်ဖြစ်သဖြင့် ပညာကြိုးစားသင်ယူစေလိုကြောင်း တိုက်တွန်းပြောကြားသည်။

ထို့နောက် ပြည်ထောင်စုစာရင်းစစ်ချုပ်၊ ဒုတိယစာရင်းစစ်ချုပ်၊ အမြဲတမ်းအတွင်းဝန်နှင့် ညွှန်ကြားရေးမှူးချုပ်များက ကျောင်းသား ကျောင်းသူများကို ပညာသင်ထောက်ပံ့ငွေများပေးအပ်ရာ ကျောင်းသား ကျောင်းသူများကိုယ်စား Grade -11 တွင် ပညာသင်ကြားလျက်ရှိသည့် ကျောင်းသူတစ်ဦးက ကျေးဇူးတင်စကား ပြန်လည်ပြောကြားသည်။

၂၀၂၅-၂၀၂၆ ပညာသင်နှစ်တွင် ပညာသင်ကြားလျက်ရှိသော ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် ပြည်ထောင်စုနယ်မြေအတွင်းရှိ စာရင်းစစ်ရုံးများမှ ဝန်ထမ်းသားသမီးများဖြစ်သည့် တက္ကသိုလ်တက်ရောက်သူ ၁၃ ဦး၊ အထက်တန်းတက်ရောက်သူ ၃၀၊ အလယ်တန်းတက်ရောက်သူ ၄၁ ဦး၊ မူလတန်းတက်ရောက်သူ ၁၁၄ ဦး စုစုပေါင်း ၁၉၈ ဦးအတွက် ပညာသင်ထောက်ပံ့ငွေကျပ် ၇၃၄၀၀၀၀ ကို ထောက်ပံ့ပေးအပ်ခြင်းဖြစ်ပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်စာရင်းစစ်ချုပ်ရုံးများတွင်လည်း ဝန်ထမ်းသားသမီးများအတွက် ပညာသင်ထောက်ပံ့ကြေးများ ပေးအပ်ခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ကွမ်တာကျေးရွာ၌ တိုင်းရင်းသားရေးရာနှင့် လူငယ်ရေးရာအသိပညာပေးလုပ်ငန်းများ ဆောင်ရွက်

**ဘားအံ ဇွန် ၈**

တိုင်းရင်းသားရေးရာ အသိပညာပေးဟောပြောခြင်း၊ ရပ်ရွာအခြေပြု အသက်မွေးဝမ်းကျောင်းပညာလိုအပ်ချက်တို့ကို ဆန်းစစ်စီမံခြင်းနှင့် ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်ရေးရာ အသိပညာပေးခြင်း အစီအစဉ်ကို ယမန်နေ့နံနက်ပိုင်းက လှိုင်းဘွဲမြို့နယ် ကွမ်တာကျေးရွာ အခြေခံပညာအထက်တန်းကျောင်း(ခွဲ)ခန်းမ၌ ကျင်းပသည်။



ဦးစွာ တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာန ပြည်နယ်ညွှန်ကြားရေးမှူး ဦးကျော်စိုးက အမှာစကားပြောကြားပြီး တက်ရောက်လာကြသူများအား အမှတ်တရလက်ဆောင်ပစ္စည်းနှင့် ကျောင်းသား ကျောင်းသူများအတွက် တိုင်းရင်းသားဘာသာသင် ပုံပြ/ပုံပြင်စာအုပ်များနှင့် အားကစားပစ္စည်းများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် ပြည်နယ်ညွှန်ကြားရေးမှူးက တိုင်းရင်းသားလူမျိုးများ၏ အခွင့်အရေးကာကွယ်စောင့်ရှောက်သည့် ဥပဒေ၊ နည်းဥပဒေများ၊ တိုင်းရင်းသားစာပေနှင့်ယဉ်ကျေးမှု ဦးစီးဌာန ညွှန်ကြားရေးမှူး ဒေါ်ရီရီဝင်းက တိုင်းရင်းသားဘာသာသင် ဆရာ ဆရာမများခန့်ထားမှု အခြေအနေနှင့် တိုင်းရင်းသားစာပေနှင့် ယဉ်ကျေးမှုသင်တန်းများ ဖွင့်လှစ်မှုအခြေအနေများကို ရှင်းလင်းပြောကြားကာ တာဝန်ရှိသူများက သက်ဆိုင်ရာ ခေါင်းစဉ်များအလိုက် အသိပညာပေးဟောပြောကြသည်။

ထို့နောက် တိုင်းရင်းသားအခွင့်အရေးများ ကာကွယ်စောင့်ရှောက်ရေးဦးစီးဌာနမှ တက်ရောက်လာကြသော ကျောင်းသား ကျောင်းသူများအား ဗဟုသုတဉာဏ်စမ်းမေးခွန်းများမေးမြန်းပြီး ဖြေဆိုနိုင်သူ ကျောင်းသား ကျောင်းသူများအား အမှတ်တရလက်ဆောင်ပစ္စည်း ပေးအပ်ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**အောင်ဖြိုး(တိုင်းရင်းသား)**




# မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ ရပ်ကွက်စာကြည့်တိုက်များသို့ စာအုပ်၊ စာစောင်များနှင့် ပရိဘောဂများ ပေးအပ်လှူဒါန်း

**ရန်ကုန် ဇွန် ၈**

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်၌ တိုင်းဒေသကြီးအစိုးရအဖွဲ့မှ လှူဒါန်းရရှိခဲ့သော စာအုပ်၊ စာစောင်များနှင့် ပရိဘောဂများကို မြို့နယ်အတွင်းရှိ ရပ်ကွက်စာကြည့်တိုက်များသို့ ထပ်ဆင့်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ကျင်းပသည်။

**ပေးအပ်လှူဒါန်း**

ဦးစွာ မြို့နယ်စာကြည့်တိုက်များ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဝင်းဇော်က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန တာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်သိင်္ဂီပြည့်ဖြိုးက စာအုပ်၊ စာစောင်များနှင့် ပရိဘောဂများ လှူဒါန်းပေးအပ်ရခြင်း ရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ်စာကြည့်တိုက်များ ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးသိန်းဝင်းဇော်နှင့် မြို့နယ်တာဝန်ခံ ဒုတိယဦးစီးမှူး ဒေါ်သိင်္ဂီပြည့်ဖြိုးတို့က တိုင်းဒေသကြီးအစိုးရအဖွဲ့က လှူဒါန်းသော စာကြည့်တိုက်တစ်တိုက်လျှင် စာအုပ်တင်သံစင်တစ်စင်၊ ပလတ်စတစ်ထိုင်ခုံရှစ်လုံးနှင့် သုတ၊ ရသစာအုပ် ၄၁ အုပ်တို့ကို မြို့နယ်အတွင်းရှိ သက်ဆိုင်ရာရပ်ကွက်စာကြည့်တိုက်များမှ စာကြည့်တိုက်မှူးများအား ပေးအပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**သက်လွင်စိုး(ပြန်/ဆက်)**

# မူဆယ်မြို့၌ မိုးရာသီ ဒေသစိမ်းလန်းစိုပြည်ရေးအတွက် ပျိုးပင်များအခမဲ့ဖြန့်ဝေ

**မူဆယ် ဇွန် ၈**

ရှမ်းပြည်နယ်(မြောက်ပိုင်း) မူဆယ်မြို့နယ် သစ်တောဦးစီးဌာနအနေဖြင့် မိုးရာသီ ဒေသစိမ်းလန်းစိုပြည်ရေးအတွက် ပြည်သူလူထုထံ ပျိုးပင်များ အခမဲ့ဖြန့်ဝေခြင်းကို ဆောင်ရွက်ပေးလျက်ရှိသည်။



၂၀၂၅ ခုနှစ် မိုးရာသီ ဒေသစိမ်းလန်းစိုပြည်ရေးအတွက် လူထုဖြန့်ပျိုးပင်၁၄၀၀ ကို သစ်တောဦးစီးဌာန ရုံးဝင်းအတွင်းရှိ ပျိုးဥယျာဉ်တွင် အခမဲ့ဖြန့်ဝေပေးလျက်ရှိရာ ထင်းရှူး၊ ခါတော်မီ၊ ယူကလစ်၊ မဲဇလီ၊ သစ်လှ၊ မန်ဂျန်ရှား၊ ခရေပင်များကို လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။

မူဆယ်မြို့နယ်အတွင်းရှိ ခရိုင်/မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ တပ်ရင်းတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ပြည်သူ့စစ်တပ်ဖွဲ့များ၊ အသင်း/အဖွဲ့ဝင်များ၊ ရပ်ကွက်/ကျေးရွာအုပ်စု၊ ကျေးရွာပြည်သူများမှ တနင်္လာနေ့မှ သောကြာနေ့အထိ နံနက် ၉ နာရီမှ ညနေ ၅ နာရီအတွင်း လာရောက်ထုတ်ယူနိုင်ကြောင်း သိရသည်။

**ချယ်ရီမြေ(မူဆယ်)**



# မြဝတီမြို့နယ် ရေပူစမ်းကျေးရွာ ဘုရင့်နောင်စာကြည့်တိုက်သို့ စာအုပ် / စာစောင်များ ပေးအပ်လှူဒါန်း

**မြဝတီ ဇွန် ၈**

ကရင်ပြည်နယ် မြဝတီမြို့နယ်အတွင်းရှိ ရပ်ကွက်/ကျေးရွာနေပြည်သူများ စာဖတ်ရှိန်မြှင့်တင်ရေး၊ အသိပညာဗဟုသုတ တိုးပွားစေရေးနှင့် ကျေးရွာစာကြည့်တိုက် ရှင်သန်ဖွံ့ဖြိုးတိုးတက်စေရန်ရည်ရွယ်၍ စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းခြင်းကို ယနေ့နံနက် ၁၀ နာရီတွင် ရေပူစမ်းကျေးရွာရှိ ဘုရင့်နောင်စာကြည့်တိုက်၌ ဆောင်ရွက်သည်။

အဆိုပါ စာအုပ်/စာစောင်များ ပေးအပ်လှူဒါန်းရာတွင် မြဝတီခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်မာမာရီက စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်လာပါက စာပေဖတ်ရှုသူ လူငယ်များ၏ လက်ရုံးရည်၊ နှလုံးရည်များဖွံ့ဖြိုးတိုးတက်လာမည်ဖြစ်ပြီး အသိပညာဗဟုသုတ တိုးပွားလာစေနိုင်ကြောင်း ပြောကြားပြီး မြဝတီခရိုင် စာကြည့်တိုက်များဖောင်ဒေးရှင်း ဥက္ကဋ္ဌ ဦးစိုင်းထွန်းဝေက စာအုပ်/စာစောင်များ လှူဒါန်းရသည့် ရည်ရွယ်ချက်နှင့် စာအုပ်/စာစောင်များ ထိန်းသိမ်းဆောင်ရွက်ရမည့် လုပ်ငန်းအဆင့်ဆင့်ကို ရှင်းလင်းပြောကြားသည်။

**ပေးအပ်လှူဒါန်း**

ထို့နောက် မြဝတီခရိုင် စာကြည့်တိုက်များဖောင်ဒေးရှင်းဥက္ကဋ္ဌ ဦးစိုင်းထွန်းဝေက သုတ/ရသ စာအုပ်စာစောင် ၃၂၀ ကို ပေးအပ်လှူဒါန်းရာ ကျေးရွာစာကြည့်တိုက်ကော်မတီဝင်များက လက်ခံရယူခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# ကျောင်းပညာရေးဖြင့် မတက်ရောက်နိုင်သည့် ကလေးများ ကျောင်းပြင်ပပညာရေး၏ တန်းညှိပညာရေးအစီအစဉ်ဖြင့် တက်ရောက်နိုင်

TZT (MoE)

❀ **အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပသို့ ရောက်ရှိနေကြသည့် ကလေးများအတွက် တန်းညှိ ပညာရေးအစီအစဉ်ဖြစ်သော ကျောင်းပြင်ပ မူလတန်းပညာရေးနှင့် ကျောင်းပြင်ပ အလယ်တန်း ပညာရေးအစီအစဉ်များသည် နိုင်ငံအတွင်းအမှန်တကယ် ပထမအကြိမ် ပညာသင်ယူခွင့် ဆုံးရှုံး နစ်နာခဲ့ရသည့် ကလေးသူငယ်များအတွက် ဒုတိယအကြိမ်ကြိုးစားခွင့် ဖန်တီးပေးထားသည့် အခွင့်အလမ်းကောင်းတစ်ခုဖြစ်**

❀ **ကျောင်းပညာရေးသာမက ကျောင်းပြင်ပပညာရေးဖြင့် ဟန်ချက်ညီညီ စီစဉ်ဆောင်ရွက်ပေးခြင်းဖြင့် “Education for All” မှသည် “All for Education” အဖြစ်သို့ ဆောင်ရွက်နိုင်ကြရေးအတွက် ပညာရေးဝန်ကြီးဌာနအပါအဝင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ လုံခြုံရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ သင်ကြားရေးဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ နယ်စပ်ဒေသ၊ ကျေးရွာ၊ ရပ်ကွက်အလိုက် တာဝန်ရှိသူများ အားလုံးပူးပေါင်းဆောင်ရွက်**

နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံဥပဒေ(၂၀၀၈) ခုနှစ်၏ ပုဒ်မ ၂၈ (က) ပါ ပြဋ္ဌာန်းချက်ဖြစ်သည့် နိုင်ငံတော်သည် ပြည်သူများ၏ ပညာရေးနှင့် ကျန်းမာရေးတိုးတက်စေရေးတို့အတွက် အလေးထားဆောင်ရွက်ရမည်ဆိုသည့် ပြဋ္ဌာန်းချက်အရနှင့် အမျိုးသားပညာရေး ဥပဒေ ပုဒ်မ ၁၁၊ အခန်း (၅) တွင် နိုင်ငံတော်သည် အမျိုးသားပညာရေးစနစ် အကောင်အထည်ဖော်ရာတွင် -

(က) ကျောင်းပညာရေး၊

( ခ ) ကျောင်းပြင်ပပညာရေး၊

(ဂ ) ကိုယ်တိုင်သင်ယူပညာရေး

ဟူသည့် ပညာရယူနည်းများကိုကျင့်သုံး၍ ယင်းတို့ကို တစ်ခုနှင့်တစ်ခု ဆက်စပ်ဆောင်ရွက်ရမည်ဖြစ်ကြောင်း ဖော်ပြထားရှိပါသည်။

ပညာရေးဝန်ကြီးဌာနသည် နိုင်ငံတော်က ပြဋ္ဌာန်းထားသည့် အမျိုးသားပညာရေး ဥပဒေအရ အမျိုးသားပညာရေးစနစ်တွင် ပညာရယူနည်း သုံးနည်းဖြင့် အကောင်အထည်ဖော်ရန် ပြဋ္ဌာန်းချက်အရလည်းကောင်း၊ အမျိုးသားပညာရေးမဟာဗျူဟာ စီမံကိန်းပါ လုပ်ငန်းစဉ်များအရလည်းကောင်း ကျောင်းပြင်ပပညာရေးလုပ်ငန်းကို အကောင်အထည်ဖော်နိုင်ရန်အတွက် ပညာရေးဝန်ကြီးဌာန အောက်တွင် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဦးစီးဌာနကို ၂၀၁၆ ခုနှစ်အတွင်း ပြင်ဆင်ဖွဲ့စည်း ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

**ကျောင်းပညာရေး**

ကျောင်းပညာရေးဆိုသည်မှာ သင်ယူသူ၏ အသက်အရွယ်၊ သင်ယူရမည့်အချိန်ကာလ၊ နေရာ၊ အတန်း၊ ပညာရည်စစ်ဆေးတိုင်းတာမှုစနစ်နှင့် တိကျသော သင်ရိုးညွှန်းတမ်းဖြင့် သင်ကြားပေးသော ကျောင်းအခြေပြု မူကြိုပညာရေး၊ မူလတန်းပညာရေး၊ အလယ်တန်းပညာရေး၊ အထက်တန်းပညာရေး၊ နည်းပညာနှင့် သက်မွေးပညာရေး၊ အဆင့်မြင့်ပညာရေးစသည်တို့အကျုံးဝင်သည့်ပညာရေးဖြစ်သည်။

ကျောင်းပညာရေးကို အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော အခြေခံပညာဦးစီးဌာနသည် နှစ်စဉ်ဇွန်လအတွင်း ကျောင်းဖွင့်ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များနှင့်အညီ အခြေခံပညာကျောင်းများ ဖွင့်လှစ်နေပြီး မူလတန်း၊ အလယ်တန်းနှင့် အထက်တန်းဆင့် ပညာရပ်များကို သင်ကြားပေးလျက်ရှိပါသည်။ မူလတန်းအဆင့်သို့ တက်ရောက်မည့်သူများအနေဖြင့် အသက်အုပ်စု ငါးနှစ်ပြည့်ပြီးသူများသည် KG သို့လည်းကောင်း၊ အသက် ခြောက်နှစ်ပြည့်ပြီးသူများသည် Grade-1 သို့လည်းကောင်း တက်ရောက်ခွင့်ရရှိကြပါသည်။

**ကျောင်းပြင်ပ ပညာရေး**

ကျောင်းပြင်ပပညာရေးဆိုသည်မှာ သင်ရိုးညွှန်းတမ်းများကိုအခြေခံ၍ သင်ယူလိုသူများ ပညာရည်မြင့်မားလာစေရန် ကျောင်းပညာရေးစနစ်၏ ပြင်ပတွင် ပြင်ဆင်ပြောင်းလဲနိုင်သော နည်းလမ်းများဖြင့် စည်းရုံးသင်ကြားပေးသော ပညာရေးဖြစ်ပါသည်။

ကျောင်းပြင်ပပညာရေးကို အကောင်အထည်ဖော်ဆောင်နေသည့် ကျောင်းပြင်ပနှင့်တစ်သက်တာ ပညာရေးဦးစီးဌာနသည် နှစ်စဉ် ဇူလိုင်လအတွင်း ကျောင်းနေအရွယ်လွန်ကလေးများ (သတ်မှတ်အသက်အုပ်စုနှင့် ကိုက်ညီသူများ)ကို သက်ဆိုင်ရာ လျာထား မြို့နယ်သီးသီး၏ ကျောင်းပြင်ပပညာရေး စခန်းများတွင် တက်ရောက်သင်ယူခွင့်ရရှိရေး စီစဉ်ပေးလျက်ရှိပါသည်။ အဆိုပါစခန်းများသို့ ကျောင်းပြင်ပပညာရေး တက်ရောက်နေသည့် ကလေးများအပြင် ကျောင်းပညာရေးတက်ရောက်ရာမှ အကြောင်းအမျိုးမျိုးဖြင့် ဆက်လက်မတက်ရောက်နိုင်သည့် ကလေးများကိုလည်း သတ်မှတ်အုပ်စုအတွင်း ရောက်ရှိနေပါက လက်ခံသင်ကြားပေးလျက်ရှိနေပါသည်။

ကျောင်းပြင်ပပညာရေးသည် သင်ယူလိုသူတစ်ဦးချင်းစီအတွက် ပထမအကြိမ် ဆုံးရှုံးခဲ့ရသည့် အခွင့်အလမ်းကို ဒုတိယအကြိမ် အခွင့်အလမ်း (second chance) ပေးသည့် ပညာရေးဖြစ်သဖြင့် သမားရိုးကျဆောင်ရွက်ခြင်းမဟုတ်ဘဲ ပြုလွယ်ပြင်လွယ်အစီအစဉ်များဖြင့် နောက်ခံအခြေအနေမတူညီကြသော သင်ယူလိုသူများ၏လိုအင်ကို ဖြည့်ဆည်းပေးနေသည့်ပညာရေးအစီအစဉ်ကောင်းတစ်ခုပင်ဖြစ်ပါသည်။ ကျောင်းပြင်ပပညာရေးကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် သက်ဆိုင်ရာအုပ်ချုပ်ရေးအဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ၊ အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များ အချင်းချင်းနှင့် ပူးပေါင်းဆောင်ရွက်နိုင်သောဒေသများတွင် ပိုမိုထိရောက်မှုရှိနေကြောင်းကိုလည်း လေ့လာတွေ့ရှိရပါသည်။

**တန်းညှိပညာရေး**

တန်းညှိပညာရေး အစီအစဉ်ဆိုသည်မှာ ကျောင်းပြင်ပပညာရေး အစီအစဉ်အရ သင်ယူရရှိသည့် ပညာအဆင့်အတန်းကို ကျောင်းပညာရေး အဆင့်အတန်းများနှင့် အရည်အချင်း ညှိနှိုင်းသတ်မှတ်ပေးသော အစီအစဉ်တစ်ခုဖြစ်ပါသည်။

**အပြန်အလှန်ကူးပြောင်းသင်ကြားခွင့်**

နိုင်ငံတော်အစိုးရသည် အကြောင်းအမျိုးမျိုးကြောင့် ပညာရေးအခွင့်အလမ်းဆုံးရှုံးခဲ့ရသော ကလေးများ၊ ကျောင်းချိန်ကာလအတွင်း ကျောင်းမတက်၊ ကျောင်းမနေနိုင်ခဲ့သည့် ကျောင်းပြင်ပရောက် သက်လွန်ကလေးများကို ကျောင်းပြင်ပပညာရေးဖြင့် ပညာဆက်လက်သင်ယူနိုင်ခွင့်ရရှိစေရန် အတွက် ကျောင်းပြင်ပမူလတန်းပညာရေး (Non-Formal Primary Education - NFPE)နှင့် ကျောင်းပြင်ပအလယ်တန်းပညာရေး(Non-Formal Middle Education - NFME) အစီအစဉ်တို့ကို အကောင်အထည်ဖော် ဆောင်ရွက်ပေးလျက်ရှိနေပါသည်။

ကျောင်းပြင်ပမူလတန်းပညာရေး Level-1၊ Level-2 သင်ယူပြီးမြောက်ပါက အခြေခံပညာ ကျောင်းပညာရေးသို့ ဆက်လက်ကူးပြောင်းသင်ယူနိုင်ရန်အတွက် သက်ဆိုင်ရာဦးစီးဌာနနှင့် သက်ဆိုင်ရာ မြို့နယ်ပညာရေးမှူးတို့က လက်မှတ်ရေးထိုးပြီး သင်ယူပြီးမြောက်ခြင်း လက်မှတ်ထုတ်ပေးလျက်ရှိပါသည်။ ကျောင်းပြင်ပမူလတန်းပညာရေး Level-1 ပြီးမြောက်ပါက အခြေခံပညာမူလတန်းဆင့် Grade-4 သို့လည်းကောင်း၊ Level-2 ပြီးမြောက်ပါက အခြေခံပညာအလယ်တန်းဆင့် Grade-6 သို့လည်းကောင်း ဆက်လက်တက်ရောက် သင်ယူခွင့် ရရှိမည်ဖြစ်ပါသည်။

ကျောင်းပြင်ပအလယ်တန်းပညာရေးတွင် ပညာသင်နှစ် သုံးနှစ် ပြီးမြောက်မှသာလျှင် အောင်မြင်ပြီးမြောက်ကြောင်း လက်မှတ်ထုတ်ပေးပါသည်။ ၎င်းလက်မှတ်ဖြင့် အခြေခံပညာ အထက်တန်းဆင့် Grade- 10 သို့လည်းကောင်း၊ သက်မွေးပညာကျောင်းများသို့လည်းကောင်း ဆက်လက်တက်ရောက်သင်ယူနိုင်ခွင့် ရရှိမည်ဖြစ်ပါသည်။ နိုင်ငံသားတစ်ဦးအနေဖြင့် ကျောင်းပြင်ပပညာရေး အစီအစဉ်နှင့် အခြားပညာရေးအစီအစဉ်များအကြားတွင် အပြန်အလှန်ကူးပြောင်းသင်ယူနိုင်မည့် သာတူညီမျှအခွင့်အလမ်းများရရှိစေရန်အတွက် ရည်ရွယ်ဆောင်ရွက်ပေးနေသည့် ပညာရေး အစီအစဉ်တစ်ခုဖြစ်ပါသည်။

**ကျောင်းပြင်ပပညာရေး သင်ရိုးညွှန်းတမ်းများ အဆင့်မြှင့်ထားရှိမှု**

အခြေခံပညာစနစ်သစ်ပညာရေး KG+12 အရ အခြေခံပညာသင်ရိုးသစ်နှင့် ကိုက်ညီစေရေးအတွက် ကျောင်းပြင်ပပညာရေး သင်ရိုးညွှန်းတမ်းဆိုင်ရာ အလုပ်ရုံဆွေးနွေးပွဲများနှင့် ဌာနတွင်းဆွေးနွေးပွဲများကို ပြုလုပ်ခဲ့ပြီးနောက် ပြင်ဆင်၊ ဖြည့်စွက်ပြီးသော ကျောင်းပြင်ပမူလတန်းပညာရေး သင်ရိုး (မူကြမ်း)ကို ပညာရေးသုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန (သင်ရိုးညွှန်းတမ်းဗဟိုဌာန)တွင် စိစစ်တည်းဖြတ် ပြင်ဆင်ဖြည့်စွက်စေပြီးနောက် အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီသို့ဆက်လက်တင်ပြ အတည်ပြုချက်ရယူလျက် ၂၀၂၃-၂၀၂၄ ပညာသင်နှစ်မှစတင်၍ ကျောင်းပြင်ပ မူလတန်းပညာရေး သင်ရိုးညွှန်းတမ်းများအား အဆင့်မြှင့်တင်မှု ဆောင်ရွက်နိုင်ခဲ့ပါသည်။

ကျောင်းပြင်ပပညာရေး တက်ရောက်နေသည့် ကျောင်းသားတစ်ဦးချင်းစီ၏ အရည်အသွေး တိုးတက်စေရန်အတွက် ကျောင်းပညာရေးတွင် သင်ကြားနေသော သင်ရိုးညွှန်းတမ်း၏ နယ်ပယ်များဖြစ်သည့် အသိပညာ(Knowledge)၊ ကျွမ်းကျင်မှု (Skills)နှင့် စိတ်ဓာတ်မြင့်မားရေး (Attitude) တို့ ရရှိစေရန်အတွက်လည်း ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနသည် ပညာရေး သုတေသန၊ စီမံကိန်းနှင့် လေ့ကျင့်ရေးဦးစီးဌာန (သင်ရိုးညွှန်းတမ်းဗဟိုဌာနခွဲ)၊ စာတတ်မြောက်ရေး အထောက်အကူပြုပင်မအဖွဲ့နှင့် အခြေခံပညာဦးစီးဌာနမှ သင်ရိုးကျွမ်းကျင်သူများနှင့်ပူးပေါင်း၍ ကျောင်းပြင်ပမူလတန်းပညာရေးနှင့် ကျောင်းပြင်ပ အလယ်တန်းပညာရေး သင်ရိုးညွှန်းတမ်းအသစ်များကို အမျိုးသားသင်ရိုးညွှန်းတမ်းကော်မတီ၏ စိစစ်ခွင့်ပြုချက်များနှင့်အညီ ဘာသာရပ်ဆိုင်ရာ ပြဋ္ဌာန်းစာအုပ်အသစ်များ ပြုစုထုတ်ဝေနိုင်ခဲ့ပါသည်။

**ကျောင်းပြင်ပပညာရေးတက်ရောက်နိုင်သည့် အသက်ကန့်သတ်ချက်များ**


ကျောင်းပြင်ပ မူလတန်းပညာရေးသည် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းလုံးဝမနေခဲ့ဖူးသူ၊ ကျောင်းနေခဲ့သော်လည်းမူလတန်းပညာမပြီးဆုံးမီ ကျောင်းထွက်စောခဲ့သူ၊ အသက် ၁၀ နှစ်မှ ၁၄ နှစ်အတွင်း ကလေးများကို ဒုတိယအကြိမ် ပညာသင်ယူမှုအခွင့်အလမ်း ထပ်မံဖြည့်ဆည်းပေးရန်နှင့် ဆက်လက်သင်ယူခွင့်ရရှိစေရန် ရည်ရွယ်လျက်


စာမျက်နှာ ၁၁ သို့ ■

# မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေရာကွက်၍ မိုးကြီးမည်

နေပြည်တော် ဇွန် ၈

ယနေ့ညနေ ၄ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းရာမှ အားအလွန်ကောင်းနေခြင်းကြောင့် လည်းကောင်း၊ အရှေ့ဘက်မှရွေ့လျားလာသော လေပွေလှိုင်းများ၏ အရှိန်ကြောင့်လည်းကောင်း ယနေ့ညနေမှ ဇွန် ၁၅ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး အချို့ဒေသများတွင် ဒေသအလိုက်နှင့် နေရာကွက်၍ မိုးကြီးမည်။




**အကြံပြုချက်**

သို့ဖြစ်ပါ၍ မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ မိုးထစ်ချုန်းခြင်း၊ မိုးကြိုးပစ်ခြင်း၊ လျှပ်စီးလက်ခြင်း၊ မိုးသီးကြွေခြင်း၊ လျှပ်တစ်ပြက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်ပါသဖြင့် အဆိုပါဒေသများရှိ ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်၊ မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြု ရှောင်ရှားနိုင်ပါရန်နှင့် ပြည်တွင်း ရေကြောင်းသွားလာရေးနှင့် လေကြောင်းပျံသန်းရေးအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ပါရန် သတိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## ဇမ္ဗူသီရိမြို့နယ်၌ နွေစပါးစိုက်ခင်းအား ကွင်းဆင်းကြည့်ရှု

နေပြည်တော် ဇွန် ၈

သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ပြည့်စိုးနှင့် တာဝန်ရှိသူများက ဇမ္ဗူသီရိမြို့နယ် တဲကြီးကုန်းကျေးရွာရှိ လယ်ယာဂုဏ်ဆောင် စိုက်ပျိုးရေးနှင့် အထွေထွေစီးပွားရေးလုပ်ငန်း သမဝါယမအသင်းမှ အသင်းသား တောင်သူ ဦးကျော်မြင့်ဦး စိုက်ပျိုးထားသည့် နွေစပါး(ထိုင်းနံ့ကောက်) ဧက ၂၀ စိုက်ခင်းကို ယနေ့နံနက်ပိုင်းက ကွင်းဆင်းကြည့်ရှုအားပေးခဲ့သည်။



ထိုသို့ ကွင်းဆင်းကြည့်ရှုအားပေးရာတွင် သမဝါယမဦးစီးဌာနမှ ဒုတိယညွှန်ကြားရေးမှူးချုပ် ဦးအောင်ပြည့်စိုးက ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါးစီမံကိန်းလုပ်ငန်း အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် ပန်းတိုင်ရည်မှန်းချက်အထွက်နှုန်း မျိုးစပါးကို စိုက်ပျိုးရန်နှင့် သွင်းအားစု လိုအပ်ချက်များကို စိုက်ပျိုးချိန်မတိုင်မီ အသင်းသားတောင်သူများလက်ဝယ်သို့ ဖြန့်ဖြူးရရှိနိုင်ရေး ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်သွားရန် ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

နီလာ(ပြန်/ဆက်)

## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ ခြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH၊ NUG၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှုမပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏ သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

■ စာမျက်နှာ ၁၀ မှ

ဆောင်ရွက်ပေးသော လုပ်ငန်းစဉ်တစ်ရပ် ဖြစ်သည်နှင့်အညီ ကျောင်းပြင်ပမူလတန်း ပညာရေးတွင် ပညာသင်နှစ်ကာလ နှစ်နှစ်ဖြစ်သော NFPE Level 1 (ပထမဆင့်)နှင့် ဒုတိယဆင့် NFPE Level 2 (ဒုတိယဆင့်)တို့ကို တက်ရောက်နိုင်ပါသည်။

ထို့အတူ ကျောင်းပြင်ပအလယ်တန်းပညာရေးသည် အကြောင်းအမျိုးမျိုးကြောင့် အခြေခံပညာအလယ်တန်းဆင့်သို့ တက်ရောက်ရန် အခက်အခဲရှိသောကလေးများ၊ အခြေခံပညာကျောင်းများမှ အလယ်တန်းဆင့်မပြီးမီ ကျောင်းထွက်ခဲ့ရသော ၁၃ နှစ်မှ ၁၈ နှစ်အတွင်းရှိ ကလေးများကို အခြေခံပညာ အထက်တန်းအဆင့်သို့ ကူးပြောင်းသင်ယူနိုင်ရန်နှင့် အသက်မွေးဝမ်းကျောင်းသင်တန်းများသို့ တက်ရောက်ပြီး ဘဝရှေ့ရေးသာယာစေရန်အတွက် ဆောင်ရွက်ပေးနေသော အစီအစဉ်တစ်ရပ်ဖြစ်ပါသည်။

### ကျောင်းပြင်ပပညာရေး၏ ဝင်ခွင့်အတွက်စစ်ဆေးခြင်း

မူလတန်းပညာရေးကိုပြီးဆုံးအောင်မတက်ခဲ့ရသည့် ကလေးများသည် ကျောင်းပြင်ပမူလတန်းပညာရေးကို တက်ရောက်မည်ဆိုပါက အရည်အချင်းစစ်ဆေးလွှာ (Test Card)ဖြင့် စစ်ဆေးခံရမည်ဖြစ်ပြီး တာဝန်ရှိသူများက Level သတ်မှတ်ပေးပြီးနောက် သက်ဆိုင်ရာစခန်းတွင် သင်ကြားသင်ယူမှု ဆက်လက်ဆောင်ရွက်နိုင်မည် ဖြစ်ပါသည်။

ထို့အတူအလယ်တန်းပညာရေး မပြီးဆုံးသေးသောကလေးများသည်လည်း ကျောင်းပြင်ပ အလယ်တန်းပညာရေးကို တက်ရောက်မည်ဆိုပါက NFPE Level (2) ပြီးမြောက်သူနှင့် ပဉ္စမတန်းအောင်သူများသည် NFME Level – 1 သို့လည်းကောင်း၊ ဆဋ္ဌမတန်းအောင်သူများသည် NFME Level – 2 သို့လည်းကောင်း၊ သတ္တမတန်းနှင့် အဋ္ဌမတန်းအောင်သူများသည် NFME Level – 3 သို့လည်းကောင်း တက်ရောက်သင်ယူနိုင်ခွင့် ရရှိကြမည်ဖြစ်ပါသည်။

### ကျောင်းပြင်ပပညာရေး၏ အောင်မြင်မှုအသီးအပွင့်များ

ကျောင်းပြင်ပနှင့် တစ်သက်တာပညာရေးဦးစီးဌာနအသစ်ဖွင့်လှစ်ပြီးနောက် ၂၀၁၆-၂၀၁၇ ပညာသင်နှစ်မှ ၂၀၂၄-၂၀၂၅ ပညာသင်နှစ်အထိ ကျောင်းပြင်ပမူလတန်းကလေးငယ် ၅၄၂၈၀ ကိုလည်းကောင်း၊ ကျောင်းပြင်ပအလယ်တန်းပညာရေး ကလေးငယ် ၁၉၉၉ ဦးကိုလည်းကောင်း သင်ကြားသင်ယူခွင့်များရရှိစေခဲ့ပါသည်။ အထက်ဖော်ပြပါ ကျောင်းပြင်ပပညာရေးဖြင့် သင်ကြားသင်ယူခွင့်ရရှိခဲ့သော ကလေးငယ်များအနက် ထူးခြားအောင်မြင်ခဲ့သူများအနေဖြင့် ၂၀၁၆ မှ ၂၀၂၃ အထိ ကျောင်းပြင်ပမူလတန်း ပျိုးထောင်မှုမှ တစ်ဆင့် အခြေခံပညာအထက်တန်းအဆင့်အထိ တက်ရောက်နိုင်ခဲ့ပြီး တက္ကသိုလ်ဝင်တန်း အောင်မြင်ခဲ့သူ ၁၂၃ ဦးရှိခဲ့ပြီး ဖြစ်ပါသည်။

ဤနေရာတွင် စာရေးသူတင်ပြလိုသော အချက်တစ်ချက်ရှိပါသည်။ စာရေးသူ၏ ဆရာသမားတစ်ဦးဖြစ်သော ယခုအငြိမ်းစားဆရာမကြီးတစ်ဦးသည် ပညာရေးဝန်ကြီးဌာနတွင် တာဝန်ထမ်းဆောင်စဉ်ကာလ၌ “ Education for All” အရ “ လူတိုင်းအတွက် ပညာရေး” ဟု ဆိုနိုင်သကဲ့သို့ “All for Education” “ပညာရေးအတွက် လူအားလုံး တာဝန်ရှိကြောင်း” ပြောဆိုခဲ့သည်ကို ကြားသိခဲ့ရပါသည်။ ယခုအချိန်သည် အဆိုပါဆရာမကြီး ပြောခဲ့သလို ပညာရေးအတွက် အားလုံးတွင်တာဝန်ရှိနေသည်မှာ ပကတိအမှန်တရားတစ်ခုပင် ဖြစ်နေပါသည်။

အချုပ်အားဖြင့်ဆိုသော် အကြောင်းအမျိုးမျိုးကြောင့် ကျောင်းပြင်ပသို့ ရောက်ရှိနေကြသည့် ကလေးများအတွက် တန်းညှိပညာရေး အစီအစဉ်ဖြစ်သော ကျောင်းပြင်ပ မူလတန်းပညာရေးနှင့် ကျောင်းပြင်ပ အလယ်တန်းပညာရေးအစီအစဉ်များသည် နိုင်ငံအတွင်း အမှန်တကယ် ပထမအကြိမ်ပညာသင်ယူခွင့် ဆုံးရှုံးနစ်နာခဲ့ရသည့် ကလေးသူငယ်များအတွက် ဒုတိယအကြိမ် ကြိုးစားခွင့်ဖန်တီးပေးထားသည့် အခွင့်အလမ်းကောင်းတစ်ခုဖြစ်ပါသည်။ သို့ရာတွင် ဒုတိယအကြိမ်အခွင့်အလမ်းအား ကျောင်းပြင်ပရောက် ကလေးငယ်တိုင်းရရှိစေရန်မှာ သက်ဆိုင်ရာ အာဏာပိုင်အဖွဲ့အစည်းများ၊ ရပ်မိရပ်ဖများ၊ လုပ်ငန်းရှင်များ၊ မိဘ (သို့မဟုတ်) အုပ်ထိန်းသူများ၊ ဆရာဆရာမတို့၏ စေတနာမေတ္တာအရင်းခံဖြင့် ပူးပေါင်းဆောင်ရွက်နိုင်မှုတို့အပေါ်တွင် များစွာမူတည်နေကြောင်း စာရေးသူအနေဖြင့် တင်ပြလိုပါသည်။

အဆိုပါကလေးငယ်များ၏ ဒုတိယအကြိမ်အခွင့်အလမ်းကို ထပ်မံဆုံးရှုံးခဲ့ရပါက ကလေးငယ်အတွက်သာမက ၎င်း၏မိသားစုနှင့် ပတ်ဝန်းကျင်၊ ထိုမှတစ်ဆင့် နိုင်ငံတော်အတွက် ထိခိုက်ဆုံးရှုံးမှုများစွာ ရှိနေပါသဖြင့် ပြည်သူတစ်ရပ်လုံး၏ ပံ့ပိုးကူညီမှုဖြင့် ပစ္စုပ္ပန်နှင့် အနာဂတ်နိုင်ငံတော်ကြီးတွင် အစဉ်လေ့လာသင်ယူနေသည့် လူ့အဖွဲ့အစည်းဖြစ်လာစေရန်အတွက်သော်လည်းကောင်း၊ ဗလငါးတန်ဖွံ့ဖြိုး၍ နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်ရှိပြီး အကျင့်စာရိတ္တကောင်းမွန်သည့်လူငယ်များပေါ်ထွန်းလာစေရေးအတွက်သော်လည်းကောင်း ပညာရေးဝန်ကြီးဌာနအနေဖြင့် ကျောင်းပညာရေးသာမက ကျောင်းပြင်ပပညာရေးဖြင့် ဟန်ချက်ညီညီ စီစဉ်ဆောင်ရွက်ပေးခြင်းဖြင့် “Education for All” မှသည် “All for Education” အဖြစ်သို့ ဆောင်ရွက်နိုင်ကြရေးအတွက် ပညာရေးဝန်ကြီးဌာန အပါအဝင် အုပ်ချုပ်ရေးပိုင်းဆိုင်ရာ တာဝန်ရှိသူများ၊ လုံခြုံရေးပိုင်းဆိုင်ရာတာဝန်ရှိသူများ၊ သင်ကြားရေးဆရာဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ နယ်စပ်ဒေသ၊ ကျေးရွာ၊ ရပ်ကွက်အလိုက် တာဝန်ရှိသူများအားလုံးပူးပေါင်းဆောင်ရွက်ကြစေလိုပါကြောင်း တိုက်တွန်းရေးသားလိုက်ရပါသည်။ ။

# သမိုင်းဝင်မဟာရွှေသာလျောင်းဘုရားနှင့် ရတနာပုဏ္ဏဝရဒါဌာဓာတုစေတီယ စွယ်တော်မြတ်စေတီတော်၌ မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့သည့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းဆောင်ရွက်ထားရှိမှုကြည့်ရှု

**မန္တလေး ဇွန် ၈**

မန္တလေးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးအောင်ကျော်မိုးနှင့်အတူ ယနေ့နံနက်ပိုင်းက တံတားဦးမြို့နယ်ရှိ သမိုင်းဝင် မဟာရွှေသာလျောင်း (ပေါင်းလဲကြီး)ဘုရားနှင့် အမရပူရမြို့နယ်ရှိ မဟာဓမ္မရံသီကုန်းတော်မြတ်၌ တည်ထားသည့် ရတနာပုဏ္ဏဝရဒါဌာ ဓာတုစေတီယ စွယ်တော်မြတ်စေတီတော် (မန္တလေး)တို့သို့သွားရောက်၍ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးသည့် အပျက်အစီးများ ဖယ်ရှားရှင်းလင်းမှုကို ကြည့်ရှုစစ်ဆေးသည်။

**ဖြည့်ဆည်းဆောင်ရွက်**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် တံတားဦးမြို့နယ်ရှိ သမိုင်းဝင်မဟာရွှေသာလျောင်း (ပေါင်းလဲကြီး)ဘုရားသို့ရောက်ရှိပြီး မန္တလေးငလျင်ကြီးကြောင့် ပေါင်းလဲကြီးဘုရားဝင်းအတွင်းရှိ ထိခိုက်ပျက်စီးခဲ့သည့် အပျက်အစီးများကို ဖယ်ရှားရှင်းလင်းဆောင်ရွက်ထားရှိမှု၊ စေတီတိုက်မ၏ အရှေ့ဘက်ခြမ်းမှတွေ့ရှိခဲ့သည့် ပလ္လင်နှင့် တံကဲနှစ်ထပ်၊ သာဝကခြောက်ပါး၊ ထီးကိုင်ထားသော ဗြဟ္မာရုပ်တု နှစ်ခု၊ ခရုသင်းနှင့် သားမြီးယပ်ကိုင်ထားသော သိကြားရုပ်တစ်ခု တွဲလျက်ပါရှိသည့် ဌာပနာပစ္စည်း ကြေးဆင်းတုတော် တစ်ဆူအား မှတ်တမ်းမှတ်ရာများဖြင့် စနစ်တကျထိန်းသိမ်းဆောင်ရွက်ထားရှိမှုတို့ကိုကြည့်ရှုပြီး လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးသည်။



ယင်းနောက် အမရပူရမြို့နယ်ရှိ ရတနာပုဏ္ဏဝရဒါဌာ ဓာတုစေတီယ စွယ်တော်မြတ်စေတီတော် (မန္တလေး)သို့ရောက်ရှိပြီး တိုင်းဒေသကြီးဝန်ကြီးချုပ်အား စွယ်တော်စေတီတော်ဂေါပကအဖွဲ့ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ တာဝန်ရှိသူများက မန္တလေးငလျင်ကြီးကြောင့် စိန်ဖူးတော်၊ ထီးတော်ထိခိုက်ပျက်စီးခဲ့မှု၊ စနစ်တကျ သိမ်းဆည်းဆောင်ရွက်ထားရှိမှုနှင့် ဆက်လက်ဆောင်ရွက်မည့် အစီအမံများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လိုအပ်သည်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ငလျင်ဒဏ်ကြောင့် ပျက်စီးဆုံးရှုံးမှုများ ဖြစ်ပေါ်ခဲ့သည့်ဒေသများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများ အင်တိုက်အားတိုက် ဆက်လက်ဆောင်ရွက်လျက်ရှိ

**နေပြည်တော် ဇွန် ၈**

မြန်မာနိုင်ငံတွင် လှုပ်ခတ်ခဲ့သော မန္တလေးငလျင်ကြီးကြောင့် ထိခိုက်ပျက်စီးခဲ့ရသည့် နေရာများ၌ ကူညီကယ်ဆယ်ရေးနှင့် ပြန်လည်ထူထောင်ရေးလုပ်ငန်းများကို အဖွဲ့အစည်းအသီးသီးက ဒေသခံပြည်သူများနှင့်ပူးပေါင်း၍ အင်တိုက်အားတိုက် ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံနှင့် တာဝန်ရှိသူများသည် စစ်ကိုင်းမြို့ သောတပန်ရပ်ကွက် သကျဓိတာသီလရှင်စာသင်တိုက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို စက်ယန္တရားကြီးများဖြင့် အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းပေးနေမှုများကိုလည်းကောင်း၊ ပိုးတန်းရပ်ကွက် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော အမှတ်(၁)အခြေခံပညာအထက်တန်းကျောင်းရှိ သုံးထပ်ဆောင်အား ရှင်းလင်းနေမှုအခြေအနေများ၊ ရေသန့်စက်ထားရှိမည့် အဆောက်အအုံအသစ် ဆောက်လုပ်နေမှု အခြေအနေများနှင့် စာသင်ကျောင်းအတွင်း သန့်ရှင်းသာယာလှပရေး ဆောင်ရွက်ပြီးစီးမှု အခြေအနေများကိုလည်းကောင်း၊ မင်းလမ်းရပ်ကွက် ရတနာဗိမာန်ထူပါရုံရွှေကျောင်းတိုက်ရှိ ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော သာသနိကအဆောက်အအုံများကို စက်ယန္တရားကြီးများဖြင့် အရှိန်အဟုန်မြှင့် ဖယ်ရှားရှင်းလင်းပေးနေမှုများကို လည်းကောင်း၊ စီတီးရပ်ကွက် ငလျင်ဒဏ်ကြောင့် ပြိုကျပျက်စီးခဲ့သော ရာဇမဏိစူဠာ ကောင်းမှုတော်စေတီတော်မြတ်ကြီး၏ ပုရိဝုဏ်အတွင်း သာသနိကအဆောက်အအုံများ ဖယ်ရှားရှင်းလင်းပြီးစီးမှု အခြေအနေများနှင့် စေတီတော်ကြီး ပြန်လည်ပြုပြင်မွမ်းမံ တည်ဆောက်မည့် အခြေအနေများကိုလည်းကောင်း လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ပေါင်းစပ်ညှိနှိုင်းပေးသည်။

အလားတူ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင်နှင့် တာဝန်ရှိသူများသည် ကျောက်ဆည်မြို့ ဘူတာဝင်းအတွင်း၌ Modular Container House ဖြင့် ယာယီရုံး ဆောက်လုပ်ပြီးစီးမှုအခြေအနေနှင့် ရုံးလုပ်ငန်းများ ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ဘူတာပတ်ဝန်းကျင် သန့်ရှင်းသာယာလှပရေး၊ မီးရထားသံလမ်းတစ်လျှောက် အမှိုက်ကင်းစင်ရေးနှင့် အမှိုက်ပုံးများ စနစ်တကျထားရှိရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ထို့နောက် မြစ်သားမြို့နယ် လမ်းခွကျေးရွာရှိ အမှတ်(၇)အထည်စက်ရုံ (မြစ်သား)၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှုအခြေအနေများ၊ ချည်မျှင်နှင့် ချည်ထည်များထုတ်လုပ်နေမှု အခြေအနေများကိုလည်းကောင်း၊ ကူမဲမြို့ရှိ အခြေခံပညာအထက်တန်းကျောင်း(ကူမဲ)တွင် ယာယီကျောင်းဆောင်ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး ကျောင်းပတ်ဝန်းကျင် သန့်ရှင်းသာယာလှပစေရေးနှင့် ကျောင်းသား ကျောင်းသူများ ကောင်းမွန်စွာ ပညာသင်ကြားနိုင်စေရေးတို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ယင်းနောက် မြစ်သားမြို့နယ်အတွင်းရှိ ငလျင်ဘေးဒဏ်ကြောင့် ပျက်စီးသွားသော ဘုရားစေတီများ၊ သာသနိကအဆောက်အအုံများနှင့် လူနေအဆောက်အအုံများ ပြန်လည်ပြုပြင်တည်ဆောက်ရေးအတွက် လိုအပ်လျက်ရှိသော ဘိလပ်မြေ၊ သံချောင်းနှင့် အထပ်သားပြားများအား စက်ရုံထုတ်အထူးဈေးနှုန်းဖြင့် ရောင်းချပေးနေမှုအခြေအနေများနှင့် ကူမဲမြို့ရှိ ဋ္ဌေကြီးဘုန်းကြီးကျောင်း၌ ငလျင်ဒဏ်ကြောင့် ထိခိုက်ပျက်စီးမှု အခြေအနေများနှင့် ပြန်လည်ပြုပြင်ဆောင်ရွက်နေမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး သက်ပုံ စစ်ကိုင်းမြို့ အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းရှိ အဆောက်အအုံများ ရှင်းလင်းဖယ်ရှားနေမှုကို ကြည့်ရှုစစ်ဆေးစဉ်။



ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ ဒုတိယဗိုလ်ချုပ်ကြီး မျိုးသန့်နိုင် ကူမဲမြို့ အခြေခံပညာအထက်တန်းကျောင်း၌ ကျောင်းဆောင်ဆောက်လုပ်ပြီးစီးမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးစဉ်။

# ငလျင်ဘေးသင့်ဒေသပြည်သူများသို့ ရှာဖွေကယ်ဆယ်ရေးနှင့် ထောက်ပံ့ရေးလုပ်ငန်းများဆောင်ရွက်

**နေပြည်တော် ဇွန် ၈**

မြန်မာနိုင်ငံတွင် မတ် ၂၈ ရက်က လှုပ်ခတ်ခဲ့သော အင်အားအလွန်ပြင်းထန်သည့် ငလျင်ဒဏ်ကို ပြင်းထန်စွာခံစားခဲ့ရသော တိုင်းဒေသကြီး/ပြည်နယ် ခြောက်ခုတို့တွင် ဇွန် ၈ ရက်အထိ သေဆုံးသူ ၃၇၄၀၊ ထိခိုက်ဒဏ်ရာရရှိသူ ၅၁၀၄ ဦးနှင့် ပျောက်ဆုံးသူ ၆၆ ဦး ရှိသည်။

**ရှာဖွေကယ်ဆယ်**

မြန်မာနိုင်ငံမီးသတ်တပ်ဖွဲ့နှင့် ပြည်တွင်းပြည်ပမှ ရှာဖွေကယ်ဆယ်ရေးအဖွဲ့ဝင်များသည် လိုအပ်သည့်ဒေသများသို့ အချိန်နှင့်တစ်ပြေးညီ ရှာဖွေကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိပြီး အဆောက်အအုံများအတွင်း ပိတ်မိနေသူများအား ရှာဖွေကယ်ဆယ်ခဲ့ရာ ယနေ့အထိ အသက်ရှင်သူ ၆၅၃ ဦး ရှာဖွေကယ်ဆယ်ပေးနိုင်ခဲ့ပြီး သေဆုံးသူ ၈၁၈ ဦး ရှာဖွေပေးနိုင်ခဲ့သည်။

ဘေးသင့်ပြည်သူများသို့ ပြည်တွင်း ပြည်ပမှ စေတနာရှင် အလှူရှင်များက ငွေနှင့် အလှူပစ္စည်းများ ထောက်ပံ့လှူဒါန်းမှုများအတွက် ဆက်လက်သတင်းထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

## ရေချိုးတာရေး နည်းလမ်းများ

- ❖ သွားတိုက်နေစဉ် ဘုံပိုင်ခေါင်း ဖွင့်မထားပါနှင့်။
- ❖ သွားတိုက်လျှင် ရေဖန်ခွက် အမြဲသုံးပါ။
- ❖ ယာဉ်များဆေးကြောလျှင် ရေပိုက်မသုံးပါနှင့်။
- ❖ ရေဖြည့်ထားသောပုံးဖြင့် ယာဉ်များကို ဆေးကြောပါ။

# အမေရိကန်-တရုတ် ကုန်သွယ်မှုဆွေးနွေးပွဲ လန်ဒန်မြို့၌ ကျင်းပမည်

**ပေကျင်း ဇွန် ၈**

အမေရိကန်-တရုတ် ကုန်သွယ်မှု ဆွေးနွေးပွဲကို ဗြိတိန်နိုင်ငံ လန်ဒန်မြို့၌ ဇွန် ၉ ရက်တွင် ကျင်းပမည်ဖြစ်ကြောင်း သိရသည်။ အဆိုပါဆွေးနွေးပွဲသို့ တရုတ်နိုင်ငံ ဒုတိယဝန်ကြီးချုပ် ဟီလီဖန် တက်ရောက်မည်ဖြစ်သည်။

ဒုတိယဝန်ကြီးချုပ်ဟီလီဖန်သည် ဇွန် ၈ ရက်မှ ၁၃ ရက်အထိ ဗြိတိန်နိုင်ငံသို့ သွားရောက်မည်ဖြစ်ကြောင်း တရုတ်နိုင်ငံခြားရေး ဝန်ကြီးဌာနက ဇွန် ၇ ရက်တွင် ကြေညာသည်။

အဆိုပါဆွေးနွေးပွဲသို့ အမေရိကန်ဘဏ္ဍာရေးဝန်ကြီး စကော့ဘတ်စ်ဆန့်၊ ကုန်သွယ်ရေးဝန်ကြီး ဟောဝဒ်လတ်နစ်ခ်နှင့် ကုန်သွယ်ရေး ကိုယ်စားလှယ် ဂျမီဆန်ဂရေးရာတို့ တက်ရောက်မည်ဖြစ်သည်။

ဇွန် ၅ ရက်တွင် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်နှင့် တရုတ်သမ္မတရှီကျင့်ဖျင်တို့ တယ်လီဖုန်းဖြင့် စကားပြောဆိုပြီးနောက် ယခုဆွေးနွေးပွဲ ထွက်ပေါ်လာခြင်းဖြစ်သည်။


၎င်းတို့သည် ပြီးခဲ့သည့်လက ရရှိခဲ့သော သဘောတူညီချက်အပေါ် အခြေခံ၍ ၎င်းတို့၏ ညှိနှိုင်းရေးအဖွဲ့များအား ဆွေးနွေးမှုများ ဆက်လက်ပြုလုပ်ရန် သဘောတူညီကြသည်။

သဘောတူညီချက်တွင် ကုန်ပစ္စည်းအချင်းချင်းအပေါ် ထပ်လောင်း အခွန်အခများ လျှော့ချရန် တောင်းဆိုထားသည်။

တရုတ်နိုင်ငံသည် ဆက်သွယ်ရေး တိုးမြှင့်ရန်နှင့် ကုန်သွယ်မှု လွယ်ကူစေရန် သက်ဆိုင်ရာ နိုင်ငံများနှင့် တွေ့ဆုံဆွေးနွေးရန် အဆင်သင့်ရှိကြောင်းလည်း တရုတ်ကူးသန်းရောင်းဝယ်ရေး ဝန်ကြီးဌာနက ပြောကြားသည်။

လာမည့်အစည်းအဝေးတွင် နှစ်နိုင်ငံ ကိုယ်စားလှယ်များသည် တရုတ်နိုင်ငံ၏ မြေရှားတင်ပို့မှု ကန့်သတ်ချက်များကို ဆွေးနွေးကြမည်ဟု မျှော်လင့် ရသည်။

ပေကျင်းသည် ၎င်း၏ ပို့ကုန်ထိန်းချုပ်မှုများကို မည်သည့်အတိုင်းအတာအထိ ဖြေလျှော့ပေးမည်လဲဆိုသည်နှင့် အမေရိကန်နှင့် တရုတ် နှစ်နိုင်ငံအကြား ကုန်သွယ်မှုလိုငွေကဲ့သို့သော ကိစ္စရပ်များတွင် တိုးတက်မှု ရှိ၊ မရှိကို ဆက်လက်စောင့်ကြည့် ရမည်ဖြစ်သည်။



**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့၌ ရွှေ့ပြောင်းနေထိုင်သူများနှင့် လူဝင်မှုကြီးကြပ်ရေးအာဏာပိုင်များအကြား ထိပ်တိုက်တွေ့မှုများ ဖြစ်ပွား

**ဝါရှင်တန် ဇွန် ၈**

အမေရိကန်နိုင်ငံ လော့စ်အိန်ဂျလိစ်မြို့၌ အထောက်အထားမဲ့ ရွှေ့ပြောင်းနေထိုင်သူများကို အာဏာပိုင်များက ကြီးမားသော ဖြို့ခွင်းမှုများ ဆက်တိုက်ပြုလုပ်လျက်ရှိစဉ် ဆန္ဒပြသူများနှင့် လူဝင်မှုကြီးကြပ်ရေး အာဏာပိုင်များအကြား ထိပ်တိုက်တွေ့မှုများ ဖြစ်ပွားခဲ့ကြောင်း သိရသည်။

**ဝင်ရောက်စီးနင်း**

အမေရိကန်လူဝင်မှုကြီးကြပ်ရေးနှင့် အကောက်ခွန် ကြပ်မတ်ရေး အရာရှိများသည် ရွှေ့ပြောင်းနေထိုင်သူများစုဝေးရာ အထည်ဂိုဒေါင်အပါအဝင် နေရာအများအပြားကို ဇွန် ၆ ရက်တွင် ဝင်ရောက်စီးနင်းခဲ့ကြောင်း ဒေသတွင်းမီဒီယာများက ဖော်ပြသည်။

ဆန္ဒပြသူအချို့က ကျောက်ခဲများဖြင့် ပစ်ပေါက်ခြင်းကြောင့် အခြေအနေ တင်းမာလာကာ တာဝန်ရှိသူများက မျက်ရည်ယိုဗုံးများအသုံးပြုခဲ့ကြောင်း သိရသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်အတွင်း လော့စ်အိန်ဂျလိစ်မြို့၌ ဖြို့ခွင်းမှုများကြောင့် ရွှေ့ပြောင်းနေထိုင်သူ ၁၁၈ ဦးအား ဖမ်းဆီးခဲ့ကြောင်း ပြည်ထဲရေးအကြီးတန်းအရာရှိတစ်ဦးက ၎င်း၏ လူမှုကွန်ရက်စာမျက်နှာတွင် ရေးသားခဲ့သည်။



၎င်းတို့တွင် မူးယစ်ဆေးဝါးရောင်းဝယ်သည့် ရာဇဝတ်ဂိုဏ်းဝင်များနှင့် ဂိုဏ်းသားများ ပါဝင်ကြောင်း ၎င်းကပြောသည်။

ကယ်လီဖိုးနီးယားပြည်နယ် အုပ်ချုပ်ရေးမှူး ဂါဗင်နယူးဆန်မ်နှင့် မြို့တော်ဝန် ကာရန်ဘတ်စ်တို့အနေဖြင့် အဆိုပါကိစ္စရပ်ကို ကောင်းမွန်စွာ ထိန်းချုပ်နိုင်ခြင်းမရှိပါက ဖက်ဒရယ်အစိုးရက ဖြေရှင်းသင့်သည့် နည်းလမ်းဖြင့် ဖြေရှင်းပေးမည်ဖြစ်ကြောင်း အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ပြောသည်။

အဆိုပါအဓိကရုဏ်းကို ကိုင်တွယ်ဖြေရှင်းရန် အမျိုးသားအစောင့်တပ်သား ၂၀၀၀ ကို တပ်ဖြန့်ပေးမည့် သမ္မတအိမ်တော်စာချွန်လွှာကို သမ္မတ ထရမ့်က လက်မှတ်ရေးထိုးခဲ့ကြောင်း အိမ်ဖြူတော်သတင်းထုတ်ပြန်ရေးဝန်ကြီး ကာရိုလိုင်းလီဗစ်က ပြောကြားသည်။

ပြီးခဲ့သည့်လတွင် ထရမ့်အုပ်ချုပ်ရေးမှ အကြီးတန်းအရာရှိများသည် တစ်နေ့လျှင် လူ ၃၀၀၀ ကို ဖမ်းဆီးရန် ကြိုးပမ်းခဲ့ကြောင်း အမေရိကန်သတင်းဆိုက် Axios က သတင်းဖော်ပြကြောင်း သိရသည်။

**ကိုးကား - အင်န်အိတ်ချ်ကေ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# အီရန်နိုင်ငံအပါအဝင် နိုင်ငံအများအပြားမှ နိုင်ငံသားများကို အမေရိကန်နိုင်ငံသို့ ဝင်ရောက်ခွင့်ပိတ်ပင်မှု အီရန်ရှုတ်ချ

**တီဟီရန် ဇွန် ၈**

အီရန်နိုင်ငံအပါအဝင် နိုင်ငံအများအပြားမှ နိုင်ငံသားများကို အမေရိကန်နိုင်ငံသို့ ဝင်ရောက်ခွင့်ပိတ်ပင်မှုကို အီရန်နိုင်ငံက ပြင်းထန်စွာ ရှုတ်ချပြီး ယင်းလုပ်ရပ်သည် အီရန်နိုင်ငံသားများအပေါ် ရန်လိုမှုတစ်ရပ်အဖြစ် ရှုမြင်ပါကြောင်း အီရန်နိုင်ငံခြားရေး ဝန်ကြီးဌာနက ပြောကြားသည်။

အီရန်နိုင်ငံခြားရေး ဝန်ကြီးဌာနက အမေရိကန်အစိုးရ၏ ဆုံးဖြတ်ချက်ကို ရှုတ်ချခဲ့ပြီး ကန့်သတ်ချက်များသည် လူတစ်ဦးချင်းစီကို ၎င်းတို့၏ နိုင်ငံသားနှင့် ဘာသာရေးအပေါ် အခြေခံ၍ ပစ်မှတ်ထားကြောင်း အခိုင်အမာ ပြောကြားသည်။

**နိုင်ငံတကာဥပဒေ ချိုးဖောက်**

ထိုမူဝါဒများသည် ခွဲခြားဆက်ဆံခြင်းဆိုင်ရာ သဘောထားကို ထင်ဟပ်စေပြီး ခွဲခြားဆက်ဆံမှုကင်းရှင်းရေးနှင့် လူ့အခွင့်အရေးကို လေးစားလိုက်နာခြင်းဆိုင်ရာ အခြေခံမူများအပါအဝင် နိုင်ငံတကာဥပဒေကို ချိုးဖောက်ကြောင်း ဝန်ကြီးဌာနက ထည့်သွင်းပြောကြားသည်။

ဝါရှင်တန်၏ တစ်ဖက်သတ်နှင့် ခွဲခြားဆက်ဆံခြင်းဆိုင်ရာ ဆောင်ရွက်မှုကို လူသိရှင်ကြား ကန့်ကွက်ရန်လည်း ကုလသမဂ္ဂနှင့် နိုင်ငံတကာ လူ့အခွင့်အရေးအဖွဲ့များအား အီရန်နိုင်ငံခြားရေး ဝန်ကြီးဌာနက တောင်းဆိုသည်။

အီရန်သည် ၎င်း၏နိုင်ငံသားများ၏ အခွင့်အရေးများကို ကာကွယ်ရန်နှင့် အမေရိကန်အစိုးရ၏ လုပ်ဆောင်ချက်များ၏ အကျိုးဆက်များကို တုံ့ပြန်ရန်အတွက် ဖြစ်နိုင်သမျှသော နည်းလမ်းအားလုံးကို အသုံးပြုမည်ဖြစ်ကြောင်း ၎င်းက အတည်ပြုပြောကြားသည်။

အမေရိကန် အမျိုးသားလုံခြုံရေးအန္တရာယ်ကို အကြောင်းပြကာ နိုင်ငံအချို့မှ ခရီးသွားလာခြင်းကို တားမြစ်ရန် အမေရိကန်သမ္မတ ဒေါ်နယ်ထရမ့်က ဇွန် ၄ ရက်တွင် လက်မှတ်ရေးထိုးခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - အောင်ကျော်ကျော်**

# လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများတင်ဆောင်လာသည့် သင်္ဘော ဆိုက်ကပ်နိုင်ခြင်းမရှိစေရေး အစ္စရေးဆောင်ရွက်မည်

**ဂျေရုဆလင် ဇွန် ၈**

နိုင်ငံတကာမှ လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီများ တင်ဆောင်လာသည့် သင်္ဘောကို ဂါဇာဒေသသို့ဆိုက်ကပ်နိုင်ခြင်း မရှိစေရေးဆောင်ရွက်မည်ဟု အစ္စရေးကာကွယ်ရေး ဝန်ကြီး အစ္စရေးကက်က ပြောကြားသည်။

ယင်းသင်္ဘောတွင် ဆွီဒင်နိုင်ငံမှ ရာသီဥတုအရေး ဆောင်ရွက်သူ ဂရီတာသန်းဗတ် အပါအဝင် နိုင်ငံတကာမှ ပေးပို့သည့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေး ပစ္စည်းများ တင်ဆောင်လာခဲ့ပြီး ဂါဇာကမ်းရိုးတန်းဒေသသို့ မကြာမီအချိန်တွင် ရောက်ရှိမည်ဖြစ်သည်။

အဆိုပါသင်္ဘောဖြင့် ဂါဇာဒေသရှိ ဟားမတ်စ်အဖွဲ့အတွက် လက်နက်များ ယူဆောင်လာနိုင်သည့်အတွက် တားမြစ်ခြင်းဖြစ်ကြောင်း ၎င်းက ပြောကြားသည်။



အစ္စရေးဆန့်ကျင်ရေး အတွက် ဟားမတ်စ်အဖွဲ့၏ ဝါဒဖြန့်ချိသူများခေါင်းဆောင်သည့် ယင်းသင်္ဘောအား ဂါဇာဒေသသို့ မရောက်ရှိစေရေးအတွက် အစ္စရေးရေတပ်က ဆောင်ရွက်သွားမည်ဟု ၎င်းကပြောကြားသည်။

အစ္စရေးတောင်ပိုင်းအား ၂၀၂၃ ခုနှစ် အောက်တိုဘာ ၇ ရက်တွင် ဟားမတ်စ်အဖွဲ့က ဝင်ရောက်တိုက်ခိုက်ခဲ့ပြီးနောက် ဖြစ်ပွားသည့် အစ္စရေး-ဟားမတ်စ်ပဋိပက္ခအတွင်း ဂါဇာဒေသရှိ လူသားချင်းစာနာထောက်ထားမှု ဆိုင်ရာ အခြေအနေများ ဆိုးရွားခဲ့သည်။

**ကိုးကား - ဆင်ဟွာ**
**ဘာသာပြန် - စိုးသူရ**

# ကနေဒါနိုင်ငံ၌ ငွေကြေးလိမ်လည် တိမ်းရှောင်မှု ဖြစ်ပွား

**အော့တဝါ ဇွန် ၈**

ကနေဒါနိုင်ငံသားတစ်ဦးသည် ၎င်းအား လိမ်လည်လှည့်ဖြား၍ ထီဆုငွေရယူတိမ်းရှောင်ခဲ့သည့် ရည်းစားဟောင်းအား တရားစွဲဆိုခဲ့ကြောင်း သိရ သည်။

ကနေဒါနိုင်ငံ ဝင်နီးပဒ်မြို့မှ လောရင့် ကမ့်ဗဲ ဆိုသူ အမျိုးသားတစ်ဦးသည် ယမန်နှစ်ဖေဖော်ဝါရီလက ထီလက်မှတ်တစ်စောင်ဝယ်ယူကံစမ်းခဲ့ရာ ၎င်းထီလက်မှတ်သည် ကနေဒါဒေါ်လာငါးသန်းဆု ဆွတ်ခူးခဲ့ကြောင်း သိရသည်။ ထီဆုငွေရရှိခဲ့ပြီးနောက် ရည်းစားဖြစ်သူ ခရစ္စတယ်အန်းမက်ကေး၏ဘဏ်အကောင့်ထဲတွင် ထည့်ထားရာမှ ခရစ္စတယ်အန်းမက်ကေးက ယင်းငွေအားယူဆောင်တိမ်းရှောင်ခဲ့ခြင်း ဖြစ်သည်။

လောရင့်ကမ့်ဗဲက ယင်းအဖြစ်အပျက်အားသိရှိ၍ မက်ကေးအား ဆက်သွယ်ချိန်တွင် မက်ကေးက အဆက်အသွယ်ဖြတ်တောက်ခဲ့သည်။ မက်ကေးသည် မိမိ၏ ငွေကြေးကိုရယူလို၍ အဆက်အသွယ်ဖြတ်ခဲ့ပြီး တရားရုံးမှတစ်ဆင့် ၎င်းထံမချဉ်းကပ်နိုင်ရန် တားမြစ်မိန့် တောင်းခံကာ အကြံအစည်ရှိရှိဖြင့် ဆောင်ရွက်ခဲ့ကြောင်း လောရင့်ကမ့်ဗဲက ပြောသည်။

အဆိုပါ ဖြစ်ရပ်တွင် မက်ကေးအနေဖြင့် ၎င်းရယူခဲ့သည့်ငွေအား လက်ရှိအချိန်တွင် မည်သည့်နည်းနှင့်မျှ သုံးစွဲခြင်းမပြုရန် တရားရုံးက တားမြစ်ထားသည်။

**ကိုးကား - ဗွီအင်န်အိက်စ်ပရက်**
**ဘာသာပြန် - စိုးသူရ**

# စဉ့်ကိုင်မြို့နယ်နှင့် ကျောက်ဆည်မြို့နယ်တို့တွင် စိတ်ကြွရူးသွပ်ဆေးပြားများ သိမ်းဆည်းရမိ


စဉ့်ကိုင်မြို့နယ်နှင့် ကျောက်ဆည်မြို့နယ်တို့တွင် တရားခံများအား သိမ်းဆည်းရမိသည့် စိတ်ကြွရူးသွပ်ဆေးပြားများနှင့်အတူ တွေ့ရစဉ်။

နေပြည်တော် ဇွန် ၈

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇွန် ၆ ရက်မွန်းလွဲပိုင်းက သတင်းအရ စဉ့်ကိုင်မြို့နယ် မီးသွေးဘုတ်ကျေးရွာအုပ်စု ရွာသာရွာကျေးရွာလမ်းပေါ်တွင် သီတာ၊ အေးမြတ်မွန်၊ ခင်စုကြည်(ခ)မိုးမိုးနှင့် ရွှေဇင်မာတို့လေးဦးထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၅၅၅၀၀ ပြား(တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် တန်ဖိုးငွေကျပ် ၈၃၂ ဒသမ ၅ သိန်း) သိမ်းဆည်းရမိခဲ့ကြောင်း သိရသည်။

ကွင်းဆက် ဖော်ထုတ်ချက်အရ ကျောက်ဆည်မြို့နယ် ဘင်စုရပ်ကွက် စက်မှုဇုန်သွားလမ်းပေါ်တွင် ဒေါ်မြိုင်အား စိတ်ကြွရူးသွပ်ဆေးပြား ၅၆၃၅ ပြား (တစ်ပြားလျှင် ငွေကျပ် ၁၅၀၀ နှုန်းဖြင့် တန်ဖိုးငွေကျပ် ၈၄ ဒသမ ၅၂၅ သိန်း) သိမ်းဆည်းရမိပြီး ကွင်းဆက်အရ ဆေးပြားများ ရောင်းချပေးသူ မမဲလုံးကို ကျောက်ဆည်မြို့နယ် ဖျောက်ဆိပ်ပင်ကျေးရွာအဝင် လမ်းမပေါ်၌ ဆက်လက် သိမ်းဆည်းရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားသည်။

ထို့အတူ ယမန်နေ့မွန်းလွဲပိုင်းက တာချီလိတ်မြို့ မကာအိုခမ်းရပ်ကွက် ရွှေတိဂုံဘုရားအဆင်းလမ်းတွင် သတင်းအရ စောင့်ဆိုင်းနေစဉ် ရွှေတိဂုံဘုရားဘက်မှ နတ်စင်လမ်းဘက်သို့ လမ်းလျှောက်လာသူ စိုင်းအောင်ခမ်းထံမှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၇၀၀ နှုန်းဖြင့် တန်ဖိုးငွေကျပ် သိန်း ၇၀) သိမ်းဆည်းရမိပြီး ကွင်းဆက် ဖော်ထုတ်ချက်အရ တာချီလိတ်မြို့ ဆန်ဆိုင်း(ခ) ရပ်ကွက် ကျောင်းလမ်းရှိ ၎င်းနေထိုင်သည့်နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၄၀၀၀ (တစ်ပြားလျှင် ငွေကျပ် ၇၀၀ နှုန်းဖြင့် တန်ဖိုးငွေကျပ် ၂၈ သိန်း)ထပ်မံ သိမ်းဆည်းရမိသဖြင့် စိုင်းအောင်ခမ်း(၂၆) နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားသည်။

အလားတူ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် သတင်းအရ တန့်ယန်းမြို့ ရပ်ကွက်(၉)နေ မနန်းခမ်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ နေအိမ်အိပ်ခန်းအတွင်းမှ စိတ်ကြွရူးသွပ်ဆေးပြား ၄၉၀၀ (တစ်ပြားလျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် တန်ဖိုးငွေကျပ် ၄၉ သိန်း) သိမ်းဆည်းရမိသဖြင့် မနန်းခမ်း (၄၃)နှစ်အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**သတင်းစဉ်**

# တရားမဝင်လုပ်ငန်းသုံးပစ္စည်းများ၊ လူသုံးကုန်ပစ္စည်းများ၊ စားသောက်ကုန်ပစ္စည်းများ၊ လိုင်စင်မဲ့ယာဉ်များ၊ လိုင်စင်မဲ့ဆိုင်ကယ်များနှင့် တရားမဝင်ကုန်ပစ္စည်းတင်ယာဉ်များ သိမ်းဆည်းရမိ

နေပြည်တော် ဇွန် ၈

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိသည်။

ဇွန် ၆ ရက်တွင် မန္တလေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မြစ်ငယ်စစ်ဆေးရေးဂိတ်၌ ရန်ကုန်မြို့မှ မန္တလေးမြို့သို့မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်း ၁၄ မျိုး၊ စားသောက်ကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၇၂၄၅၀၀၀)နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Ankai Bus တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၀၀၀၀၀၀၀) ကိုလည်းကောင်း၊ ဟန်မြင့်မိုရ်-ရွာင်လမ်း ဆင်ခေါင်းတောင်အနီး၌ မူဆယ်မြို့မှ မန္တလေးမြို့သို့မောင်းနှင်လာသည့် ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေ ကျပ် ၈၀၆၂၇၄၀၀)၊ အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Foton Tractor Head နှစ်စီးနှင့် နောက်တွဲယာဉ်နှစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၆၂၀၀၀၀၀၀)ကိုလည်းကောင်း စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၃၁၉၈၇၂၄၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇွန် ၇ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ ဘုရားကြီးမြို့နယ် ရွှေသံလွင်တိုးဂိတ်အနီး၌ မြဝတီမြို့မှ ရန်ကုန်မြို့သို့မောင်းနှင်လာသည့် ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လူသုံးကုန်ပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၂၂၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၄၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၅၂၂၀၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ယင်းအပြင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့များက စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ မြဝတီမြို့မှရန်ကုန်မြို့သို့ မောင်းနှင်လာသည့် ယာဉ်နှစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်း အထောက်အထားတင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းလေးမျိုး၊ လူသုံးကုန်ပစ္စည်းနှစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၂၈၁၀၀၀၀၀) နှင့် အဆိုပါပစ္စည်းများတင်ဆောင်လာသည့် Mitsubishi Fuso Truck တစ်စီး၊ Nissan Diesel Tractor Head တစ်စီးနှင့် နောက်တွဲယာဉ်တစ်တွဲ (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၀၀၀၀၀၀၀) စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၈၁၀၀၀၀၀)ကို သိမ်းဆည်းရမိခဲ့ပြီး အကောက်ခွန် လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။



မန္တလေးတိုင်းဒေသကြီး၌ သိမ်းဆည်းရမိမှု။

ထို့အတူ ဇွန် ၇ ရက်နှင့် ၈ ရက်တို့တွင် စစ်ကိုင်းတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ စစ်ကိုင်းမြို့ ရတနာပုံတံတားပူးပေါင်းစစ်ဆေးရေးဂိတ်၌ တရားမဝင် စက်သုံးဆီ ဒီဇယ်ဆီ ၃၆ ပီပါ စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၁၇၇၂၀၀၀၀ ကို သိမ်းဆည်းရမိခဲ့ပြီး ရေနံနှင့်ရေနံထွက်ပစ္စည်းဆိုင်ရာ ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အပြင် ဇွန် ၇ ရက်တွင် ပြည်ထဲရေးဝန်ကြီးဌာန မြန်မာနိုင်ငံရဲတပ်ဖွဲ့၏ သိမ်းဆည်းရမိမှုစာရင်းများအရ လိုင်စင်မဲ့ယာဉ် ၂၃ စီးနှင့် လိုင်စင်မဲ့ဆိုင်ကယ် ၁၄၃စီး သိမ်းဆည်းရမိခဲ့ပြီး သက်ဆိုင်ရာလုပ်ထုံးလုပ်နည်း၊ ဥပဒေများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇွန် ၆ ရက်၊ ၇ ရက်နှင့် ၈ ရက်တို့တွင် သိမ်းဆည်းရမိမှု စုစုပေါင်းမှာ အမှုတွဲ ၁၉ မှု (ခန့်မှန်းတန်ဖိုးငွေကျပ် ၅၆၇၈၉၂၄၀၀)ကို သိမ်းဆည်းရမိခဲ့သည်။ ထိုကဲ့သို့ တရားမဝင်တင်သွင်းလာမှုများကြောင့် တရားဝင်တင်သွင်းသည့် ကုန်သည်လုပ်ငန်းရှင်များအတွက် ဈေးကွက်ယှဉ်ပြိုင်နိုင်မှုစွမ်းအားကျဆင်းခြင်းနှင့် ထိခိုက်နစ်နာမှုများဖြစ်ပေါ်စေနိုင်ပြီး နိုင်ငံတော်အတွက် ရသင့်ရထိုက်သည့် အခွန်ဘဏ္ဍာဆုံးရှုံးနစ်နာခြင်းများ ဖြစ်ပေါ်စေနိုင်ပါသည်။ သို့ဖြစ်ပါ၍ တရားမဝင်ကုန်စည်တင်သွင်းမှုများအား သက်ဆိုင်ရာတာဝန်ရှိသူများက ယခုထက်ပိုမို တားဆီးစစ်ဆေးကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။

**သတင်းစဉ်**

## မြန်မာ့အသံနှင့်ရုပ်မြင်သံကြား

၉-၆-၂၀၂၅ တနင်္လာနေ့

### MRTV HD

| | |
|---|---|
| ၀၆:၀၀ | မင်းကွန်းဆရာတော်ဘုရားကြီး၏ ပရိတ်တရားတော်(ရတနသုတ်) |
| ၀၇:၀၀ | နံနက်ခင်းသတင်း |
| ၀၈:၄၀ | "ရတနာထဲကရတနာ" (အမျိုးသားမှတ်တမ်းများမော်ကွန်းတိုက်) |
| ၀၉:၁၀ | မွေးမြူရေးရာအဖြာဖြာ |
| ၁၀:၁၀ | သတင်းထဲကသတင်း |
| ၁၀:၃၀ | ဖွေဖွေရှာရှာ နည်းပညာကမ္ဘာ(အပိုင်း-၃+၄) |
| ၁၀:၄၀ | စာဖတ်သူတို့အတွက်စာကြည့်တိုက်များရဲ့အခန်းကဏ္ဍ |
| ၁၁:၃၅ | ဘဝနှင့်အနုပညာ "ကိုယ်တွေ့ဘဝစာမျက်နှာများနှင့် သရုပ်ဆောင်ဇော်မိုး"(အပိုင်း-၂) |
| ၁၂:၃၅ | နိုင်ငံခြားဇာတ်လမ်းတွဲ(ကိုရီးယား) 'မုသားနောက်ကွယ်' (အပိုင်း-၇) |
| ၁၃:၃၀ | MRTV National News |
| ၁၄:၀၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'လေနှင်ရာခရီး' (အပိုင်း-၄၁) |
| ၁၄:၃၅ | ကျန်းမာရေးမဂ္ဂဇင်း (ကျန်းမာရေးအတွက် တိုင်းရင်းဆေးပညာအစီအစဉ်) |
| ၁၅:၂၀ | မျိုးဥက်တင့်စေဆိုကရေးတိုးအငွေ |
| ၁၆:၄၀ | ချစ်စရာအရွယ်ကစားကြမယ် |
| ၁၇:၀၅ | သတင်းသမားပြောတဲ့သတင်းစကား |
| ၁၇:၃၅ | စူးစမ်းရှာဖွေ နည်းပညာအငွေ့(အပိုင်း-၅+၆) |
| ၁၈:၀၀ | ပြည်တွင်းသတင်း |
| ၁၈:၁၅ | ပြည်ချစ်သားမွန်တေးသဝဏ် |
| ၁၈:၄၅ | သံစဉ်ချိုမြမြန်မာတေးအလှ |
| ၁၉:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'တော်ဝင်စားပွဲ' (အပိုင်း-၁၀) |
| ၂၀:၀၀ | ပြည်တွင်းသတင်း၊ နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ |
| ၂၁:၀၀ | ပြည်ချစ်သားမွန်တေးသဝဏ် |
| ၂၁:၁၀ | သံစဉ်ဝေဖြာစတီရီယိုတေးကမ္ဘာ |
| ၂၁:၂၅ | မြန်မာ-တရုတ်နှစ်နိုင်ငံချစ်ကြည်ရေး(၇၅)နှစ်ပြည့် အထိမ်းအမှတ် အစီအစဉ် "ငွေပေါင်းနန်းတော်သမိုင်းဝင်ယဉ်ကျေးမှု" (လောကဝတ်နှင့်အုပ်ချုပ်ခြင်း) |
| ၂၂:၁၀ | နိုင်ငံခြားဇာတ်လမ်းတွဲ 'လှစွမ်းကောင်းများခေတ်' (အပိုင်း-၁၄) |

### mitv

| | |
|---|---|
| 07:02 | Evergreen Classic: Metta Inngyin Yagon (Sein Lei Lei) |
| 07:11 | Taungoo City Travelogue |
| 07:38 | Broom Making Business |
| 07:50 | Listening Pleasure, Instrumental Music Xylophone Solo Show |
| 08:01 | News |
| 08:26 | Asia Updates; Fukushima Trekking with volcanoes & hot springs (Part-2) |
| 08:40 | Mote Sein Paung from Intaing Village |
| 08:49 | Nga Laik Dam & Nga Laik Kan Tha Eco Resort |
| 09:01 | His Life and His Art; |
| 09:35 | Discovering Tribes: Enn (Their Life and Customs) |
| 10:01 | News |
| 10:26 | Topical Topics: Sweet Corn or Rathuur |

### Me

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ ဓမ္မပူဇာတေးသီချင်းများ |
| ၀၆:၂၀ | တိုင်းရင်းသားသီချင်း၊ အက (ကယား) |
| ၀၇:၀၀ | မြန်မာသံစဉ်တေးများ |
| ၀၇:၂၅ | မြန်မာဇာတ်လမ်းတွဲ 'အငွေ့တန်ဖိုး' (အပိုင်း-၈) |
| ၀၇:၅၅ | 'မိုးဝသန်' တေးဂီတဖျော်ဖြေပွဲ |
| ၀၉:၁၅ | ကာတွန်း 'မိုးကောင်းကြီးဥယျာဉ်စွန့်တားခန်း' (အပိုင်း-၁၆) |
| ၀၉:၄၀ | စတီရီယိုတေးများ |
| ၁၀:၀၀ | မြန်မာရုပ်ရှင်(ဖြူမည်း) 'ပုံပတ' |

### MRTV NRC

**ကယား (၀၆:၀၀ မှ ၀၈:၀၀)**
ကယားရိုးရာတူရိယာပြုလုပ်ခြင်း

**ဝကောကရင် (၀၈:၀၀ မှ ၀၉:၀၀)**
တောင်ပေါ်သူလေးရဲ့ရိုးရာဟင်းလျာ

**အနောက်ပိုးကရင် (၀၉:၀၀ မှ ၁၀:၀၀)**
ကရင်စကားပုံများအကြောင်း (အပိုင်း-၁)

**အရှေ့ပိုးကရင် (၁၀:၀၀ မှ ၁၁:၀၀)**
ဖားစည်မြေမှရောင်စုံအလှ (အပိုင်း-၂)

**ချင်း (လိုင်ဇို) (၁၁:၀၀ မှ ၁၂:၀၀)**
ချင်းမလေးချက်သည့်ရခိုင်ငှက်ပျောအူဟင်း

**ချင်း (ချိုး) (၁၂:၀၀ မှ ၁၃:၀၀)**
ကျန်းမာရေးအတွက် အကျိုးအာနိသင်တွေပေးတဲ့ မန်ကျည်းသီး

**မွန် (၁၃:၀၀ မှ ၁၅:၀၀)**
မွန်ဘာသာစကားပြောကြရအောင် (အရောင်အသေါ်အဝေ

**ရခိုင် (၁၅:၀၀ မှ ၁၇:၀၀)**
လက်ဝဲသလုံးတော်ဓါတ်စေတီအကြောင်း

**ရှမ်း (၁၇:၀၀ မှ ၁၉:၀၀)**
ဒေသထွက်အစားအစာရှောက်ချိုသီးစိုက်ပျိုးနည်း

**ပ (၁၉:၀၀ မှ ၂၁:၀၀)**
ထူးဆန်းဖွေရှာ 'ပ' ဓလေ့ရိုးရာ

**ကချင် (၂၁:၀၀ မှ ၂၃:၀၀)**
ဒေသတစ်လွှားစိတ်ဝင်စားဖွယ်ရာများ (အပိုင်း-၅)

### MRTV NEWS

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ တေးသီချင်း |
| ၀၆:၀၅ | လှုပ်လှုပ်ရှားရှားအားကစား |
| ၀၆:၄၀ | အားကစားသတင်း |
| ၀၈:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၀၉:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၀၉:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၁:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၁:၃၅ | Sports Diary |
| ၁၂:၁၅ | ထူးရှားစုံလင်အာရှဗဟိုဗီဇိတ်အစီအစဉ် |
| ၁၂:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၃:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၄:၀၀ | MRTV National News |
| ၁၅:၀၀ | ပြည်တွင်းသတင်း (LIVE) |
| ၁၆:၀၀ | သတင်းမှန်ကဏ္ဍ (LIVE) |
| ၁၇:၃၀ | နိုင်ငံတကာသတင်း(LIVE) |
| ၁၈:၄၅ | "စူးစမ်းရှာဖွေ နည်းပညာအငွေ့"(အပိုင်း-၂) |

### MRTV PARLIAMENT

| | |
|---|---|
| ၀၉:၀၀ | အဖွင့်၊ အလံ |
| ၀၉:၁၅ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'ကိုရီးယားနိုင်ငံ' |
| ၀၉:၃၀ | ဥပဒေရေးရာအဖြာဖြာဇာတ်လမ်းတို 'လူမိုက်တို့သွားရာလမ်း' |
| ၁၀:၀၀ | ပြည်သူ့စစ်မှုထမ်းဥပဒေကျင့်သုံးနေသော နိုင်ငံများအကြောင်းသိကောင်းစရာများ 'ဝင်ကာပူနိုင်ငံ' |
| ၁၀:၃၀ | နိုင်ငံတကာရွေးကောက်ပွဲများအကြောင်း 'အာဖရိကနိုင်ငံ' (အပိုင်း-၁) |
| ၁၁:၀၀ | ရှေ့သို့ချီမည်ပန်းတိုင်ဆီ (အပိုင်း-၇၃) |

### MRTV FARMERS' HD

| | |
|---|---|
| ၀၆:၀၀ | အဖွင့်၊ နိုင်ငံတော်သီချင်း |
| ၀၆:၁၅ | အနာဂတ်၏ဖွံ့ဖြိုးမြန်မာစိုက်ပျိုးပညာ သင်ယူပါလူငယ်ဘဝတစ်သက်တာ |
| ၀၇:၀၀ | တောင်သူလယ်သမားရေးရာသတင်း |
| ၁၈:၂၀ | How Text Farmers Use 127 Million Acres Of Farmland- American Farming Documentary |
| ၁၈:၄၅ | License to Farm |
| ၂၀:၀၀ | သူကိုမှ (ဇာတ်လမ်း) |
| ၂၂:၀၀ | The Father (နိုင်ငံခြားဇာတ်လမ်း) |

### MRTV SPORTS HD

| | |
|---|---|
| ၀၆:၀၀ | အဖွင့် |
| ၀၆:၂၀ | လူငယ်တို့အတွက်လမ်းပြကြယ် |
| ၀၆:၄၅ | Sports Diary |
| ၀၇:၄၀ | Weekly Sports Info |
| ၁၇:၀၀ | အားကစားသတင်း |
| ၂၀:၀၀ | FIFA MFF U-19 Youth League (Replay) (JV Vs YRG) |

Scan Here

MRTV | MRTV | MRTV Radio | MRTV Radio

Education Channel ကို နေ့စဉ် နံနက် (၉:၀၀)နာရီမှ တစ်ကြိမ်လျှင် (၄)နာရီ (၆)ကြိမ်နှုန်း ထုတ်လွှင့်ပြသလျက်ရှိပါသည်။

# စေတုတ္တရာမြို့နယ် ပွင့်တောက်ကျေးရွာ စက်လှေဆိပ်၌ PDF အမည်ခံ အကြမ်းဖက်သမားများဖမ်းဆီးခေါ်ဆောင်သွားခဲ့သည့် ရေသောင်ကျေးရွာ အထက်တန်းပြဆရာမနှင့် ပညာရေးကောလိပ်တက်ရောက်မည့်ကျောင်းသူများအား ပြန်လည်ကယ်ထုတ်နိုင်ခဲ့

နေပြည်တော် ဇွန် ၈

NUG၊ CRPH နှင့် PDF အမည်ခံ အကြမ်းဖက်သမားများအနေဖြင့် နိုင်ငံတော်အတွင်း ပညာတတ်လူငယ်များပေါ်ထွန်းလာမှုကို နှောင့်ယှက်ရန် ရည်ရွယ်၍ ပညာသင်ကြားပေးနေသည့် ဆရာ ဆရာမများအား DCS ပြုလုပ်ရန်နှင့် ၎င်းတို့၏ အလိုကျ လိုက်ပါဆောင်ရွက်ခြင်းမရှိသော ပညာရေး ဝန်ထမ်းများအား ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို နည်းမျိုးစုံဖြင့် လုပ်ဆောင်လျက်ရှိသည်။

ထိုသို့လုပ်ဆောင်လျက်ရှိရာ စေတုတ္တရာမြို့နယ် လက်ပံကျင်းကျေးရွာနေ ဆရာမ ဒေါ်ဖြိုးဝေဝေမြင့် အပါအဝင် ကျောင်းဆရာမနှစ်ဦး၊ ပညာရေးကောလိပ်ကျောင်းသား ကျောင်းသူလေးဦး၊ ကျောင်းသားမိဘနှစ်ဦးနှင့် အရပ်သူတစ်ဦး စုစုပေါင်း ကိုးဦးတို့သည် ကျောင်းတက်ရန်အတွက် လိုက်ပါပို့ဆောင်သူများနှင့်အတူ မေ ၂၄ ရက်တွင် မကွေးမြို့သို့သွားရောက်ရန် ပွင့်တောက်ကျေးရွာ စက်လှေဆိပ်သို့ ရောက်ရှိစဉ် PDFအမည်ခံ အကြမ်းဖက်သမားများသည် လက်နက်ငယ်ကိုယ်စီကိုင်ဆောင်၍ စက်လှေဆိပ်သို့ရောက်ရှိလာပြီး ဆရာမအား DCS ပြုလုပ်ရန်နှင့် ကျောင်းသားကျောင်းသူများအား ကျောင်းမတက်ရန် ခြိမ်းခြောက်ပြောဆိုပြီး မကြီးကျေးရွာဘက်သို့ အတင်းအဓမ္မဖမ်းဆီးခေါ်ဆောင်သွားကြောင်း သိရသည်။




စေတုတ္တရာမြို့နယ် ပန်းအိကျေးရွာအနီး အကြမ်းဖက်သမားများ ဖမ်းဆီးခေါ်ဆောင်သွားသူများအနက် ဆရာမ ဒေါ်ဖြိုးဝေဝေမြင့် အပါအဝင် ငါးဦးအား ပြန်လည်ရှာဖွေကယ်တင်နိုင်ခဲ့သည့် နေရာပြပုံ။

အထက်ပါဖြစ်စဉ်အရ လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ကယ်တင်နိုင်ရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေးလုပ်ငန်းများ ဆောင်ရွက်ခဲ့ရာ ယနေ့တွင် စေတုတ္တရာမြို့၏မြောက်ဘက် မိုင် ၂၄၀၀၀ ခန့်အကွာရှိ ပန်းအိကျေးရွာအတွင်း နေရာနှစ်နေရာမှ အကြမ်းဖက်သမားများ ဖမ်းဆီးခေါ်ဆောင်ခြင်းခံခဲ့ရသူများအနက် ဆရာမ ဒေါ်ဖြိုးဝေဝေမြင့် အထက်တန်းပြ (အထကခွဲ၊ ရေသောင်)၊ ဒေါ်ချိုသဇင်ဦး လ/ထမူပြ (မူလွန်၊တောင်ဟန်ဒေါက်)၊ မခင်မိုးဝေ တတိယနှစ် ပညာရေးကောလိပ်(မကွေး)၊ မနွေးနွေးလှိုင် တတိယနှစ် ပညာရေးကောလိပ်(မကွေး)၊ မခင်စုစုလှိုင် ဒုတိယနှစ် ပညာရေးကောလိပ်(ပခုက္ကူ) စုစုပေါင်းငါးဦးတို့အား လုံခြုံရေးတပ်ဖွဲ့ဝင်များက ပြန်လည်ရှာဖွေကယ်ထုတ်နိုင်ခဲ့ပြီး ကျန်ရှိသည့် ပညာရေးကောလိပ်ကျောင်းသားတစ်ဦး၊ ကျောင်းသားမိဘနှစ်ဦး၊ အရပ်သူတစ်ဦး စုစုပေါင်း လေးဦးတို့ကို အမြန်ဆုံး ရှာဖွေကယ်ဆယ်နိုင်ရေးအတွက် ဆက်လက်ရှာဖွေလျက်ရှိကြောင်းနှင့် ပြန်လည်ကယ်တင်ခေါ်ယူနိုင်ခဲ့သူများအား လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ယခုကဲ့သို့ စစ်ရေးနှင့်မသက်ဆိုင်သော ပညာရေးဝန်ထမ်းများနှင့် ကျောင်းသား ကျောင်းသူများကို အတင်းအဓမ္မဖမ်းဆီးချုပ်နှောင်ခြင်း၊ အတင်းအဓမ္မ DCS လုပ်ဆောင်စေခြင်းနှင့် လူသားမဆန်စွာ ပစ်ခတ်သတ်ဖြတ်ခြင်းများကို ပြည်သူလူထုအနေဖြင့် လွန်စွာရွံရှာမုန်းတီးလျက်ရှိပြီး PDF အကြမ်းဖက်သမားများ၏ လူမဆန်သောလုပ်ရပ်များအား သတင်းရရှိကတာဝန်သိပြည်သူများအနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များထံသို့ လျှို့ဝှက်စွာ အချိန်မီသတင်းပေးပို့နိုင်ပါရန် အသိပေး သတင်းထုတ်ပြန်အပ်သည်။ **သတင်းစဉ်**

# ရန်ကုန်-ပုသိမ်လမ်းမကြီး တိုးချဲ့ရာတွင် မလွတ်ကင်းသောဓာတ်အားလိုင်းများ ရွှေ့ပြောင်းတည်ဆောက်မည့်အခြေအနေများ ကွင်းဆင်းစစ်ဆေး

ရန်ကုန် ဇွန် ၈

လျှပ်စစ်စွမ်းအား ဝန်ကြီးဌာန ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးသည် ရုံးချုပ်မှတာဝန်ရှိသူများ၊ ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်း မြောက်ပိုင်းခရိုင်လျှပ်စစ်အင်ဂျင်နီယာတို့နှင့်အတူ ဇွန် ၈ ရက်နံနက်ပိုင်းက လှိုင်သာယာ(အရှေ့ပိုင်း) မြို့နယ်နှင့် လှိုင်သာယာ (အနောက်ပိုင်း) မြို့နယ်များအတွင်းရှိ ရန်ကုန်-ပုသိမ် (အမှတ်- ၅) လမ်းမကြီး တစ်လျှောက် လမ်းတိုးချဲ့ရာတွင် မလွတ်ကင်းသော ဓာတ်အားလိုင်းများ ရွှေ့ပြောင်းနိုင်မည့် အခြေအနေနှင့် လှိုင်သာယာစက်မှုဇုန် ဓာတ်အားခွဲရုံများမှ ဓာတ်အားဖြန့်ဖြူးထားမှုအခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။



ယင်းနောက် ဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် အဖွဲ့ဝင်များသည် ရန်ကုန်-ပုသိမ်လမ်း တိုးချဲ့ခြင်းနှင့် မလွတ်ကင်းသော ၁၁ ကေဗွီ မြို့တွင်း လိုင်းဟောင်းဖီဒါနှင့် စက်မှုဇုန်(၄) တိုးချဲ့ဖီဒါတို့အား မင်းကြီးမဟာ မင်းခေါင်လမ်းအတိုင်း ပြောင်းရွှေ့တည်ဆောက်မည့်လမ်းအူကြောင်း တစ်လျှောက် အခြေအနေများ၊ ၃၃ ကေဗွီ လှိုင်သာယာ- နဝဒေးဖီဒါနှင့် ရွှေသံလွင်ဖီဒါ နှစ်ထပ်ဓာတ်အားလိုင်း ရွှေ့ပြောင်းတည်ဆောက်ရန် ရွှေသံလွင်စက်မှုဇုန်နှင့် ရွှေကမ်းသာယာ အိမ်ရာအတွင်းရှိ ဓာတ်အားလိုင်း အခြေအနေများကို ကွင်းဆင်းစစ်ဆေးသည်။

ထို့နောက် လှိုင်သာယာ စက်မှုဇုန်(၁၊၂၊၃၊၄)၊ ရွှေသံလွင်စက်မှုဇုန်၊ အနော်ရထာစက်မှုဇုန်နှင့် မြစိမ်းရောင်စက်မှုဇုန်တို့သို့ ဓာတ်အားဖြန့်ဖြူးပေးထားသည့် ၃၃ ကေဗွီ ဓာတ်အားလိုင်းများ၊ ၃၃/၁၁ ကေဗွီ ရွှေကမ်းသာယာ ဓာတ်အားခွဲရုံ၊ အနော်ရထာ ဓာတ်အားခွဲရုံ၊ မြစိမ်းရောင် ဓာတ်အားခွဲရုံတို့မှ ဓာတ်အားဖြန့်ဖြူးပေးထားမှုအခြေအနေများကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**ချစ်ဆောင် (YESC)**



# မိုးနဲမြို့နယ်၌ လိုင်စင်မဲ့ယာဉ်နှင့် မော်တော်ဆိုင်ကယ်များ ရောင်းဝယ်မှုမရှိစေရေး ကြီးကြပ်စစ်ဆေးဆောင်ရွက်လျက်ရှိ

မိုးနဲ ဇွန် ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) နမ့်စန်ခရိုင် မိုးနဲမြို့နယ် တရားမဝင်ကုန်သွယ်မှု တားဆီးရေးအဖွဲ့မှဦးဆောင်ပြီး တရားမဝင်ကုန်သွယ်မှုနှင့် တရားမဝင်ကုန်စည်စီးဆင်းမှုမရှိစေရေး ရှောင်တခင်စစ်ဆေးခြင်းကို ယနေ့နံနက် ၉ နာရီက မြို့ဝင်/မြို့ထွက်စစ်ဆေးရေးဂိတ်နေရာ၌ ဆောင်ရွက်သည်။

ထိုသို့စစ်ဆေးရာတွင် တရားမဝင်ကုန်သွယ်မှုတားဆီးရေးအဖွဲ့မှ စစ်ဆေးရေးအဖွဲ့ဝင်များက မြို့ဝင်/မြို့ထွက်ဂိတ်သို့ ဖြတ်သန်းသွားလာလျက်ရှိသော ကုန်တင်ယာဉ်များအား သတ်မှတ်စည်းကမ်းချက်များနှင့်အညီ တရားမဝင်သတ်မှတ်ကုန်စည်များ တင်ဆောင်မှုရှိ/မရှိ စစ်ဆေးခြင်း၊ ယာဉ်များအား လိုင်စင်၊ ယာဉ်မောင်းလိုင်စင်နှင့် သတ်မှတ်ထားသည့်စည်းကမ်းချက်များ ပြည့်စုံမှု ရှိ/ မရှိစစ်ဆေးခြင်း၊ လိုင်စင်မဲ့ယာဉ်များ ဖြတ်သန်းသွားလာပါက ဖမ်းဆီးအရေးယူ ဆောင်ရွက်နိုင်ရေးအတွက် ခရီးသည်တင်ယာဉ်၊ ကုန်တင်ယာဉ်နှင့် မော်တော်ဆိုင်ကယ်တို့အား စစ်ဆေးဆောင်ရွက်ခဲ့ကြပြီး မြို့တွင်းဆိုင်ကယ်ရောင်းဝယ်ရေးဆိုင်များသို့ လိုင်စင်မဲ့ဆိုင်ကယ်များ ရောင်းချခြင်း ရှိ/မရှိနှင့် လိုင်စင်သက်တမ်းလွန်ဆိုင်ကယ်များ ရှိ/မရှိတို့ကို ရှောင်တခင်စစ်ဆေး၍ သတ်မှတ်စည်းကမ်းများနှင့်အညီ ရောင်းချရေး၊ ဆိုင်ကယ်ဝယ်ယူသူတိုင်းအား ဆိုင်ကယ်စီးဦးထုပ်များ တစ်ပါတည်းရောင်းချပေးရေးတို့ကို ဆွေးနွေးမှာကြားခဲ့ကြောင်း သိရသည်။ **မျိုးညွန့်ရွှေ(မိုးနဲ)**

# မိုးစပါးစိုက်တောင်သူများ ပန်းတိုင်အထွက်နှုန်းပြည့်မီစေရေး ကွင်းဆင်းဆောင်ရွက်

ညောင်ရွှေ ဇွန် ၈

ရှမ်းပြည်နယ်(တောင်ပိုင်း) ညောင်ရွှေမြို့နယ် မိုင်းပျိုးကျေးရွာ၊ သလဲဦးကျေးရွာနှင့် ကျေးထက်ကျေးရွာတို့ရှိ သမဝါယမအသင်းသားတောင်သူများအား မိုးစပါးစိုက်ဧက လျာထားချက်ပြည့်မီစေရေးနှင့် ပန်းတိုင်ရည်မှန်းချက် ပြည့်မီကျော်လွန်စေရေး ဆောင်ရွက်ရမည့် အခြေအနေများကို ကျေးထက်ကျေးရွာစာကြည့်တိုက်ခန်းမတွင် မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိကပြောကြားရာတွင် မိုးစပါးစိုက် သမဝါယမအသင်းသားတောင်သူများအနေဖြင့် စပါးမျိုးကောင်းမျိုးသန့် အထွက်တိုးစပါးစိုက်ပျိုးစေရန်နှင့် သွင်းအားစုမြေဩဇာ၊ ပိုးသတ်ဆေး ထောက်ပံ့ပေးအပ်မည့်အစီအစဉ်များကို ရှင်းလင်းပြောကြားသည်။



ထို့နောက် မြို့နယ်သမဝါယမ အသင်းစုဥက္ကဋ္ဌက ပံ့ပိုးမည့်အခြေအနေများကို ရှင်းလင်းပြောကြားပြီး ဂရိတ်ဝေါကုမ္ပဏီမှ တာဝန်ရှိသူက GW-11 နှင့် GW-18 မျိုးကောင်းမျိုးသန့် အထွက်တိုးစပါးစိုက်ပျိုးနိုင်ရေး မိတ်ဆက်ရှင်းလင်းခြင်းနှင့် စမ်းသပ်စံပြစိုက်ဧက သုံးဧကအတွက် GW-11 မျိုးစေ့များ ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ မြို့နယ်သမဝါယမဦးစီးဌာနဦးစီးအရာရှိက သမဝါယမ စာရင်းရေးစာရင်းကိုင် သက်မွေးပညာသင်တန်းကျောင်းတွင် သင်တန်းသားရရှိစေရေး၊ အမှုဆောင်များ၊ သမဝါယမအသင်း ဝန်ထမ်းများနှင့် အသင်းသားများမှတစ်ဆင့် အသိပေးသိရှိစေရေးစည်းရုံးဆောင်ရွက်ကြရန်မှာကြားပြီး လက်ကမ်းစာစောင်များဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**

# ကချင်ပြည်နယ်ဝန်ကြီးချုပ် တက္ကသိုလ်ဝင်စာမေးပွဲဖြေဆိုကြမည့် စခန်းဝင်ကျောင်းသား ကျောင်းသူများအား ချီးမြှင့်ငွေနှင့် စားသောက်ကုန်များပေးအပ်

မြစ်ကြီးနား ဇွန် ၈

ကချင်ပြည်နယ် ပူတာအိုခရိုင်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဘေးသင့်ပြည်သူများအား ကူညီထောက်ပံ့ပေးနိုင်ရေး ပူတာအိုမြို့သို့ ရောက်ရှိနေသော ပြည်နယ်ဝန်ကြီးချုပ် ဦးခက်ထိန်နန်သည် ပြည်နယ်သယံဇာတရေးရာဝန်ကြီး၊ ပြည်နယ်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများနှင့်အတူ ဇွန် ၇ ရက် နံနက် ၉ နာရီက ဖုန်ကုန်ရာဇီခန်းမ၌ ၂၀၂၅ ခုနှစ် တက္ကသိုလ်ဝင်စာမေးပွဲ ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအား စားသောက်ကုန်ပေးအပ်ခြင်းနှင့် ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများအတွက် ထောက်ပံ့ငွေများပေးအပ်ပွဲ အခမ်းအနားကို ကျင်းပရာ အခြေခံပညာအထက်တန်းကျောင်း (ပူတာအို)မှ ကျောင်းသား ကျောင်းသူများက တေးသရုပ်ဖော်အကအလှများဖြင့် ဖျော်ဖြေတင်ဆက်၍ အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့သည်။



အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်က ပူတာအိုဒေသ ဖွံ့ဖြိုးတိုးတက်ရေးနှင့် စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ပုံမှန်လည်ပတ်ထုတ်လုပ်၍ ဒေသတွင်း စားရေရိက္ခာဖူလုံလာစေရေး အရှိန်အဟုန်ဖြင့် ကြိုးစားဆောင်ရွက်လျက်ရှိရာ ယခုအခါ ဒေသခံများ၏ပူးပေါင်းပါဝင်မှုဖြင့် ဆန်ဖူလုံစေပြီး စားဆီဖူလုံလာစေရေးနှင့် ဒေသတွင်း သား၊ ငါး စားသုံးမှု ဖူလုံမှုရှိစေရေးကို ဆက်လက်ကြိုးပမ်းဆောင်ရွက်ကြရမည်ဖြစ်ကြောင်း၊ ထို့ပြင် ယနေ့ Grade-12 ပြန်လည်ဖြေဆိုကြမည့် ကျောင်းသား ကျောင်းသူများအနေဖြင့် မိမိတို့ ပြန်လည်ရရှိသည့် အခွင့်အရေးကို ကောင်းမွန်စွာအသုံးချပြီး ကြိုးစားဖြေဆိုကြရန် လိုအပ်ကြောင်း၊ သို့ဖြစ်ပါ၍ ယနေ့ ပူတာအိုခရိုင် ဖွံ့ဖြိုးတိုးတက်ရေး၊ စားရေရိက္ခာဖူလုံရေးအတွက် ဒေသခံများအားလုံးက ဝိုင်းဝန်းကြိုးစားဆောင်ရွက်ကြရန်အလေးအနက်ထား တိုက်တွန်းလိုကြောင်း ပြောကြားသည်။

ဆက်လက်၍ ပြည်နယ်ပညာရေးမှူး ဦးစိုးသိုက်က Grade-12 စာမေးပွဲ ပြန်လည်စစ်ဆေး ကျင်းပပြုလုပ်နိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေများနှင့် စည်းမျဉ်းစည်းကမ်းနှင့်အညီ ကျင်းပပြုလုပ်နိုင်ရေး အလေးထားလိုက်နာဆောင်ရွက်ရမည့် အစီအစဉ်များကို ရှင်းလင်းတင်ပြသည်။

ယင်းနောက် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ရာ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်ဝန်ကြီး၊ စစ်ဗျူဟာအဖွဲ့(အခြေချ) (ပူတာအို)စစ်ဗျူဟာမှူးနှင့် တာဝန်ရှိသူများက ပူတာအိုခရိုင်အတွင်း မြို့နယ်များအလိုက် Grade-12 စာမေးပွဲ ပြန်လည်ဖြေဆိုနိုင်ရေး ပူတာအိုမြို့ပေါ် ကျောင်းများတွင် စခန်းသွင်းလေ့ကျင့်သင်ကြားပေးလျက်ရှိသော ကျောင်းသား ကျောင်းသူ ၆၄၃ ဦးတို့အတွက် ချီးမြှင့်ငွေကျပ်သိန်း ၁၃၀ နှင့် ဆန်အိတ်များ၊ ဆီ၊ ကြက်ဥနှင့် စားသောက်ကုန်များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

ပြည်နယ်(ပြန်/ဆက်)

## စားအုန်းဆီအခြေခံလက်ကား ရည်ညွှန်းဈေးနှုန်း တစ်ပိဿာ ငွေ ၆၁၈၅ ကျပ်ဖြစ်ကြောင်း ထုတ်ပြန်ကြေညာ

နေပြည်တော် ဇွန် ၈

စားသုံးသူပြည်သူများ စားသုံးဆီဝယ်ယူစားသုံးရာတွင် ဘေးအန္တရာယ် ကင်းရှင်းသော စားသုံးဆီများကို သင့်တင့်သောဈေးနှုန်းဖြင့် ဝယ်ယူစားသုံးနိုင်စေရန်နှင့် ပြည်တွင်းလိုအပ်ချက်များကို ဖြည့်ဆည်းပေးနိုင်ရန် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန စားသုံးဆီ တင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက ဆောင်ရွက်ပေးလျက်ရှိသည်။

ပြည်တွင်းလိုအပ်ချက်ကို ဖြည့်ဆည်းပေးနိုင်ရေး စားအုန်းဆီကို ပြည်ပမှဝယ်ယူတင်သွင်းရာတွင် စားအုန်းဆီတင်ပို့သည့်နိုင်ငံများ၏ ဈေးနှုန်းအတက်အကျပေါ်မူတည်၍ ပြည်တွင်း၌ ဖြစ်သင့်ဖြစ်ထိုက်သည့် ဈေးနှုန်းများဖြစ်ပေါ်စေရေးကို ထိန်းကျောင်းဆောင်ရွက်လျက်ရှိသည်။

ပြည်ပမှ စားအုန်းဆီထုတ်လုပ်တင်ပို့သည့်နိုင်ငံများတွင် ဈေးကွက်နှင့် ဈေးနှုန်းဖြစ်ပေါ်မှုများအရ ဇွန် ၉ ရက်မှ ၁၅ ရက်အထိ ရန်ကုန်အထိုင်ဈေး အခြေခံလက်ကား ရည်ညွှန်းဈေးနှုန်းသည် စားအုန်းဆီတစ်ပိဿာလျှင် ငွေ ၆၁၈၅ ကျပ်ဖြစ်ကြောင်း စားသုံးဆီ တင်သွင်းသိုလှောင် ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီက အသိပေးထုတ်ပြန်ကြေညာထားသည်။

ပြည်တွင်းဈေးကွက်အတွင်း အဆိုပါ ထုတ်ပြန်ကြေညာထားသည့် ဈေးနှုန်းထက် ဈေးနှုန်းမြှင့်တင်ရောင်းချခြင်း၊ ဈေးကစားရန် ရည်ရွယ်ချက်ဖြင့် သိုလှောင်ခြင်းအပါအဝင် မသမာသည့် လုပ်ဆောင်မှုများပြုလုပ်ပါက အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်သည်။

စားအုန်းဆီ အခြေခံလက်ကားရည်ညွှန်းဈေးနှုန်းကို အပတ်စဉ်တနင်္လာနေ့တိုင်း ထုတ်ပြန်ကြေညာလျက်ရှိပြီး စားသုံးသူပြည်သူများအနေဖြင့် စားသုံးသူရေးရာဦးစီးဌာန၏ ဝက်ဘ်ဆိုက်: www.doca.gov.mm၊ Facebook Page နှင့် မြန်မာနိုင်ငံဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်း၏ Facebook Page တို့တွင် ဝင်ရောက်ကြည့်ရှုလေ့လာနိုင်ကြောင်း သိရသည်။

သတင်းစဉ်



## မှော်ဘီမြို့နယ်၌ ရပ်ကွက်/ကျေးရွာ စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းကျင်းပ

ရန်ကုန် ဇွန် ၈

ရန်ကုန်တိုင်းဒေသကြီးမှော်ဘီမြို့နယ် ရပ်ကွက်/ကျေးရွာ စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးလုပ်ငန်းများနှင့် စာဖတ်ရှိန်မြှင့်တင်ရေး စာဖတ်ဝိုင်းကို ယနေ့နံနက် ၁၀ နာရီက မော်ပီဆရာသိန်းစာကြည့်တိုက်ခန်းမ၌ မြို့နယ်စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီများ၊ စာပေချစ်မြတ်နိုးသူများဖြင့် ကျင်းပသည်။

ရပ်ကွက်/ကျေးရွာစာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးလုပ်ငန်းနှင့် စာဖတ်ရှိန်မြှင့်တင်ရေး စာပေစကားဝိုင်းတွင် မြို့နယ်စာကြည့်တိုက်များ ကြီးကြပ်ရေးကော်မတီဥက္ကဋ္ဌ စာရေးဆရာမောင်ချိုဝေက မုဒိတာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးအရာရှိဦးစန်းဝင်းက ရပ်ကွက်/ကျေးရွာ စာကြည့်တိုက်များ ရှင်သန်ခိုင်မာရေးလုပ်ငန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားပြီး တက်ရောက်လာသူများက ထပ်ဆင့်ဆွေးနွေးကြသည်။

ဆက်လက်၍ စာဖတ်ရှိန်မြှင့်တင်ရေးစာပေစကားဝိုင်းကို ကျင်းပရာ မြို့နယ်စာပေချစ်မြတ်နိုးသူအဖွဲ့ဥက္ကဋ္ဌ စာရေးဆရာမောင်ချို့နွယ်က အဖွင့်အမှာစကားပြောကြားကာ စာရေးဆရာတစ်မိုးအောက်၊ ဆရာဝင်းဇော်(သုံးဆယ်)၊ ဆရာမယွန်းထိပ်ထား၊ ဆရာထွန်းကျော်လူ၊ ဆရာထွန်းအောင်ရင်တို့က ဖတ်ရှုသမျှထဲမှ အကြောင်းအရာများအား ပြန်လည်ဝေမျှပေးကာ စာဖတ်ရှိန်မြှင့်တင်ရေး စာပေစကားဝိုင်းသို့ တက်ရောက်လာကြသည့် မှော်ဘီမြို့နယ်မှ စာပေချစ်မြတ်နိုးသူများက ဆွေးနွေးမှုများအပေါ် အပြန်အလှန်ဆွေးနွေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၉-၆-၂၀၂၅

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လှိုင်ကော် | ဟားခါး |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၂၈၄၅ | ၂၉၅၅ | ၂၉၂၅ | ၂၈၆၀ | ၂၉၆၅ | ၂၉၈၀ | ၂၉၉၅ | ၂၉၁၅ | ၄၅၀၅ | ၃၂၁၀ | ၂၉၃၀ | ၂၉၃၅ | ၃၀၀၅ | ၂၉၇၀ | ၂၉၉၀ | ၃၂၄၅ |
| 95 Ron | ၂၈၉၅ | ၃၀၀၅ | ၂၉၇၅ | ၂၉၁၀ | ၃၀၁၅ | ၃၀၃၀ | ၃၀၄၅ | ၂၉၆၅ | ၄၅၆၀ | ၃၂၅၅ | ၂၉၈၀ | ၂၉၈၅ | ၃၀၅၅ | ၃၀၁၅ | ၃၀၄၀ | ၃၂၉၅ |
| HSD (500 ppm) | ၂၃၇၅ | ၂၄၉၀ | ၂၄၅၅ | ၂၃၉၀ | ၂၄၉၅ | ၂၅၁၀ | ၂၅၃၀ | ၂၄၅၀ | - | ၂၇၄၀ | ၂၄၆၅ | ၂၄၆၅ | ၂၅၃၅ | ၂၅၀၀ | ၂၅၂၅ | ၂၇၈၀ |
| HSD (50 ppm) | ၂၉၅၀ | ၃၀၆၅ | ၃၀၃၀ | ၂၉၆၅ | ၃၀၇၀ | ၃၀၈၅ | ၃၁၀၀ | ၃၀၂၀ | ၄၈၃၀ | ၃၃၁၅ | ၃၀၄၀ | ၃၀၄၀ | ၃၁၁၀ | ၃၀၇၅ | ၃၀၉၅ | ၃၃၅၅ |
| HSD (10 ppm) | ၂၉၅၀ | ၃၀၆၅ | ၃၀၃၀ | ၂၉၆၅ | ၃၀၇၀ | ၃၀၈၅ | ၃၁၀၀ | ၃၀၂၀ | - | ၃၃၁၅ | ၃၀၄၀ | ၃၀၄၀ | ၃၁၁၀ | ၃၀၇၅ | ၃၀၉၅ | ၃၃၅၅ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၂၆၇၉ | ၂၇၆၆ |
| 95 Ron | ၂၇၂၇ | ၂၈၁၅ |
| HSD (500 ppm) | ၂၂၂၇ | ၂၃၀၁ |
| HSD (50 ppm) | ၂၇၈၂ | ၂၈၆၇ |
| HSD (10 ppm) | ၂၇၈၂ | ၂၈၆၇ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်းဖြစ်ပါသည်။

(၂) သုံးစွဲသူမိဘပြည်သူများအနေဖြင့် စက်သုံးဆီများဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

**နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# ကန့်ဘလူမြို့နယ်၌ မိုးစပါး ဧက ၁၄၀၀၀၀ ကျော် စိုက်ပျိုးရန်လျာထား

**ကန့်ဘလူ ဇွန် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ကန့်ဘလူမြို့နယ်၏ ဆန်စပါးထုတ်လုပ်မှု တိုးတက်ရေးအတွက် ယခုနှစ် မိုးစပါးစိုက်ပျိုးရာသီတွင် မိုးစပါးဧက ၁၄၂၅၅၈ ဧက စိုက်ပျိုးထုတ်လုပ်နိုင်ရန် လျာထားပြီး ရာသီဥတု ရေမြေဒေသနှင့် ကိုက်ညီသော အထွက်ကောင်းမျိုးများ တိုးချဲ့စိုက်ပျိုးသွားရန် ဆောင်ရွက်လျက်ရှိကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။



**စိုက်ပျိုးမည်**

ကန့်ဘလူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန အနေဖြင့် ဆန်စပါးထုတ်လုပ်မှု တိုးတက်ရေးအတွက် တစ်ဧကအထွက်နှုန်း တိုးတက်ရေး၊ မျိုးကောင်းမျိုးသန့် ထုတ်လုပ်သုံးစွဲရေး၊ လေ့ကျင့်ပညာပေးရေးနှင့် သုတေသနဖွံ့ဖြိုးရေး ရည်မှန်းချက်များကို အဓိကထား၍ အကောင်အထည်ဖော် ဆောင်ရွက်သွားမည်ဖြစ်ပြီး သက်ဆိုင်ရာ ဌာနဆိုင်ရာများ၊ မိတ်ဖက်အဖွဲ့အစည်းများနှင့်ပူးပေါင်း၍ တွန်းအားပေး စိုက်ပျိုးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှူး ဦးမျိုးဇော်ထံမှ သိရသည်။

ကန့်ဘလူမြို့နယ်အတွင်း၌ စပါးစိုက်ဧက တိုးတက်အောင်ဆောင်ရွက်ခြင်း၊ ဆည်ရေကို အကျိုးရှိစွာ အသုံးချဆောင်ရွက်ခြင်း၊ တစ်ဧကအထွက်နှုန်း တိုးတက်ရေးအတွက် မျိုးကောင်းမျိုးသန့်များ ပြောင်းလဲစိုက်ပျိုးစေခြင်း၊ သွင်းအားစုများ စနစ်တကျထည့်သွင်းကာ လေလွင့်ဆုံးရှုံးမှုများ လျော့နည်းစေရန် စီမံဆောင်ရွက်ခြင်း၊ ခေတ်မီလယ်ယာသုံး စက်ကိရိယာများကို တိုးတက်သုံးစွဲလာနိုင်စေရန် ကူညီပေးခြင်းတို့ကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**အောင်ဝင်းငြိမ်း(ကန့်ဘလူ)**

# ချောင်းဦးမြို့၌ သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ အချိန်ကိုက်အချိုးညီ ရောစပ်ခြင်း သရုပ်ပြပွဲပြုလုပ်

**ချောင်းဦး ဇွန် ၈**

စစ်ကိုင်းတိုင်းဒေသကြီး ချောင်းဦးမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးရုံးတွင် ဇွန် ၆ ရက် နံနက်ပိုင်းက ၂၀၂၄-၂၀၂၅ ခုနှစ် နွေစပါးစိုက်ခင်းများ ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာ အချိန်ကိုက် အချိုးညီရောစပ်ခြင်းသရုပ်ပြပွဲကို ပြုလုပ်ခဲ့သည်။

အဆိုပါသရုပ်ပြပွဲတွင် မြို့နယ်ဦးစီးမှူး ဦးတင့်ဆွေက စိုက်ပျိုးထားသော နွေစပါး ၂၇၈ ဧက ပန်းတိုင်အထွက်နှုန်းရရှိရေးအတွက် တောင်သူများ မဖြစ်မနေဆောင်ရွက်စေရန်ရည်ရွယ်ကြောင်း ပြောကြားပြီး ဒုတိယဦးစီးမှူး ဒေါ်ဥမ္မာခိုင်က အချိန်ကိုက် အချိုးညီရောစပ်ရာတွင် စပါးအသက်ရက်အလိုက် ထည့်သွင်းရမည့် သွင်းအားစုပမာဏများနှင့် ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းဆွေးနွေးခဲ့သည်။ ထို့နောက် တက်ရောက်လာသည့် တောင်သူများနှင့် ဝန်ထမ်းများ စုပေါင်းပြီး သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများကို အချိုးအစားအလိုက် လက်တွေ့ ရောစပ်ပြသခဲ့သည်။

သရုပ်ပြပွဲသို့ ဝန်ထမ်းနှင့် တောင်သူ စုစုပေါင်း ၆၈ ဦး တက်ရောက်ခဲ့ပြီးတက်ရောက်လာသည့်တောင်သူများအားအသိပညာပေးလက်ကမ်းစာစောင်များ၊ ရောစပ်ပြသခဲ့သော သဘာဝမြေဩဇာနှင့် ဓာတ်မြေဩဇာများ လက်ဆောင်အဖြစ် ပေးအပ်ခဲ့ကြောင်း သိရသည်။

**ဝင်းမြင့်အောင်(ပြန်/ဆက်)**



# ဒေးဒရဲမြို့နယ်၌ သစ်စိမ်းမြေဩဇာထည့်သွင်းမြေမြှုပ်ပွဲ ကျင်းပ

**ဒေးဒရဲ ဇွန် ၈**

ဧရာဝတီတိုင်းဒေသကြီး ဒေးဒရဲမြို့နယ်၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်) ထည့်သွင်းမြေမြှုပ်ပွဲကို ယနေ့မွန်းလွဲ ၁ နာရီက တညင်ကုန်းကျေးရွာ တောင်သူ ဦးဇော်မင်း၏ လယ်မြေ ခုနစ်ဧကတွင် ပြုလုပ်ခဲ့ကြောင်း သိရသည်။



အဆိုပါ ပိုက်ဆံလျှော်မြေဩဇာထည့်သွင်းမြေမြှုပ်ပွဲ အခမ်းအနားသို့ မြို့နယ်စိုက်ပျိုးထုတ်လုပ်မှု တိုးတက်မြင့်မားရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးမြသိန်းမောင်နှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ မြို့နယ်စိုက်ပျိုးရေး ဦးစီးဌာန ဦးစီးအရာရှိ ဦးဇင်မောင်မောင်နှင့် ဝန်ထမ်းများ၊ ဒေသခံတောင်သူများ တက်ရောက်ကြပြီး သစ်စိမ်းမြေဩဇာပင်များအား ထည့်သွင်းမြေမြှုပ် သရုပ်ပြမှုကို ကြည့်ရှုအားပေးခဲ့သည်။

ဒေးဒရဲမြို့နယ်၌ ၂၀၂၅-၂၀၂၆ ခုနှစ် မိုးစပါး ဧက ၁၇၄၉၃၀ လျာထား စိုက်ပျိုးလျက်ရှိရာ ရေတော်မိုးတော် ဧက ၁၃၄၂၃၈ ဧက၌ သစ်စိမ်းမြေဩဇာ (ပိုက်ဆံလျှော်)များ ထည့်သွင်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

**အေဇာလင်း**

# ပေါင်းတည်၌ ဘဲမွေးမြူရေး ဖြစ်ထွန်းအောင်မြင်လျက်ရှိ

**ပေါင်းတည် ဇွန် ၈**

ပဲခူးတိုင်းဒေသကြီး၌ ဘဲမွေးမြူရေးလုပ်ငန်း အများအပြားရှိရာ တိုင်းဒေသကြီး(အနောက်ခြမ်း) နတ်တလင်းခရိုင်ရှိ ပေါင်းတည်မြို့နယ်အတွင်း ဘဲမွေးမြူရေးခြံလုပ်ငန်းရှင်များနှင့် မြို့နယ်စိုက်ပျိုးမွေးမြူမှု ကြီးကြပ်ရေးကော်မတီတို့ ပူးပေါင်းကြိုးပမ်းလျက်ရှိရာ အောင်မြင်ဖြစ်ထွန်းလျက်ရှိကြောင်း သိရသည်။

ရှေးယခင်ကပင် ရေမြေအနေအထား ရာသီဥတုကောင်းမွန်မှုကြောင့် ဒေသခံများက ဘဲမွေးမြူရေးကို စီးပွားဖြစ်လုပ်ကိုင်ခဲ့ကြောင်း၊ ယနေ့အထိ ဘဲကန်၊ ဘဲစာကွင်းများရှိနေသေးကြောင်း သိရသည်။ ယခင်က အသားစားနှင့် ဥစားအတွက် မန်ဒါလီ၊ ဘဲငန်းနှင့် ဒေသအခေါ် ကရင်ဘဲများမွေးမြူခဲ့ကြပြီး ဒေသခံပြည်သူများအနေဖြင့် ဘဲဥနှင့် ဘဲသားများကို ဈေးနှုန်းချိုသာစွာဖြင့် လုံလုံလောက်လောက် ပေါကြွယ်ဝစွာ စားသုံးနိုင်ခဲ့ကြောင်းသိရသည်။

ဒေသတွင်း စားနပ်ရိက္ခာဖူလုံပြည့်စုံ သက်သာချောင်ချိရေးအတွက် ဆန်စပါး၊ ပဲ၊ နှမ်း၊ ပြောင်းနှင့် ဟင်းသီး ဟင်းရွက်မျိုးစုံ စိုက်ပျိုးရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးသာမက မွေးမြူရေးလုပ်ငန်းများလည်း ပြန်လည်ဖွံ့ဖြိုးလာစေရန် မွေးမြူရေးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်စေရေး၊ မွေးမြူရေးအစာများ အဆင်ပြေစွာရရှိစေရေးနှင့် မွေးမြူရေးတိရစ္ဆာန်များ၏ ကျန်းမာရေးစောင့်ရှောက်မှု လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်ပေးခြင်းများကြောင့် ကြူတောကန်ကျေးရွာနှင့် နတ်ပုတီးကျေးရွာရှိ ဘဲမွေးမြူရေးခြံများ၌ ဘဲကောင်ရေ ၅၀၀၀ ကျော် မွေးမြူထားနိုင်ခဲ့ကာ ယခုအခါ သက်တမ်းငါးလခန့်ရှိနေကြပြီး ဖြစ်ထွန်းအောင်မြင်လျက်ရှိကြောင်း သိရသည်။

**ရွှေသား(IPRD)**



# စစ်ကိုင်းမြို့နယ်၌ မိုးကြိုပဲတီစိမ်း ယခင်နှစ်ထက် စိုက်ဧက ပိုမိုစိုက်ပျိုး

**စစ်ကိုင်း ဇွန် ၈**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ်၌ ၂၀၂၅-၂၀၂၆ စိုက်ပျိုးရာသီတွင် မိုးကြိုပဲတီစိမ်းကို ယခင်နှစ်ထက် စိုက်ဧက ပိုမိုတိုးတက်စိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သိရသည်။


စစ်ကိုင်းမြို့နယ်အတွင်းရှိကျေးရွာအုပ်စု ၅၄ အုပ်စုတွင် မိုးကြိုပဲတီစိမ်းကို ဌာနမှရေတင်ပေးခြင်း၊ တောင်သူကိုယ်တိုင် ရေတင်ခြင်းစသည့် ရေရရှိရေးနည်းလမ်းများကို အသုံးပြု၍ စိုက်ပျိုးလျက်ရှိကြောင်း၊ မိုးကြိုပဲတီစိမ်းကို ယခင်နှစ် ၂၀၂၄-၂၀၂၅ စိုက်ပျိုးရာသီချိန်တွင် စိုက်ဧက ၃၂၂ ဧကသာ စိုက်ပျိုးနိုင်ခဲ့ကြောင်း၊ ယခုနှစ် ၂၀၂၅-၂၀၂၆ စိုက်ပျိုးရာသီတွင် စိုက်ဧက ၃၃၈ ဧက စိုက်ပျိုးနိုင်ခဲ့သဖြင့် ယခင်နှစ်ထက် ပိုမိုစိုက်ပျိုးနိုင်ခဲ့ကြောင်း စစ်ကိုင်းမြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးမျိုးသန့်အောင်က ပြောသည်။

စစ်ကိုင်းမြို့နယ်၌ အဓိကစိုက်ပျိုးသီးနှံတစ်မျိုးဖြစ်သော ပဲတီစိမ်းကို ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက မျိုး၊ မြေ၊ ရေ၊ နည်းစသည့် နည်းလမ်းများဖြင့် ကွင်းဆင်းအသိပညာပေးဆောင်ရွက်လျက်ရှိပြီး စိုက်ပျိုးရာသီချိန်တွင် မျိုးစေ့များရရှိနိုင်ရေးနှင့် သွင်းအားစု(ဓာတ်မြေဩဇာ)များကို စိုက်ပျိုးသည့် ကျေးရွာများအလိုက် ပံ့ပိုးပေးနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**နေလင်းအောင်(ပြန်/ဆက်)**



ငါးရစ် ငါးသန် ဘေးမဲ့ချန် ပုံမှန်စားသုံး မျိုးမသုဉ်း




# ရွှေကျင်မြို့၌ ၂၀၂၅ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲ ပဉ္စမနေ့ ဆက်လက်ဖြေဆို

ရွှေကျင် ဇွန် ၈

ပဲခူးတိုင်းဒေသကြီး ရွှေကျင်မြို့နယ် ညောင်ဝိုင်းတရုတ္တာန်းရပ်ကွက် တောင်ပိုင် ဓမ္မရိပ်သာကျောင်းတိုက်ဓမ္မာရုံတွင် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ သာသနာတော်သန့်ရှင်းရေး၊ တည်တံ့ပြန့်ပွားရေး၏ အခြေခံမူရင်းဖြစ်သော ပရိယတ္တိသာသနာတော်ထွန်းကားပြန့်ပွားစေရန် ၂၀၂၅ ခုနှစ် အစိုးရပါဠိပထမပြန်(ကြီး၊ လတ်၊ ငယ်)တန်း စာမေးပွဲကို ပဉ္စမနေ့အဖြစ် ယနေ့ မွန်းတည့် ၁၂ နာရီ၌ ဆက်လက်ဖြေဆိုလျက်ရှိသည်။

အစိုးရပါဠိပထမပြန်စာမေးပွဲ ပဉ္စမနေ့ဖြေဆိုသော စာမေးပွဲတွင် ပထမကြီးတန်း သံဃာတော် ခုနစ်ပါး၊ ပထမလတ်တန်း သံဃာတော် ၁၅ ပါး၊ သီလရှင် တစ်ပါး စုစုပေါင်း ၁၆ ပါး၊ ပထမငယ်တန်း သံဃာတော် ၁၈ ပါး၊ သီလရှင်နှစ်ပါး စုစုပေါင်းအပါး ၂၀၊ စုစုပေါင်းပါဠိပထမပြန် (ကြီး၊ လတ်၊ ငယ်)တန်း စာမေးပွဲကို ၄၃ ပါး ဖြေဆိုလျက်ရှိသည်။ အဆိုပါ စာဖြေသံဃာတော်များနှင့် သီလရှင်များအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးလှမင်းသူနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများနှင့် ရပ်မိရပ်ဖများက လိုအပ်သည်များ ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ထွန်းထွန်းဇော်(ပြန်/ဆက်)**



# ကြံခင်းမြို့၌ ၂၀၂၅ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲ ပဉ္စမနေ့ ဆက်လက်ဖြေဆိုလျက်ရှိ

ကြံခင်း ဇွန် ၈

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသော ပါဠိပထမပြန်စာမေးပွဲကို ယနေ့မွန်းတည့် ၁၂ နာရီက ကြံခင်းမြို့ ရွာသစ်ရပ်ကွက် ရွှေညောင်ပင်ကျောင်းတိုက် စာဖြေဌာန ပညာဆီမီးဓမ္မာရုံတွင် ပဉ္စမနေ့ ဆက်လက်ဖြေဆိုလျက်ရှိသည်။

အဆိုပါ ပါဠိပထမပြန်စာမေးပွဲဖြေဆိုရန် ကြွရောက်လာကြသော ရဟန်း၊ သာမဏေများအား စိတ်အေးချမ်းသာစွာဖြေဆိုနိုင်ရေး မြို့နယ်သံဃနာယကဆရာတော် ဘဒ္ဒန္တဝါယမနှင့်အဖွဲ့ဝင်များ၊ ကြီးကြပ်ဆရာတော်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဝင်းလှိုင်နှင့် အဖွဲ့ဝင်များ၊ မြို့မိမြို့ဖများက ကြီးကြပ်ဆောင်ရွက်ပေးလျက်ရှိပြီး ဆရာတော်ကြီးများနှင့် စာဖြေရဟန်း၊ သာမဏေများအား ဆွမ်း၊ အချိုရည်များကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အလှူရှင်များ၊ လူမှုရေးအသင်းအဖွဲ့များက နေ့စဉ်ဆက်ကပ်လှူဒါန်းကြသည်။

စာမေးပွဲပဉ္စမနေ့တွင် ပထမကြီးတန်း ရဟန်း၊ သာမဏေ သုံးပါး၊ ပထမလတ်တန်း ရဟန်း၊ သာမဏေ လေးပါး၊ ပထမငယ်တန်း ရဟန်း၊ သာမဏေ ခုနစ်ပါးတို့က ဘာသာပြန်ဘာသာ၊ ယမိုက်အောက် ငါးကျမ်းဘာသာ၊ ယမိုက်ထက် ငါးကျမ်းဘာသာတို့ကို ဖြေဆိုကြမည်ဖြစ်ပြီး ဆရာတော်၊ ရဟန်း၊ သာမဏေများအား ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနိုင်ရန်အတွက် မြို့နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ တိုင်းရင်းဆေးပညာဦးစီးဌာနတို့က အနီးကပ်ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ **ဖြိုးဝေလင်း(ပြန်/ဆက်)**

# ပွင့်ဖြူမြို့နယ်၌ ၂၀၂၅ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲ ပဉ္စမနေ့ ဆက်လက်ဖြေဆိုလျက်ရှိ

ပွင့်ဖြူ ဇွန် ၈

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ သာသနာရေးဦးစီးဌာနက ကြီးမှူးကျင်းပသည့် ၂၀၂၅ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲ ပဉ္စမမြောက်နေ့ကို ယနေ့မွန်းတည့် ၁၂ နာရီက ပွင့်ဖြူမြို့ အလယ်ပိုင်းရပ်ကွက် ရွှေစေတီဘုန်းတော်ကြီးကျောင်းတိုက် ဓမ္မာရုံ၌ ကျင်းပရာ စာဖြေသံဃာတော်များ အေးချမ်းစွာ ဆက်လက်ဖြေဆိုလျက်ရှိကြောင်း သိရသည်။



အဆိုပါ အစိုးရပါဠိပထမပြန်စာမေးပွဲကို မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌနှင့် ဆရာတော်ကြီးများ၏ ကြီးကြပ်မှုဖြင့် ပထမကြီးတန်းတွင် ယမိုက်အထက်ငါးကျမ်း၊ ပထမလတ်တန်းတွင် ယမိုက်အောက်ငါးကျမ်း၊ ပထမငယ်တန်းတွင် ဘာသာပြန်ဘာသာတို့ကို ဖြေဆိုကျင်းပရာ ပထမကြီး၊ ပထမလတ်နှင့် ပထမငယ် ရဟန်း၊ သာမဏေ၊ သီလရှင် စုစုပေါင်း ၁၈ပါး ကြွရောက်ဖြေဆိုခဲ့ကြောင်း သိရသည်။

**လှိုင်ဝင်းလေး(ပွင့်ဖြူမြေ)**

# မင်္ဂလာဒုံမြို့နယ်၌ အစိုးရပါဠိပထမပြန်စာမေးပွဲ ပဉ္စမနေ့ ဆက်လက်ဖြေဆို

မင်္ဂလာဒုံ ဇွန် ၈

သာသနာရေးနှင့်ယဉ်ကျေးမှုဝန်ကြီးဌာန သာသနာရေးဦးစီးဌာနမှ ကြီးမှူးကျင်းပသော ၂၀၂၅ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာဒုံမြို့နယ် ပြည်တော်သာရပ်ကွက်ရှိ



မြို့နယ် ကျက်သရေဆောင် သာသနဝိမာန်တော်ကြီး၌ ယနေ့မွန်းတည့် ၁၂ နာရီမှ မွန်းလွဲ ၃ နာရီထိ ပဉ္စမနေ့ကို ဆက်လက်ဖြေဆိုခဲ့ကြသည်။

အဆိုပါစာမေးပွဲတွင် မင်္ဂလာဒုံမြို့နယ်အတွင်းရှိ ကျောင်းတိုက်အသီးသီးမှ သံဃာတော်များမှ ပထမကြီးတန်း ၆၂ ပါး၊ ပထမလတ်တန်း ၉၄ ပါး၊ ပထမငယ်တန်း ၂၅၉ ပါးနှင့် အခြေပြုမူလတန်း ၄၃၆ ပါးနှင့် သီလရှင်များမှ ပထမကြီးတန်းအပါး ၂၀၊ ပထမလတ်တန်း ၂၅ ပါး၊ ပထမငယ်တန်း ၆၈ ပါး၊ အခြေပြုမူလတန်း ၁၁၇ ပါး စုစုပေါင်း ၁၀၈၁ ပါး ဝင်ရောက်ဖြေဆိုခဲ့ကြသည်။

ယင်းသို့ဖြေဆိုရာတွင် မြို့နယ်သံဃနာယကအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်ဆရာတော်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးထူးကျော်နှင့် အဖွဲ့ဝင်များ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ၊ မြို့နယ်အမျိုးသမီးရေးရာအဖွဲ့ဝင်များ၊ မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဝင်များ၊ မြို့နယ်ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ မြို့မိ မြို့ဖများက အချိုရည်နှင့် ရေသန့်ဘူးများ ဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

**မင်းသိန်းထွန်း**

# ဝေါမြို့နယ်၌ ပါဠိပထမပြန် စာအောင်သံဃာတော်များအား အောင်လက်မှတ်ဆက်ကပ်ပူဇော်

ဝေါ ဇွန် ၈

ပဲခူးတိုင်းဒေသကြီး ဝေါမြို့နယ်၌ ၂၀၂၄ ခုနှစ် ပါဠိပထမပြန်စာမေးပွဲတွင် ဖြေဆိုအောင်မြင်တော်မူကြသော (အလတ်တန်း၊ အငယ်တန်း၊မူလတန်း)သံဃာတော်များအား အောင်လက်မှတ်ဆက်ကပ်ပူဇော်ပွဲနှင့် စူဠဘွဲ့နှင်းသဘင် အခမ်းအနားကို ယနေ့နံနက် ၉ နာရီက ရွှေဘုန်းဖွင့်ဓမ္မရိပ်သာ၌ ကျင်းပသည်။

အခမ်းအနားတွင် ဝေါမြို့နယ် ဗဟိုသံဃဝန်ဆောင် ဒလန္တမ်းကျောင်းဆရာတော် ဘဒ္ဒန္တ ဩဘာသထံမှ ငါးပါးသီလနှင့် အဖွင့်ဩဝါဒကထာ နာကြားခဲ့ပြီး မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဦးသီဟထွန်းက သာသနာရေးကိစ္စရပ်များကို လျှောက်ထားတင်ပြခဲ့သည်။



**ဆက်ကပ်လှူဒါန်း**

ထို့နောက် ၂၀၂၄ ခုနှစ် ပါဠိပထမပြန် စာအောင်သံဃာတော် ၂၉ ပါးနှင့်ပထမငယ်တန်းလူပုဂ္ဂိုလ်တစ်ဦးအား စူဠဘွဲ့အောင်လက်မှတ်နှင့် စာအောင်ဆု အလှူတော်ငွေများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသီဟထွန်းနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် အလှူရှင်များက ဆက်ကပ်လှူဒါန်းခဲ့ကြောင်းသိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# သဲကုန်းမြို့နယ်၌ ပါဠိပထမပြန်စာမေးပွဲ စာအောင်သံဃာတော်များအား စာအောင်ဆု ဆက်ကပ်လှူဒါန်းပူဇော်ပွဲအခမ်းအနား ကျင်းပ

သဲကုန်း ဇွန် ၈

ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်တွင် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပါဠိပထမပြန်စာမေးပွဲ စာအောင်သံဃာတော်များအား (၂၇)ကြိမ်မြောက် စာအောင်ဆု ဆက်ကပ်လှူဒါန်းပူဇော်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ရပ်ကွက်(၁) သာရမဏ္ဍသာမိုးကောင်းစေတီတော်မြတ်ကြီး ဓမ္မာရုံ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးယဉ်ထွေးက သာသနာရေးဆိုင်ရာများ လျှောက်ထားတင်ပြပြီး သဲကုန်းမြို့နယ်သံဃနာယကအဖွဲ့ဝင် ဆရာတော်ဦးနန္ဒောဘာသက စာအောင်သံဃာများအား ဂုဏ်ပြုဆုနှင်းသဘင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ခဲ့ခြင်းအတွက် ကျေးဇူးတင်ဝမ်းမြောက်စကားမိန့်ကြားသည်။

ထို့နောက် ၂၀၂၄-၂၀၂၅ ပညာသင်နှစ် ပါဠိပထမပြန်စာမေးပွဲတွင် ဖြေဆိုအောင်မြင်ခဲ့သော ဓမ္မစရိယကျမ်းပြီး လေးပါး၊ နှစ်ကျမ်းစွဲအောင် ခြောက်ပါး၊ တစ်ကျမ်းစွဲအောင် ငါးပါး၊ ပထမလတ်အောင် တစ်ပါး၊ ပထမငယ်အောင် ခုနစ်ပါး၊ အခြေပြုမူလတန်းအောင် ၃၄ပါး စုစုပေါင်း ၅၇ ပါးတို့အား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးယဉ်ထွေးနှင့် တာဝန်ရှိသူများက အောင်လက်မှတ်များနှင့် ဂုဏ်ပြုဆုငွေများ ပူဇော်ဆက်ကပ်ခဲ့သည်။ ဆက်လက်၍ မြို့နယ်သံဃနာယကအဖွဲ့ဝင်ဆရာတော်များ၊ ကြီးကြပ်ရေးဆရာတော်ကြီးများနှင့် သံဃာတော်များအား နဝကမ္မနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**



# အင်တာနက်သုံးစွဲမှုကို မည်သို့ နည်းလမ်းတကျ လျှော့ချမလဲ

စိုးသူရ

**ယနေ့ကမ္ဘာကြီးသည် ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အမျှ လူငယ်များနှင့် ဆယ်ကျော်သက်များအကြား အင်တာနက်သုံးစွဲမှု များပြားလာသည်ကိုတွေ့ရှိရသည်။ ဂျာမနီနိုင်ငံမှ အွန်လိုင်းအချက်အလက်စုဆောင်းရေး ပလက်ဖောင်းဖြစ်သည့် စတက်တစ်စတာကရရှိသည့်အချက်အလက်များအရ ဆိုရှယ်မီဒီယာလောကတွင် ဖေ့စ်ဘွတ်သည် ကမ္ဘာတစ်ဝန်းသုံးစွဲသူ သုံးဘီလီယံကျော်ရှိပြီး ၎င်း၏နောက်တွင် ယူကျု ဝှစ်အပ်နှင့် အင်စတာဂရမ်တို့ကို သုံးစွဲသူ နှစ်ဘီလီယံကျော်ရှိကြောင်း သိရသည်။**



ယနေ့ခေတ်တွင် နည်းပညာတိုးတက်လာခြင်းနှင့်အတူ ကောင်းကျိုးနှင့်ဆိုးကျိုးကိုပါ ယူဆောင်လာခဲ့သည်။ ယနေ့ခေတ်တွင် ကျောင်းသားအရွယ်ကလေးများနှင့် လူငယ်များ ကွန်ပျူတာနှင့် ဖုန်းသုံးစွဲမှုများပြားလာရာမှ လူမှုရေးနှင့် ကျန်းမာရေးပြဿနာများမြင့်တက်လာသည်ကို တွေ့ရှိရသည်။ ကွန်ပျူတာနှင့် ဖုန်းသုံးစွဲသည့်အချိန် များပြားလာသည့်အတွက် ၎င်းကလေးများတွင် မိသားစုနှင့် ဆက်ဆံရေးပြတ်တောက်လာသည်ကိုတွေ့ရှိရသည်။ ကျောင်းများတွင်လည်း ကျောင်းသားများအကြား ဆိုက်ဘာအနိုင်ကျင့်မှုများကဲ့သို့သော ကိစ္စများ များပြားလာသည်ကို တွေ့ရှိရသည်။ ယနေ့ခေတ်တွင် ဖုန်းဖြင့်အချိန်ဖြုန်းနေသည့်လူငယ်များ အများအပြားရှိနေသည်။

ကမ္ဘာ့နိုင်ငံများတွင်ကလေးများနှင့်ဆယ်ကျော်သက်များအား ကွန်ပျူတာနှင့် ဖုန်းများသုံးစွဲမှုလျှော့ချရေးအတွက် အောက်ပါအတိုင်းဆောင်ရွက်နေသည်ကို တွေ့ရှိရသည်။

တရုတ်နိုင်ငံအလယ်ပိုင်းရှိ ဇန်ဇူးမြို့တွင် ကလေးငယ်တစ်ဦးသည် ပညာရေးအတွက် ဖုန်းသုံးစွဲရန်လိုအပ်ပါက မိဘများထံ ခွင့်ပြုချက်ရယူပြီးမှသာ သုံးစွဲခွင့်ရရှိသည်။ ယင်းသို့ဆောင်ရွက်ရခြင်းမှာ ကျောင်းစာကို အာရုံစူးစိုက်စေရေးနှင့် လူငယ်များ အင်တာနက်သုံးစွဲမှု လျှော့ချရေးတို့အတွက် ရည်ရွယ်ဆောင်ရွက်ခြင်းဖြစ်သည်။

ထို့ပြင် တရုတ်နိုင်ငံတွင် ၂၀၂၁ ခုနှစ်က ပြဋ္ဌာန်းခဲ့သည် စည်းမျဉ်းအရ အသက် ၁၈ နှစ်အောက်ကလေးများကို သီတင်းပတ်ကုန်ကာလနှင့် အားလပ်ရက်များတွင် အင်တာနက်မှ ဂိမ်းကစားခြင်းကို တစ်နာရီသာခွင့်ပြုပြီး အင်တာနက်ဂိမ်းစွဲလမ်းမှုကိုလျှော့ချရေးဆောင်ရွက်ခဲ့သည်။

တရုတ်နိုင်ငံမှ လူငယ်များသည် အင်တာနက်ကို မှန်ကန်အကျိုးရှိသည့် နည်းလမ်းများဖြင့် အသုံးပြုနေသည်ကိုတွေ့ရှိရသည်။

တရုတ်နိုင်ငံရှိ လူငယ်များသည် QQ နှင့် WeChat ကဲ့သို့သော ဒစ်ဂျစ်တယ်ဆက်သွယ်ရေး ပလက်ဖောင်းများဖြင့် သက်တူရွယ်တူများနှင့် ချိတ်ဆက်ကာ အကြံဉာဏ်များ မျှဝေကြပြီး ချစ်ကြည်ရင်းနှီးမှုတည်ဆောက်ကြသည်။

တရုတ်နိုင်ငံမှကျောင်းသားများသည် ပညာရေးဆိုင်ရာ အရင်းအမြစ်များကိုလေ့လာရန်၊ ၎င်းတို့၏ အရည်အချင်းများကို မြှင့်တင်ရန်နှင့် အနာဂတ် အသက်မွေးဝမ်းကျောင်းများအတွက် ပြင်ဆင်ရန် အွန်လိုင်းသင်ယူမှုပလက်ဖောင်းများကို အသုံးပြုကြသည်။

တရုတ်လူငယ်များသည် နိုင်ငံ၏တိုးတက်နေသော တီထွင်ဖန်တီးမှုလုပ်ငန်းများကို အခြားနိုင်ငံများသို့ သိရှိစေရေးအတွက် ဒစ်ဂျစ်တယ်မီဒီယာကို အသုံးပြုနေကြရာ အောင်မြင်မှုများရရှိနေသည်ကို တွေ့ရှိရသည်။

ဗီယက်နမ်နိုင်ငံသည် အရွယ်မရောက်သေးသူများကြားတွင် အွန်လိုင်းဂိမ်းကစားခြင်းကို ထိန်းချုပ်ရန် ရည်ရွယ်သည့်စည်းမျဉ်းဖြစ်သော Decree 147 ကို ပြဋ္ဌာန်းခဲ့သည်။ အဆိုပါအမိန့်တွင် အောက်ပါအတိုင်းသတ်မှတ်ထားသည်။

**ဂိမ်းကစားချိန်ကန့်သတ်ချက်များ**

၁၈ နှစ်အောက်ကစားသမားများကို ဂိမ်းစက်တစ်ခုလျှင် မိနစ် ၆၀ နှင့် အများဆုံးတစ်နေ့လျှင် မိနစ် ၁၈၀ အထိသာကစားရန် ကန့်သတ်ထားသည်။

**အမည်မှန် မှတ်ပုံတင်ခြင်း**

အရွယ်မရောက်သေးသူများသည် မိုဘိုင်းလ်ဖုန်းများတွင် ၎င်းတို့၏ အထောက်အထားများကို အချက်အလက်မှန်ကန်စွာဖော်ပြအတည်ပြုရမည်ဖြစ်ပြီး မှတ်ပုံတင်ရန်အတွက် မိဘနှင့် အုပ်ထိန်းသူများ၏ အချက်အလက်လိုအပ်သည်။

**တင်းကျပ်သောလိုင်စင်**

အစိုးရက အွန်လိုင်းဂိမ်းများအား လိုင်စင်ခွင့်ပြုပေးရန်အတွက် ဂိမ်းတွင်ပါဝင်သည့် အချက်အလက်များကို စစ်ဆေးတည်းဖြတ်ပြီး ကာစီနိုပုံစံဂိမ်းများကို ပိတ်ပင်ထားသည်။

**မိဘအုပ်ထိန်းမှု**

ယင်းစည်းမျဉ်းအရ မိဘများအား ၎င်းတို့ကလေးများ၏ဂိမ်းကစားမှုကို စောင့်ကြည့်ထိန်းသိမ်းရန် တိုက်တွန်းထားပြီး ဂိမ်းဝန်ဆောင်မှုပေးသူများသည် ဂိမ်းအလွန်အကျွံကစားခြင်းနှင့်ပတ်သက်၍ သတိပေးချက်များကိုဖော်ပြရမည်ဟု သတ်မှတ်ထားသည်။

ဂျပန်နိုင်ငံရှိ ကာဂါဝါစီရင်စုသည် အရွယ်မရောက်သေးသူများ ဂိမ်းကစားခြင်းကို တားမြစ်ရန် ရည်ရွယ်၍ ၂၀၂၀ ပြည့်နှစ်တွင် ဂိမ်းကစားချိန်ကန့်သတ်ချက်စည်းမျဉ်းကို မိတ်ဆက်ခဲ့သည်။ အဆိုပါစည်းမျဉ်းအရ အသက် ၁၈နှစ်အောက်ကလေးများသည် တစ်နာရီထက် ပိုမကစားသင့်ကြောင်းနှင့် စနေ၊ တနင်္ဂနွေနေ့များတွင် မိနစ် ၉၀ ထက် ပိုမကစားသင့်ကြောင်း အကြံပြုထားသည်။ ထို့ပြင် ကလေးငယ်များအတွက် စမတ်ဖုန်းအသုံးပြုမှုသည် ည ၉ နာရီတွင် ကုန်ဆုံးသင့်ပြီး အသက်ကြီးသော ကျောင်းသားများအတွက် ည ၁၀ နာရီတွင် ကုန်ဆုံးသင့်သည်ဟု အကြံပြုထားသည်။

ပြင်သစ်နိုင်ငံ အလယ်တန်းကျောင်းများတွင် ဒစ်ဂျစ်တယ်ဖြတ်တောက်ခြင်း မူဝါဒကို ပြဋ္ဌာန်းထားသဖြင့် ကျောင်းတွင် ပညာသင်ကြားနေစဉ် ဖုန်းသုံးစွဲခွင့်ပိတ်ပင်ထားသည်။

ယခုအစီအစဉ်ကို လက်ရှိတွင် ကျောင်းပေါင်း ၂၀၀ တွင် စမ်းသပ်ဆောင်ရွက်နေပြီး ကျောင်းသား ၅၀၀၀၀ ကျော်ကို အကျိုးသက်ရောက်မှုရှိခဲ့သည်။

ယင်းအစီအစဉ်အရ ကျောင်းသားများသည် ကျောင်းသို့ရောက်ရှိချိန်တွင် ၎င်းတို့၏ဖုန်းများကို ပိတ်ထားရမည်ဖြစ်ပြီး ရည်ရွယ်ချက်မှာ အာရုံထွေပြားမှုကို လျှော့ချရန်၊ အာရုံစူးစိုက်မှုကောင်းစေရန်နှင့် ကျောင်းသားများ၏ ကျန်းမာရေးကို မြှင့်တင်ရန်ဖြစ်ကြောင်း တာဝန်ရှိသူများကပြောကြားသည်။ အမေရိကန်နိုင်ငံ၏ဖုန်းသုံးစွဲခွင့် စည်းမျဉ်းများသည် ပြည်နယ်အလိုက် ကွဲပြားသည်။ ဥပမာ ကယ်လီဖိုးနီးယားပြည်နယ်တွင် Phone–Free School Act ရှိပြီး ဖလော်ရီဒါပြည်နယ်တွင် မူလတန်းနှင့် အလယ်တန်းစာသင်ခန်းများတွင် ဖုန်းသုံးစွဲခွင့် ပိတ်ပင်ထားသည်။

ကယ်လီဖိုးနီးယားပြည်နယ်တွင် ဖုန်းသုံးစွဲမှုကင်းစင်သည့် ကျောင်းအက်ဥပဒေအရ ကျောင်းများသည် ၂၀၂၆ ခုနှစ် ဇူလိုင်လ ၁ ရက်နေ့ နောက်ဆုံးထား၍ ကျောင်းသားများ၏ ဆဲလ်ဖုန်းအသုံးပြုမှုကို ကန့်သတ်သည့် မူဝါဒများရေးဆွဲရန် ဆောင်ရွက်နေသည်။ အဆိုပါဥပဒေသည် ပညာသင်ကြားရာတွင် ထိခိုက်စေသည့် အင်တာနက်အလွန်အကျွံသုံးစွဲမှုများကို လျှော့ချရန်၊ ပညာရေးဆိုင်ရာစွမ်းဆောင်ရည်ကို မြှင့်တင်ရန်နှင့် ဆိုက်ဘာအနိုင်ကျင့်ခြင်းကို တားဆီးရန် ရည်ရွယ်သည်။

ဖလော်ရီဒါပြည်နယ်တွင် မူလတန်းနှင့် အလယ်တန်းကျောင်းသားများကို ကျောင်းချိန်အတွင်း ဖုန်းမသုံးရန် တားမြစ်ထားသည်။ အထက်တန်းကျောင်းသားများသည် စာသင်ခန်းပြင်ပတွင် ဖုန်းများကို အသုံးပြုနိုင်သော်လည်း ပညာသင်ကြားလေ့လာရာတွင် ဆရာများကခွင့်ပြုမှသာ အသုံးပြုနိုင်မည်ဖြစ်သည်။

ဂျာမနီနိုင်ငံတွင် အသက် ၁၆ နှစ်အောက် အသုံးပြုသူများအတွက် ဆိုရှယ်မီဒီယာသုံးစွဲရာတွင် မိဘအုပ်ထိန်းသူခွင့်ပြုချက်ဖြင့်အသုံးပြုရန် လိုအပ်သည်။

အီတလီနိုင်ငံတွင် အင်တာနက်သုံးစွဲရမည့် အသက်အရွယ်ကို ၁၆ နှစ်ဟု သတ်မှတ်ထားပြီး တောင်ကိုရီးယားနိုင်ငံတွင် ငယ်ရွယ်သူများအတွက် အင်တာနက်တွင် ကြည့်ရှုခွင့်ကန့်သတ်သည့် အကြောင်းအရာများကို သတ်မှတ်ထားသည်။

ယနေ့ခေတ်တွင် ကမ္ဘာတစ်ဝန်းရှိ အစိုးရများသည် ကလေးများနှင့် ဆယ်ကျော်သက်များအတွက် အွန်လိုင်းသုံးစွဲမှုလွန်ကဲခြင်း၏ ဖြစ်နိုင်ခြေအန္တရာယ်များကို သတိပြုလာကြပြီး အဆိုပါအန္တရာယ်များကို လျှော့ပါးစေရန် စည်းမျဉ်းအမျိုးမျိုးကို ချမှတ်နေသည်။

**စိတ်ကျန်းမာရေးဆိုင်ရာ သက်ရောက်မှု**

လေ့လာမှုများအရ အင်တာနက်အလွန်အကျွံအသုံးပြုသူများတွင် စိုးရိမ်စိတ်၊ စိတ်ဓာတ်ကျခြင်းနှင့် အိပ်စက်ခြင်းဆိုင်ရာ ပြဿနာများ များပြားလာကြောင်း တွေ့ရှိရသည်။

**ဆိုက်ဘာအနိုင်ကျင့်ခြင်းနှင့် အွန်လိုင်းဘေးကင်းရေး**

တင်းကျပ်သောစည်းမျဉ်းများကိုပြဋ္ဌာန်းခြင်းဖြင့် အင်တာနက်သုံးစွဲရာတွင် ဆိုက်ဘာအနိုင်ကျင့်ခံရခြင်းကဲ့သို့သော အင်တာနက်မှတစ်ဆင့် နှောင့်ယှက်ခံရခြင်းကို တားဆီးနိုင်ပြီး အချိန်နာရီကန့်သတ်သုံးစွဲခြင်းဟူသည့်စည်းမျဉ်းအရ ကျန်းမာရေးကို အကျိုးရှိစေပြီး ဘေးကင်းသည့်အွန်လိုင်းသုံးစွဲမှုဖြစ်စေသည်။

**ဒေတာကိုယ်ရေးကိုယ်တာအချက်အလက်များကို ကာကွယ်နိုင်ခြင်း**

အစိုးရများက စည်းမျဉ်းများချမှတ်ရခြင်းသည် အရွယ်မရောက်သေးသူများ၏ ကိုယ်ရေးကိုယ်တာအချက်အလက်များကို နည်းပညာကုမ္ပဏီများက အလွဲသုံးစားပြုလုပ်ခြင်းမှ ကာကွယ်ရန် ဆောင်ရွက်ခြင်းဖြစ်ပြီး အကျိုးကျေးဇူးများရှိသည်။

ယနေ့ခေတ်လူငယ်များအနေဖြင့် အင်တာနက်သည် ဗဟုသုတရှာဖွေရာနေရာတစ်ခုဖြစ်သည်။ ကြိုက်နှစ်သက်ရာဘာသာစကားကို သင်ကြားနိုင်သည်။ အတတ်ပညာများသင်ကြားနိုင်သည်။ မိမိဘဝတိုးတက်ရေးအတွက် သင်ယူစရာရှိသည်တို့ကို သင်ယူနိုင်သည့်နေရာဖြစ်သည်။ သို့ရာတွင် အင်တာနက်တွင် အချိန်ဖြုန်းခြင်းကို ရှောင်ကြဉ်ပြီး စည်းကမ်းတကျသုံးစွဲမှသာ အကျိုးရှိမည်ဖြစ်သည်။

အင်တာနက်သုံးစွဲမှုများပြားလာသည့် ယနေ့ခေတ်တွင် ကွန်ပျူတာနှင့် ဖုန်းများကို အကျိုးရှိစွာ အသုံးပြုခြင်းဖြင့် ကောင်းကျိုးများရရှိစေမည်ဖြစ်ကြောင်း အကြံပြုရေးသားလိုက်ပါသည်။ ။

ကိုးကား – Opinion choose the best way not to disturb the right of others GNLM

**❖ ယနေ့ခေတ်တွင် ကမ္ဘာတစ်ဝန်းရှိ အစိုးရများသည် ကလေးများနှင့် ဆယ်ကျော်သက်များအတွက် အွန်လိုင်းသုံးစွဲမှုလွန်ကဲခြင်း၏ ဖြစ်နိုင်ခြေအန္တရာယ်များကို သတိပြုလာကြပြီး အဆိုပါအန္တရာယ်များကို လျှော့ပါးစေရန် စည်းမျဉ်းအမျိုးမျိုးကိုချမှတ်**

**❖ တင်းကျပ်သောစည်းမျဉ်းများကိုပြဋ္ဌာန်းခြင်းဖြင့် အင်တာနက်သုံးစွဲရာတွင် ဆိုက်ဘာအနိုင်ကျင့်ခံရခြင်းကဲ့သို့သော အင်တာနက်မှတစ်ဆင့် နှောင့်ယှက်ခံရခြင်းကို တားဆီးနိုင်ပြီး အချိန်နာရီ ကန့်သတ်သုံးစွဲခြင်းဟူသည့်စည်းမျဉ်းအရ ကျန်းမာရေးကို အကျိုးရှိစေပြီး ဘေးကင်းသည့်အွန်လိုင်းသုံးစွဲမှုဖြစ်**

မြန်မာနိုင်ငံတစ်ဝန်းရှိ ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်ကောင်းမွန်စေရန် ရည်ရွယ်ပြီး ၂၀၂၅–၂၀၂၆ ပညာသင်နှစ်အတွက် ပညာရေးဝန်ကြီးဌာန၏ ပြဋ္ဌာန်းထားသော အခြေခံပညာသင်ရိုးညွှန်းတမ်းအပေါ် အခြေခံရေးသားထားသည့် အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ သင်ခန်းစာအထောက်အကူပြုလေ့ကျင့်ခန်းများကို အလယ်တန်းနှင့် အထက်တန်းကျောင်းသား ကျောင်းသူများ လေ့လာမှတ်သားလေ့ကျင့်နိုင်ရန် အပတ်စဉ် ဖော်ပြပေးလျက်ရှိပါသည်။ ကြေးမုံစာတည်းအဖွဲ့

ကျောင်းသား ကျောင်းသူများ အင်္ဂလိပ်စာအရည်အသွေး တိုးတက်စေရန်အတွက် ပြဋ္ဌာန်းစာအုပ်ဆိုင်ရာ လေ့ကျင့်ခန်းများကို ဖော်ပြသွားမှာဖြစ်ပါတယ်။

**Grade 4**

**Unit 1 People around us**

**Lesson 1 I am short and slim.**

**I. Fill in the blanks with the missing letters. The first letter is given to help you.**

1. I have a brother and a s__________ .
2. U Mya Than is h___________. He always helps other.
3. I can solve this sum. The sum is very e________for me.
4. My brother is very strong. He is t__________ and plump.
5. I have l__________ hair.
6. Ma Mi Cho has a s__________ voice.
7. Khin Thein Yi is short and slim. She is not tall and f__________.
8. The w__________ of this book is very famous.
9. The tree has green l__________.
10. Ni Ni Khin Zaw has a sweet voice. She is a famous s__________.

**II. Fill in the blanks with the correct words.**

Aye Kyaw: Hi! __________'m Aye Kyaw.
I'm short __________ slim.
I'm __________ Grade 4.

Khin Maung: Hi! __________ Khin Maung.
I'm tall __________ plump.
I'm in Grade 5.

Mu Mu: Hi! I'm Mu Mu.
I'm tall and slim.
I'm in __________ 4.

Su Su: Hi! I'm Su Su.
I'm short and slim.
I'm __________ Grade 3.

Aye Mya: I'm Aye Mya. I'm short and slim. We __________ all friends. My friends are helpful. They __________ friendly too.

**III. Read the passage**

I am Aung Aung. I am a Grade 4 student. I have many friends in my class. My best friend is Bo Bo. He is nine years old. He is short and slim. He has straight hair. He has one brother and two sisters. He is very friendly and clever. He is very helpful, too. We go to school together, play together and study together.

**(A) Choose the correct answers.**

1. Bo Bo is **(tall/short)**
2. Bo Bo is **(plump/ slim)**
3. Bo Bo is **(straight/ curly)** hair.
4. Bo Bo is **(two/three)** sisters.
5. Bo Bo and Aung Aung go to **(school/ the cinema)** together.

**(B). Answer the questions.**

(1) Who is Aung Aung's best friend?
(2) How old is Bo Bo?
(3) Is Bo Bo tall?
(4) Does he have curly hair?
(5) How many brothers and sisters does Bo Bo have?
(6) Is he friendly and clever?

******************

**Grade 5**

**Unit 1 Everyday English**

**Lesson 1 At home**

**Section (B) Reading**

**(A) Look at the picture and write True or False to answer the given words. (5 marks)**


do homework (1) ________________


clean the bathroom(2) ________________


set the table (3) ________________


mop the floor (4) ________________


tidy up the desk (5) ________________

**(B) Read the following dialogue and fill in the blanks with the suitable words given below. (10 marks)**

Exercise (1)

| | | | | |
|---|---|---|---|---|
| good | makes | doing | cleaning | clean |
| Every | wash | help | in | sweep |

**Yu Yu:** Hi, What are you ___(1)____?
**Sandar:** I'm ___(2)____ my room.
**Yu Yu:** Do you ___(3)____ your room every day?
**Sandar:** No, I clean it ___(4)____Saturday.
**Yu Yu:** I help my mom ___(5)___ the dishes.
**Sandar:** That's nice! I ___(6)___ my dad take out the trash.
**Yu Yu:** Do you ___(7)____ the floor?
**Sandar:** Yes, I sweep the floor ___(8)____ the living room.
**Yu Yu:** Helping at home is ___(9)___.
**Sandar:** Yes, it ___(10)___ our home clean and happy!

**(C)Read the passage and answer the questions. (10 marks)**

**Read the passage (1)**

Yesterday, Khin Khin helped her family with the household chores. First, she swept the floor in the living room. Then, she washed the dishes after lunch. She also helped her sister clean her bedroom. In the afternoon, she watered the plants in the garden. Her mom asked her to fold the clean clothes. She folded all of them neatly. After that, she took out the trash. It was a busy day, but she felt happy. Helping at home is important and fun.

1. What did Khin Khin do in the living room?
2. Who did she help clean the bedroom?
3. When did she water the plants?
4. Why did she feel happy?
5. What did she do after folding the clothes?

**Section (C) Writing**

**III.(A) Fill in the blanks with a suitable word form. (5 marks)**

1. (clean) Daw Saw Kyi is a ____________ at the school.
2. (dirt) The floor is ___________. Please mop it.
3. (busy) My mom is ________ than my father in the morning.
4. (teach) My ___________ are very kind and helpful.
5. (dine) We had chicken for __________.

**(B) Supply the correct form of the verb given the brackets. (5 marks)**

(1) (clean) He __________ his room every day.
(2) (do) I always __________ the dishes after dinner.
(3) (be) They _________ my best friends.
(4) (water) Gardener U Maung ___________ the plants now.
(5) (take) My sister never ____________ the rubbish out.

**(C) Rearrange the following words in the correct order to make a sentence. (10 marks)**

(1) do / Can / dishes / you / ? / please/ , / the /
(2) so / . / dirty / The / is / bathroom /
(3) for / is / . / It / dinner / time /
(4) will / desk / morning / tidy / I / . / up / my / tomorrow /
(5) morning/ the / I / . / water / plants / every /

**Grade 6**

**Unit 1**

**Lesson 1 Greeting, introducing and leave-taking**

**Speaking**

**(A) Complete the conversation with the expressions given below. There are two extra expressions.**

(a) Su Hlaing, (b) Excuse me (c) How do you do
(d) Hi (e) I'm (f) Where (g) Are

Student A: (1)______, I'm Aung Aung. I'm from Grade 6. What's your name?
Student B: I'm (2)_______.
Student A: (3)_____ you a new student?
Student B: No, (4)________ from Grade 7.
Student A: (5)_______ are you from?
Student B: I am from Yangon.

**(B) Complete the following dialogue with the given words.**

| | | | |
|---|---|---|---|
| asking | goodbye | thank you | Take care |

A: "Hi there! How are you today?"
B: "Hello! I'm good, _____(1)_____. And you?"
A: "I'm doing well, thanks for _____(2)_____."
B: "That's good to hear. Well, _____(3)_____ for now! See you later!"
A: "Goodbye! _____(4)_____!"

**(C) Match the following.**

| | |
|---|---|
| 1. Hi! | a. Morning. |
| 2. How do you do? | b. You too. |
| 3. How are you? | c. Bye! |
| 4. Have a nice day! | d. How do you do? |
| 5. Goodbye | e. I'm fine, thanks. |
| 6. Where are you from? | f. Nice to meet you too. |
| 7. Glad to see you. | g. I'm from Yangon. |
| 8. Good morning | h. Hello! |

**(D) Give appropriate responses to the following expressions.**

1. Greeting: "Hi, how are you?"
Response: ________________.
2. Leave-taking: "Goodbye! See you later!"
Response: ________________.
3. Introducing oneself: "Hi, I'm Min Thu. What's your name?"
Response: ________________.
4. Leave-taking: "Bye for now! Have a great day!"
Response: ________________.
5. Introducing oneself: "Hello, I'm Kaung Kaung. Where are you from?"
Response: ________________.
6. Leave-taking: "See you later! Take care!"
Response: ________________.
7. Introducing oneself: "Hi, I'm Ko Zaw. What do you do?"
Response: ________________.

စာမျက်နှာ ၂၂ သို့ ☆

☆ စာမျက်နှာ ၂၀ မှ

## Grade 7

**Unit 1**

**Lesson 1: My favourite singer**

**I. Supply the correct word for the blank in each sentence. The first letter is given to help you.**

1. The a________ painted a beautiful landscape for the gallery exhibition.
2. I am so excited to go to the c_______ next weekend with my friends.
3. Her s______ of painting is unique and colorful.
4. Brazil is the world's largest p________ of coffee.
5. I do y_______ every morning to stay calm and flexible.
6. My best friend is my biggest s_________; she always encourages me.
7. He had an i______ for a new job at a marketing company yesterday.

**II. Supply the correct form of the words given in brackets.**

1. (manage) My father is a _________ at a big company.
2. (guitar) The _________ played a nice song.
3. (produce) The factory started the _________ of cars.
4. (produce) A _______ helps to make a film.
5. (produce) This ________ is made in Japan.
6. (celebrate) The ________ smiled at the crowd.
7. (sing) The _______ sang a beautiful song.

**III. Supply the correct form of the verbs given in brackets.**

1. (do) He ________ the dishes after dinner last night.
2. (swim) The boys ________ in the pool for a few minutes.
3. (celebrate) Myanmar people ________ Thingyan Festival in April.
4. (wish) He _______ for good health for his family.
5. (take) The concert ___________ later tonight.
6. (know) We ___________ each other for many years.
7. (you, listen) What music _________ to now?

**IV. Rearrange the following sentences.**

1. bigger / U Nyan's / is / house/ ours/ . / than /
2. it/ do / spell/ How / ? / you/
3. of / What / your parents / kind/ are / persons / ? /
4. you / be / in / time/ What / will / years / ? / ten/
5. do / like / What / you / doing/ free / in / your / ? / time/

**V. Complete the dialogues with the words given below.**

**Dialogue**

| sisters | What | family | many | love |
|---|---|---|---|---|

**Ko Zaw:** How ________(1)_________ people are in your family?

**Yu Yu:** There are four people in my family. ________(2)_________ about yours?

**Ko Zaw:** We have five people in my family. I have two ______(3)_________ .

**Yu Yu:** I have one brother and one sister. Do you all get along? (သင့်မြတ်ကြလား)

**Ko Zaw:** Usually, but sometimes we fight. How about your family?

**Yu Yu:** We argue sometimes too, but we ________(4)_________ each other. That's what matters.

**Ko Zaw:** Yeah, ________(5)_________ is important.

**********************

## Grade 8

**Unit 1 Lesson 1: Do you have good eating habits**

**I. Match the questions in Column(A) with the answers in Column (B).**

Column (A)

1. What do you usually have for lunch?
2. How much water do you drink every day?
3. How long do you usually take to finish a meal?
4. Where do you usually have your meals at home?
5. Who do you usually have your meals with?

Column (B)

(a) I usually have my meals alone.
(b) I usually take 15 minutes to finish a meal.
(c) I usually have my meals in the living room.
(d) I drink 6 glasses of water every day.
(e) I usually have fish or meat for lunch.

1. ________ 2. ________ 3. _________ 4. ________
5. __________

**II. Fill each blank with the appropriate word. The initial letters are given to help you.**

1. The coffee was almost too hot to swallow and made him c_____ for a moment. 1. ______
2. I am not well today because I have a poor d______ after eating a heavy breakfast. 2. _____
3. Many people take vitamins and m______ supplements. 3. _____
4. Childhood o______ has become a main healthy problem in the US nowadays. 4. _____
5. Eating s_____ food and drinks frequently is the main cause of tooth decay. 5. ______

**III. Supply the correct form of the words given in the brackets.**

1. Vegetables are usually cooked to help _____ (digest). 1. ______
2. Be _____ (mind) of your surroundings. 2. _____
3. The sweets are too ______ (sugar) for me to eat. 3. ______
4. The problems of _____ (obese) happen among children. 4. _______
5. Working in an open air has made him _____ (health). 5. ______

**IV. Supply the correct form of the verbs given in the brackets.**

1. Chew your food well so you don't _____ (choke). 1. ________
2. Fish is easy to _____ (digest) when you are ill. 2. _______
3. They like _____ (eat) at the restaurant sometimes. 3. ________
4. He ______ (drink) too much last night and woke up sick this morning. 4. ________
5. I _____ (have) coffee while I was waiting. 5. _______

**V.Choose good eating habits and bad eating habits.**

Eating while watching TV or using electronic devices (a bad eating habit)

1. Eating fresh fruits and vegetables every day. (________________________)
2. Skipping breakfast in the morning. (________________________)
3. Drinking too many sugary drinks. (________________________)
4. Eating plenty of fruits and vegetables (________________________)
5. Including fish in your diet (________________________)

****************************

## Grade 9

**Unit 1**

**Lesson 1: That's very kind of you**

**I. Fill each blank with the appropriate word. The initial letters are given to help you.**

1. Our p_______ is meeting with the teachers at the assembly hall.
2. We gave a warm g___________ to our teachers by saying "Hello".
3. We are p__________ to help you.
4. E__________ me, can you please tell me the time?
5. It was a great p___________ to meet your family.

**II. Choose the appropriate expression given in bracket to complete the sentences.**

1. Can you **(do / make)** ________ me a favour?
2. Thanks for helping me with my homework. ____________ **(I'm doing great. / Don't mention it.)**!
3. It was nice talking to you. ___________
**(Long time no see! / See you soon)!**
4. **(What would you like? / What do you eat?)** _____________ for dinner tonight?
5. "Hello, how are you today?" — "___________**(I'm well / My pleasure)**, thank you!"

**III. Supply the correct form of the words given in bracket.**

1. (greet) A friendly ___________ can make others feel welcome.
2. (respect) The students returned to their ___________ classrooms.
3. (respect) It is important to be _________ to your teachers.
4. (succeed) Hard work is the key to ___________.
5. (succeed) She wants to be a __________ doctor in the future.
6. (culture) The show included many __________ dances.
7. (common) It is __________ to shake hands in many countries.
8. (common) People __________ eat rice in our country.
9. (appropriate) We should behave ___________ in public places.
10. (communicate) She is a good ___________ and speaks clearly.

**IV. Supply the correct form of the verbs given in bracket.**

1. (respond) Can you ___________ to the email for me?
2. (regard) We __________ his advice as very valuable all the time.
3. (shake) He __________ the bottle to mix it right now.
4. (achieve) They __________ their goals last month.
5. (greet) We _________ them when they arrive.

**V.Fill in the blanks with suitable expressions.**

Dialogue (1)

| | |
|---|---|
| **Let's sit together** | **they're very tasty** |
| **I'm thinking** | **How about you?** |
| **Maybe next time** | |

Min Min: Hi! What are you going to have for lunch today?

Lin Lin: I think I'll have a sandwich and some fruit. _____(1)_____

Min Min: ____(2)_____ about getting some noodles and a juice.

Lin Lin: That sounds good! Are the noodles spicy?

Min Min: Not really, but ____(3)_____. You should try them!

Lin Lin: ____(4)_____. I'm trying to eat lighter today.

Min Min: Got it! _____(5)______ after we get our food.

*************************

အင်္ဂလိပ်ဘာသာရပ်ဆိုင်ရာ ရှင်းလင်းချက်များနှင့် လေ့ကျင့်ခန်းများအပေါ် နားလည်မှုတစ်စုံတစ်ရာမရှိပါက သို့မဟုတ် ယခုထက်ပိုမိုကောင်းမွန်စေရန် အကြံပြုလိုပါက ဆရာဦးအောင်ကျော်ကျော် (The Perfect English Supplement Editorial Group) ၀၉–၄၃၁၅၇၀၇၁ ထံ ဆက်သွယ်မေးမြန်းအကြံပြုနိုင်ပါသည်။

# ကော့မှူးမြို့နယ်၌ ပါဠိပထမပြန် စာအောင်သံဃာစူဠွဲ့နှင်းသဘင်ပူဇော်ပွဲ အခမ်းအနားကျင်းပ

ကော့မှူး ဇွန် ၈

ရန်ကုန်တိုင်းဒေသကြီး တွံတေးခရိုင် ကော့မှူးမြို့နယ်၌ ၂၀၂၄ ခုနှစ် ပါဠိပထမပြန်စာအောင်သံဃာစူဠွဲ့နှင်းသဘင်ပူဇော်ပွဲ အခမ်းအနားကို ဘုရားလမ်းရပ်ကွက် မဟာဝိဇ္ဇောဒယကျောင်းတိုက်၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော်ဘဒ္ဒန္တပညာစက္ကထံမှ ငါးပါးသီလခံယူ ဆောက်တည်ကြပြီး မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းကသာသနာရေးဆိုင်ရာကိစ္စများကို လျှောက်ထားကာ ကြွရောက်လာသော ဩဝါဒါဆရာတော်များအား နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

ဆက်လက်၍ စာအောင်သံဃာတော်များအား အောင်လက်မှတ်များနှင့် နဝကမ္မဝတ္ထုငွေများကို မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးမင်းနှင့်အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် တာဝန်ရှိသူများက ဆက်ကပ်လှူဒါန်းခဲ့ကြပြီး လှူဒါန်းမှုအစုစုတို့အား ရေစက်သွန်းချအမျှပေးဝေခဲ့ကြောင်း သိရသည်။

ကော့မှူးမြို့နယ်၌ ၂၀၂၄ ခုနှစ် အစိုးရပါဠိပထမပြန်စာမေးပွဲတွင်



စာအောင်သံဃာတော်ပထမကြီးတန်း တစ်ပါး၊ ပထမလတ်တန်း ၁၃ ပါး၊ ပထမငယ်တန်းအောင် ၁၅ ပါး၊ အခြေပြုမူလတန်း သံဃာ ၂၁ ပါး စုစုပေါင်းသံဃာ/သီလရှင် အပါး ၅၀ အောင်မြင်ခဲ့ကြပြီး သံဃာတော်များအား မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများက နေ့ဆွမ်းများဆက်ကပ်လှူဒါန်းခဲ့ကြကြောင်း သိရသည်။

ကျော်သူရ(ကော့မှူး)

# နတ်မောက်မြို့နယ် လူထုအခြေပြုဗဟိုဌာန၌ စာဖတ်ဝိုင်းပြုလုပ်

နတ်မောက် ဇွန် ၈

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် စာအုပ်စာစောင် ချစ်မြတ်နိုးသူအသင်းတို့ ပူးပေါင်း၍ စာဖတ်ဝိုင်းကို ယမန်နေ့မွန်းလွဲ ၂ နာရီက လူထုအခြေပြုဗဟိုဌာန၌ ကျင်းပသည်။

ဦးစွာ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဒုတိယဦးစီးမှူး ဒေါ်သင်းသင်းဝေက လူငယ်များစာပေဖတ်ရှုခြင်းဖြင့် အသိပညာဗဟုသုတ ဖွံ့ဖြိုးတိုးတက်စေရန်၊ စာဖတ်သည့် အလေ့အကျင့်ကောင်းများရရှိစေရန် ရည်ရွယ်ချက်များဖြင့် စာဖတ်ဝိုင်းပြုလုပ်ရခြင်းဖြစ်ကြောင်းရှင်းလင်းပြောကြားသည်။ ထို့နောက်စာဖတ်ဝိုင်းတွင် မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဒေါ်ဖြိုးအိအိဇော်(အငယ်တန်းစာရေး)ကစာဖတ်နည်း သုံးနည်းအကြောင်း၊ စာဖတ်ခြင်းကြောင့်ရရှိလာမည့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားပြီး စာအုပ်စာစောင်ချစ်မြတ်နိုးသူ အသင်းသား အသင်းသူများက စာရေးဆရာ အောင်သစ်ရေးသားသည့် အနာဂတ်လူငယ်နှင့် အခွင့်အလမ်းစာအုပ်ထဲမှ “လူတော်ဖြစ်အောင် ကြိုးစား လူကောင်းဖြစ်အောင်ကျင့်ကြံ” နှင့် “ဆန်းသစ်တီထွင်မှုနဲ့ မူပိုင်ခွင့်” ခေါင်းစဉ်ပါအကြောင်းအရာများကို ရှင်းလင်းဆွေးနွေးခဲ့ကြောင်း သိရသည်။

လှဝင်း(ပြန်/ဆက်)



# မြန်အောင်မြို့နယ် မြို့မနေခြည်စျေးရှေ့တွင် ဆန်၊ ကြက်ဥနှင့် စားအုန်းဆီများ သက်သာသောစျေးနှုန်းဖြင့်ရောင်းချ

မြန်အောင် ဇွန် ၈

ဧရာဝတီတိုင်း ဒေသကြီး မြန်အောင်မြို့နယ် ကုန်စျေးနှုန်း တည်ငြိမ်ကျဆင်းရေး ကော်မတီက မြို့မနေခြည်စျေးရှေ့တွင် ယနေ့နံနက်ပိုင်းက အခြေခံစားသောက်ကုန်များဖြစ်သော ဆန်၊ ကြက်ဥနှင့် စားအုန်းဆီများကို သက်သာသော စျေးနှုန်းဖြင့် ရောင်းချပေးခဲ့သည်။

ယင်းသို့ရောင်းချရာတွင် အခြေခံစားသောက်ကုန် ဆင်းသုခဆန် တစ်ပြည်လျှင်ငွေကျပ် ၂၀၀၀၊



ကြက်ဥတစ်လုံးလျှင် ငွေကျပ် ၃၀၀၊ ဆီငါးဆယ်ကျပ်သားလျှင်ငွေကျပ် ၃၅၀၀ နှုန်းတို့ဖြင့် ဆင်းသုခဆန် ငါးအိတ်၊ ဆီပိဿာ ၅၀၊ ကြက်ဥအလုံး ၅၀၀ ရောင်းချပေးခဲ့ကြောင်း သိရသည်။

ဆန်၊ ကြက်ဥနှင့် စားအုန်းဆီများကို သက်သာသောစျေးနှုန်းဖြင့် ရောင်းချပေးရာတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနေမင်းထွန်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးကျင်စိုး၊ မြို့နယ်စားသုံးသူရေးရာဦးစီးဌာန ဦးစီးအရာရှိဦးမြင့်အောင်နှင့် မြန်အောင်ခရိုင်ဆီလုပ်ငန်းရှင်များ အသင်းဥက္ကဋ္ဌ ဦးမင်းဇော်ဦးတို့က ကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ဝင်းဗိုလ်(ပြန်/ဆက်)

# ရေနံချောင်းမြို့နယ်၌ ရေပြင်အသက်ကယ်ရှာဖွေကယ်ဆယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်

ရေနံချောင်း ဇွန် ၈

မကွေးတိုင်းဒေသကြီး ရေနံချောင်းမြို့နယ်၌ သဘာဝဘေးအန္တရာယ်ကြုံတွေ့လာပါက အလျင်အမြန် တုံ့ပြန်ဆောင်ရွက်နိုင်ရေးအတွက် ရေပြင်အသက်ကယ်ရှာဖွေကယ်ဆယ်ရေး သရုပ်ပြဇာတ်တိုက်လေ့ကျင့်ခြင်းကို ယနေ့နံနက်ပိုင်းက ညောင်လှရပ်ကွက် ကမ်းနားရပ် ဧရာဝတီမြစ်အတွင်း၌ ကျင်းပသည်။

ဇာတ်တိုက်လေ့ကျင့်

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်မီးသတ်ဦးစီးဌာန ဦးစီးအရာရှိ ဦးကြည်စိုးဟန် ဦးဆောင်၍ သန္ဓေတပ်ဖွဲ့ဝင်များနှင့် အရန်ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များက ရေပြင်ကယ်ဆယ်ရေးသုံး Robot Rescue စက်ဖြင့်လည်းကောင်း၊ ကယ်ဆယ်ရေးစက်လှေဖြင့် လည်းကောင်း စမ်းသပ်မောင်းနှင်ကာ ရေပြင်အသက်ကယ် ရှာဖွေကယ်ဆယ်ရေး သရုပ်ပြဆောင်ရွက်သည်။ ဆက်လက်၍ ရှာဖွေကယ်ဆယ်ရေးတပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနဝန်ထမ်းများက ရေဘေးအန္တရာယ်ကြုံတွေ့သူအား ရှေးဦးသူနာပြုစုနည်းများကို သရုပ်ပြဇာတ်တိုက်လေ့ကျင့် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)



# အင်းစိန်မြို့နယ် စာရေးဆရာအသင်းက ပညာသင်ထောက်ကူပစ္စည်းများပေးအပ်

အင်းစိန် ဇွန် ၈

ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ် စာရေးဆရာအသင်းက အသင်းသား အသင်းသူများ၏ သား သမီးများအတွက် ပညာသင်ထောက်ကူပစ္စည်းများ ပေးအပ်ပွဲ အခမ်းအနားကို ဇွန် ၇ ရက်တွင် အင်းစိန်ခရိုင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေး ဦးစီးဌာန လူထုအခြေပြုဗဟိုဌာန ခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် အင်းစိန်မြို့နယ် စာရေးဆရာအသင်း နာယက ဆရာကြီး ဦးရန်နောင် (ရန်နောင်-ပညာရေး)နှင့် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်စန္ဒာထွန်းတို့က အမှာစကားပြောကြားပြီး အင်းစိန်မြို့နယ် စာရေးဆရာအသင်း ဥက္ကဋ္ဌ ဦးတော်မြင့်(တော်မြင့်-ငှက်ဖျား) နှင့် အင်းစိန်မြို့နယ်စာရေးဆရာအသင်းဒုတိယဥက္ကဋ္ဌ ဆရာမ ဒေါ်ခင်နွဲ့မူ (အင်းစိန်)တို့က ပညာသင်ထောက်ကူပစ္စည်းပေးအပ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ တာဝန်ရှိသူများက အင်းစိန်မြို့နယ် စာရေးဆရာအသင်းက အသင်းသား အသင်းသူများ၏ ပညာသင်ကြားနေသော ကျောင်းသား ကျောင်းသူ ၂၄ ဦးတို့အတွက် ပညာသင်ထောက်ကူပစ္စည်းများကိုပေးအပ်ရာ အင်းစိန်မြို့နယ်စာရေးဆရာအသင်း၏သား သမီးများနှင့် အသင်းအဖွဲ့ဝင်များက လက်ခံရယူခဲ့ကြောင်း သိရသည်။

ဇင်မင်းထိုက်(ပြန်/ဆက်)

# ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်မှုမှ ကြိုတင်ကာကွယ်ရေးသတိပေးနှိုးဆော်ချက်

နိုင်ငံတော်စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်ပတင်ပို့ခြင်းဖြင့် နိုင်ငံခြားဝင်ငွေရရှိရေးအတွက် နိုင်ငံအနှံ့အပြားတွင် ငါးမွေးမြူရေးကန်များဖြင့် မွေးမြူဆောင်ရွက်လျက်ရှိရာ မိုးအလွန်အကျွံရွာသွန်းခြင်းနှင့် မြစ်ရေကြီးခြင်းများကြောင့် ငါးမွေးမြူရေးကန်များ ရေကြီးနစ်မြုပ်ခြင်းမှ ကြိုတင်ကာကွယ်ရန်နှင့် ဆုံးရှုံးမှုလျော့နည်းစေရေးအတွက် အောက်ဖော်ပြပါအချက်များကို ငါးပုစွန်မွေးမြူရေးကန်များ၌ လိုက်နာဆောင်ရွက်ကြပါရန်သတိပေးနှိုးဆော်အပ်ပါသည် –

- ❖ ငါးမွေးမြူရေးကန်များ၏ ကန်ပေါင်များခိုင်ခံ့ရန်အတွက် ကန်ပေါင်ပါးသောနိမ့်သောနေရာများတွင် သဲအိတ်များဖို့၍ ကန်ပေါင်ခိုင်ခံ့အောင်ပြုလုပ်ထားပါရန်၊
- ❖ အကယ်၍ရေကြီးရေလျှံလာပါက ငါးများလွတ်ထွက်မှုမရှိစေရေးအတွက် ဇာပြာပိုက်များဖြင့်ကာရံထားပါရန်၊
- ❖ ရေစီးကြောင်းနှင့် နီးသောငါးကန်များတွင် ရေတိုက်စားမှုကာကွယ်ရန်အတွက် တုတ်ရိုက်ပြီး ဝါးထရံများဖြင့်ကာရံ၍ သဲအိတ်များဖို့ထားပါရန်၊
- ❖ လိုအပ်ပါက ငါးများရွှေ့ပြောင်းနိုင်ရန်အတွက် ငါးဖမ်းပိုက်များ၊ စက်လှေများနှင့် စက်ပစ္စည်းများအား ကြိုတင်ပြင်ဆင်ထားပါရန်နှင့် အထူးသဖြင့် မျိုးငါးကြီးများအား ဦးစားပေးရွှေ့ပြောင်းထားပါရန်၊
- ❖ သိုလှောင်ထားသော ငါးအစာနှင့်လုပ်ငန်းသုံးပစ္စည်းများအား ရေလွတ်သောနေရာသို့ရွှေ့ပြောင်းထားပါရန်၊
- ❖ ပုံမှန်အစာကျွေးခြင်းဖြင့် ငါးများလွတ်ထွက်မသွားစေရေး ဆောင်ရွက်ထားပါရန်၊
- ❖ မွေးမြူရေးကန်၏ ရေထွက်/ရေလျှံပေါက်များ၊ ရေကျော်မည့်နေရာများအား အစဉ်ဂရုတစိုက်စစ်ဆေးနေပါရန်၊
- ❖ ထူးခြားသည့်အခြေအနေများ အချိန်နှင့်တစ်ပြေးညီသိရှိနိုင်ရန်အတွက် ဆက်သွယ်သတင်းပို့နိုင်မည့်နည်းလမ်းများ ကြိုတင်ပြင်ဆင်ထားပါရန်၊
- ❖ နိုင်ငံပိုင်ရေဒီယို၊ အသံလွှင့်ဌာနများမှ ထုတ်လွှင့်လျက်ရှိသော အရေးပေါ်မိုးလေဝသသတိပေးချက်များနှင့် ပတ်သက်သည့်သတင်းများကို အမြဲဂရုတစိုက်နားထောင်ပါရန်နှင့် ပြည်တွင်းထုတ် နေ့စဉ်သတင်းစာများတွင်ပါရှိသည့် မိုးလေဝသနှင့်ပတ်သက်သည့် သတင်း၊ ဆောင်းပါးများအား အမြဲမပြတ်ဖတ်ရှုသတိပြုပြီး ငါးမွေးမြူသူအချင်းချင်း သတင်းအချက်အလက်ဖလှယ်ကြပါရန်၊
- ❖ ရေကြီးနစ်မြုပ်မှုအတွက် အရေးပေါ်အခြေအနေများ ဖြစ်ပေါ်ပါက နီးစပ်ရာငါးလုပ်ငန်းဦးစီးဌာနများနှင့် ဆက်သွယ်အကူအညီတောင်းခံကြပါရန်၊

စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန
ငါးလုပ်ငန်းဦးစီးဌာန

နီဇော်သစ်

# အကောင်းအဆိုး အကျိုးအပြစ်များလှသည့် နည်းပညာ



ရေနံထွက်ပစ္စည်းများဖြစ်သည့် ဓာတ်ဆီ၊ ဒီဇယ် အစရှိသော လောင်ကျွမ်းလွယ်သည့် လောင်စာများနှင့် ပေါက်ကွဲအားသုံးအင်ဂျင်နည်းပညာတို့တွဲပြီး ယနေ့အချိန်အထိ အထွေထွေသုံးနည်းပညာတစ်ရပ်အဖြစ် နေရာယူခဲ့သည့်အကြောင်း ရှေ့တွင်တင်ပြခဲ့သည်။ သို့သော် ရေနံ သို့မဟုတ် ရုပ်ကြွင်းလောင်စာတို့၏ အကျိုးသက်ရောက်မှုမှာ ထိုမျှမက။ အခြား အထွေထွေသုံးနည်းပညာတစ်ရပ်ကိုလည်း ပေါ်ထွန်းလာစေခဲ့သည်။ ထိုနည်းပညာမှာ လူသိမများလှ။ အကြောင်းမှာ တိုက်ရိုက်ထိတွေ့မှုနည်းပြီး သွယ်ဝိုက်အသုံးချမှုက ပိုများ၍ ဖြစ်သည်။ ယင်းမှာ ရေနံဓာတုနည်းပညာဖြစ်သည်။

**ပထမဆုံး ဓာတုပလတ်စတစ်ကို ထုတ်လုပ်ခဲ့**

ရေနံဓာတုနည်းပညာအကြောင်းပြောလျှင် ၁၉၀၇ ခုနှစ်၌ ဘယ်လ်ဂျီယံ ဓာတုဗေဒပညာရှင် လီယိုဘေကယ်လန်းဒ်က ဘေကယ်လိုက်ဟု သူကိုယ်တိုင်အမည်ပေးထားသည့် ပထမဆုံး ဓာတုပလတ်စတစ်ကို ထုတ်လုပ်ခဲ့ခြင်းမှ စတင်ရလိမ့်မည်။ ဓာတုပလတ်စတစ်ဆိုသည်မှာ အပင်များမှရသည့် သဘာဝပစ္စည်းများဖြင့် ထုတ်လုပ်ထားသည့် ပလတ်စတစ်မဟုတ်ဘဲ ရေနံထွက်ပစ္စည်းများမှ ထုတ်လုပ်သည့် ပလတ်စတစ်ကို ဆိုလိုသည်။ ယင်းမှာ ပေါ်လီမာဓာတုဗေဒပညာရပ်ကို တံခါးဖွင့်လိုက်ခြင်းလည်းဖြစ်သည်။ ထိုသို့ ဈေးသက်သာသည့် ဓာတုပလတ်စတစ်ထုတ်လုပ်မှု ထွန်းကားလာသည်နှင့်အမျှ ၁၉၂၀ ပြည့်လွန်နှစ်များနှင့် ၁၉၃၀ ပြည့်လွန်နှစ်များတွင် ရေနံလုပ်ငန်းကြီးများက ပလတ်စတစ်အတွက် ကုန်ကြမ်းများဖြစ်သော အီသိုင်လင်းနှင့် ပရိုပိုင်လင်းတို့ကို စတင်ထုတ်လုပ်လာကြသည်။

ဒုတိယကမ္ဘာစစ်အတွင်း အမေရိကန်အစိုးရသည် စစ်အတွက် ရော်ဘာလိုအပ်ချက် မြင့်တက်လာသောကြောင့် ဓာတုရော်ဘာထုတ်လုပ်ရေးစီမံကိန်းကို စတင်အကောင်အထည်ဖော်သည်။ ယခင်က အမေရိကန်ပြည်ထောင်စုသည် ဗြိတိသျှ မလေးယား (မလေးရှား)၊ ဒတ်ချ်အရှေ့အင်ဒီးစ်(အင်ဒိုနီးရှား)နှင့် ထိုင်းတို့မှ သဘာဝရော်ဘာတို့ကို အဓိကတင်သွင်းခဲ့သည်။ စစ်အတွင်း ဂျပန်က အရှေ့တောင်အာရှကို သိမ်းလိုက်ပြီးနောက် သဘာဝရော်ဘာကုန်ကြမ်းများမရတော့သဖြင့် ဓာတုရော်ဘာဘက်သို့ လှည့်လာရခြင်းဖြစ်သည်။ ယင်းမှာလည်း ပေါ်လီမာစမ်းသပ်မှုတို့ကို အားပေးရာရောက်ခဲ့သည်။

၁၉၅၄ ခုနှစ်တွင် အီတလီ ဓာတုဗေဒပညာရှင် ဂူလီယို နတ်တာက ပိုလီပရိုပိုင်လင်း ထုတ်လုပ်နိုင်ခဲ့ခြင်းသည် ပလတ်စတစ်အများအပြား ထုတ်လုပ်နိုင်ရန် အဓိကမှတ်တိုင်တစ်ခုဖြစ်ခဲ့သည်။ ၁၉၆၀ ပြည့်လွန်နှစ်များတွင်မူ အားလုံးသိကြသည့်အတိုင်း ပိုလီယက်စတာအထည်များ၊ ပလတ်စတစ်ပစ္စည်းအမျိုးမျိုး၊ ဓာတ်မြေဩဇာ အစရှိသည့်ရေနံဓာတုထုတ်ကုန်များသည် တစ်ကမ္ဘာလုံးကို စိုးမိုးသွားခဲ့သည်မှာ ယနေ့ထက်တိုင်ပင်။

ရေနံဓာတုနည်းပညာသည် ရေနံကုန်ကြမ်း၏ အရေးပါမှုကို မြင့်တက်စေခဲ့သည်။ ရေနံကြွယ်ဝသော ဆော်ဒီအာရေဗျ၊ အီရန်၊ ဗင်နီဇွဲလားတို့ကဲ့သို့ နိုင်ငံများသည် နိုင်ငံရေးအရရော စီးပွားရေးအရပါ အရေးပါလာသည်။ အထူးသဖြင့် ၁၉၆၀ ပြည့်နှစ်၌ ရေနံရောင်းနိုင်ငံများအဖွဲ့(အိုပက်)ကို ဖွဲ့စည်းလိုက်ပြီးနောက် ရေနံ၏ဩဇာလွှမ်းမိုးမှုမှာ ပိုမိုကြီးမားလာခဲ့သည်။ အမေရိကန်နိုင်ငံခြားရေးဝန်ကြီးဟောင်း ဟင်နရီကစ်ဆင်းဂျားက "ရေနံကို ထိန်းချုပ်နိုင်တာဟာ ကမ္ဘာ့စီးပွားရေးကို ထိန်းချုပ်နိုင်တယ်လို့ အဓိပ္ပာယ်ရတယ်"ဟု မှတ်ချက်ပြုခဲ့သည်။

ရေနံ သယံဇာတပေါကြွယ်ဝသော နိုင်ငံများသာမက ရေနံဓာတုနည်းပညာဖွံ့ဖြိုးတိုးတက်သော နိုင်ငံများသည်လည်း စီးပွားရေး၊ နိုင်ငံရေးအရ ဦးဆောင်သည့်နိုင်ငံများဖြစ်လာသည်။ အထူးသဖြင့် ဓာတုအင်ဂျင်နီယာပညာရပ်တွင်ရော သန့်စင်သည့်နည်းပညာများတွင်ပါ ရှေ့ပြေးနေသည့် အမေရိကနှင့် အနောက်နိုင်ငံများဖြစ်သည်။ Exxon၊ Dow၊ DuPont တို့လို အမေရိကန်ကုမ္ပဏီကြီးများသည် ရေနံဓာတုနည်းပညာကို ကမ္ဘာအနှံ့ဖြန့်ကြက်ခဲ့ကြသည်။ ရေနံဓာတုနည်းပညာသည် ခေတ်သစ်စီးပွားရေး၏ ကျောရိုးဖြစ်လာသည်။ ရေနံစိမ်းနှင့် သဘာဝဓာတ်ငွေ့တို့မှရရှိသော အီသိုင်လင်း၊ ပရိုပိုင်လင်း၊ ဘန်ဇင်း၊ တိုလူရင်း အစရှိသည့် ဓာတုပစ္စည်းများသည် ပလတ်စတစ်၊ ဖိုက်ဘာ၊ ဆေးဝါးအစရှိသည်တို့အတွက် အဓိကကုန်ကြမ်းများဖြစ်လာသည်။ ကားဘန်ပါများမှသည် စမတ်ဖုန်းများအထိ၊ နှလုံးစက်မှသည် ဈေးဝယ်အိတ်များအထိ မည်သည့်နေရာတွင်မဆို ရေနံဓာတုနည်းပညာနှင့် လွတ်ကင်းသောအရာ မရှိသလောက်ဖြစ်လာသည်။

**စစ်ရေးတွင်လည်း အရေးပါခဲ့**

စီးပွားရေးအပြင် စစ်ရေးတွင်လည်း အရေးပါခဲ့သည်။ ဒုတိယကမ္ဘာစစ်အတွင်း ဓာတ်ဆီ၊ ဒီဇယ်နှင့် လောင်ကျွမ်းအားသုံးအင်ဂျင်များသည် ယာဉ်များအတွက် အရေးပါသလိုပင် ရေနံဓာတုနည်းပညာမှ ရရှိသည့် ဓာတုရော်ဘာများကလည်း တာယာများအတွက် မရှိမဖြစ်အရေးပါခဲ့သည်။ ခေတ်မီ ဖောက်ခွဲရေးပစ္စည်းများတွင်လည်း ရေနံဓာတုနည်းပညာက အခရာကျသည်။ ဒုတိယကမ္ဘာစစ်နှင့် ဗီယက်နမ်စစ်ပွဲတို့တွင် သုံးခဲ့သော နပန်းဗုံးများသည် ရေနံဓာတုနည်းပညာ၏ တိုက်ရိုက်ထွက်ကုန်ဟု ဆိုနိုင်သည်။ တီအင်န်တီ၊ အာရ်ဒီအိက်စ်တို့ကဲ့သို့ ဖောက်ခွဲရေးပစ္စည်းများသည်လည်း ရေနံဓာတုနည်းပညာ တစ်ဆင့်ခံပြီး ထုတ်လုပ်ထားခြင်းဖြစ်သည်။ စီဖိုးလို ပလတ်စတစ်ဖောက်ခွဲရေးပစ္စည်းများသည်လည်း အလားတူပင်။ ထိုမျှမကသေး ရေနံဓာတုနည်းပညာသုံး ကျည်ကာအင်္ကျီ၊ ကျည်ကာခမောက်တို့မှာ ပိုမိုပေါ့ပါး ခိုင်ခံ့သည်။ အခြား အကာအကွယ်ပစ္စည်းများဖြစ်သော ဓာတ်ငွေ့ကာ မျက်နှာဖုံး၊ ဓာတု-ဇီဝ လက်နက် အကာအကွယ်ဝတ်စုံများကိုလည်း ရေနံဓာတုနည်းပညာသုံးပစ္စည်းများဖြင့် ထုတ်လုပ်ထားခြင်းဖြစ်သည်။ နောက်ဆုံး ယူနီဖောင်းများ၊ တဲများ၊ လေထီးများ၊ ကြိုးများ၊ ကျောပိုးအိတ်များ အစရှိသည့် ပစ္စည်းများကိုလည်း ရေနံဓာတုနည်းပညာမှ ရသည့်နိုင်လွန်နှင့် ပိုလီယက်စတာများ သုံးထားရသည်။

စတင်ပေါ်ပေါက်ခဲ့ချိန်မှစ၍ ယနေ့အချိန်အထိ တိုးတက်နေဆဲနည်းပညာလည်းဖြစ်သည်။ တတိယမြောက် စက်မှုတော်လှန်ရေးဖြစ်သည့် ဒစ်ဂျစ်တယ်ခေတ်သို့ရောက်အောင်လည်း များစွာပံ့ပိုးပေးခဲ့သည်။

**သတင်းနည်းပညာခေတ်ရောက်အောင် တွန်းပို့ပေး**

အီလက်ထရွန်နစ်နည်းပညာတွင် လျှပ်ကာပစ္စည်းနှင့် အဖုံးများ၊ ဆားကစ်ဘုတ်များ၊ ဖန်သားပြင်များသည် ပေါ်လီမာနည်းပညာများကို ကြီးကြီးမားမား အမှီပြုထားရသည်။ မိုက်ခရိုချစ်ပ်များ ထုတ်လုပ်ရာတွင်လည်း ဆီလီကွန်ဝေဖာများကို သန့်စင်ခြင်း၊ ချစ်ပ်ပေါ်၌ လျှပ်စီးပတ်လမ်း ပုံလောင်းခြင်း အစရှိသည်တို့တွင် အသုံးပြုရသည့် ဖျော်ရည်များ၊ ပေါ်လီမာများသည် ရေနံဓာတုနည်းပညာသုံး ပစ္စည်းများဖြစ်သည်။ ထို့ကြောင့် သတင်းနည်းပညာခေတ်ရောက်အောင် တွန်းပို့ပေးရာတွင် အခရာကျသော နည်းပညာလည်းဖြစ်သည်။ နောက်ဆုံး လက်ရှိ အသုံးများလှသည့် လစ်သီယံဘက်ထရီများ၏ အဖိုငုတ်၊ အမငုတ်များကြားတွင် ပိုလီယက်သိုင်လင်း၊ ပိုလီပရိုပိုင်လင်းကဲ့သို့ ရေနံဓာတုပေါ်လီမာအလွှာများ အုပ်ထားရသည်။

ထိုသို့ အသုံးဝင်မှု အလွန်များသော်လည်း တစ်ဖက်တွင် ဆိုးကျိုးများက ကြီးကြီးမားမားရှိနေသည်။ အထူးသဖြင့် ပလတ်စတစ်ညစ်ညမ်းမှုသည် သမုဒ္ဒရာထိအောင် ထိခိုက်စေလျက်ရှိသည်။ ရုပ်ကြွင်းလောင်စာများကို သုံးရခြင်းဖြစ်၍ ကာဗွန်ထုတ်လွှတ်မှုကလည်း မြင့်မားသည်။ ထို့ပြင် ရေနံအပေါ်မှီခိုရမှုမှာလည်း အကန့်အသတ်ရှိလာနိုင်သည်။

ရေနံဓာတုနည်းပညာသည် ကြီးမားသောအကောင်းအဆိုး အကျိုးအပြစ်တို့ တွဲလျက်ပါနေသည့် နည်းပညာဖြစ်သည်။ တစ်ဖက်တွင် အကျိုးစီးပွားတို့ရှိနေပြီး တစ်ဖက်တွင် အန္တရာယ်များရှိနေသည်။ မည်သို့ပင်ဖြစ်စေ ပြီးခဲ့သည့် ရာစုနှစ်ကို အရှိန်အကောင်းဆုံး မောင်းနှင်ခဲ့သည့်နည်းပညာဖြစ်သည်။ စွမ်းအင်အသုံးပြုမှု ပြောင်းလဲသွားရုံသာမက လူသားအားလုံး၏ စားဝတ်နေရေး အခြေခံအားလုံးကိုပါ ပြောင်းလဲသွားစေခဲ့သည်။ ။

# လူ့သမိုင်းတစ်လျှောက် လေထုထဲ၌ ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်မှု အမြင့်ဆုံးရောက်ရှိ



© Smileus/Shutterstock

ယနေ့အချိန်တွင် လေထုထဲ၌ ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်မှုနှုန်းမှာ လူ့သမိုင်းတစ်လျှောက် အများဆုံးအနေအထားသို့ ရောက်ရှိနေပြီဖြစ်ကြောင်း သိပ္ပံပညာရှင်များက သတိပေးလိုက်သည်။

ဆန်ဒီယေဂိုရှိ စခရစ်ပ် သမုဒ္ဒရာဗေဒ အင်စတီကျူးရှင်း၏ လစဉ်တိုင်းတာမှုများတွင် လေထုထဲ၌ ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်မှုနှုန်းသည် ၄၃၀ ပီပီအမ်ကို ကျော်သွားပြီဖြစ်ကြောင်း ပထမဆုံးအကြိမ် တွေ့ရှိခဲ့ရခြင်းဖြစ်သည်။ ပီပီအမ်ဆိုသည်မှာ လေမော်လီကျူး တစ်သန်းတိုင်းတွင် ပါဝင်သည့် ကာဗွန်ဒိုင်အောက်ဆိုက် မော်လီကျူးအရေအတွက်ကို ဖော်ပြခြင်းဖြစ်သည်။ ပြီးခဲ့သည့် မေလအတွက် တိုင်းတာခဲ့ရာ ၄၃၀ ဒသမ ၂ ပီပီအမ်ရှိသောကြောင့် အသေးစိတ်မှတ်တမ်းတင်ခဲ့သည့် ၆၇ နှစ်အတွင်း အမြင့်ဆုံး ရောက်ရှိလာခြင်းဖြစ်သည်။

ကာဗွန်ဒိုင်အောက်ဆိုက်သည် အခြားသော ဖန်လုံအိမ်ဓာတ်ငွေ့များကဲ့သို့ပင် အပူကို ဖမ်းထားပြီး လေထုအောက်လွှာကိုပူစေသည်။ ယင်းမှာ အပူလှိုင်းများ၊ မိုးခေါင်ရေရှားမှုများ၊ တောမီးများ၊ မိုးအလွန်အကျွံရွာသွန်းခြင်းများ၊ ရေကြီးခြင်းများကို ဖြစ်စေနိုင်သည်။ ထို့ပြင် ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်မှု မြင့်တက်ခြင်းသည် ပင်လယ်ရေ၌ အက်စစ်ပါဝင်မှုကိုလည်း မြင့်တက်စေသည်။ ယင်းမှာ ရေသတ္တဝါအများအပြားနှင့် သန္တာကျောက်တန်းများအတွက် အန္တရာယ်ဖြစ်စေသည်။

ပြီးခဲ့သည့် နှစ်များအတွင်း လေထုထဲ၌ ကာဗွန်ဒိုင်အောက်ဆိုက်ပါဝင်မှုနှုန်းမှာ အရှိန်ဖြင့် မြင့်တက်လာနေခြင်းဖြစ်သည်။ ထိုဖြစ်စဉ်မှာ ယာယီဖြစ်လျှင်ပင် စိုးရိမ်ဖွယ်ရာဖြစ်ကြောင်း ပညာရှင်များက သတိပေးထားသည်။ ထိုအရှိန်ကို ဆက်မထိန်းနိုင်လျှင် ကမ္ဘာမြေပြင်သည် လူသားတို့ မနေနိုင်လောက်အောင် ပူပြင်းသည့်နေရာဖြစ်လာနိုင်သည်ဟုလည်း သတိပေးထားသည်။ **Ref: DailyMail**

# သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အားလုံးပါဝင်ဆောင်ရွက်ပေး

## သွေးလွန်တုပ်ကွေးရောဂါကာကွယ်ရေး အားလုံးပါဝင်ဆောင်ရွက်ပေး



**ကလေးများများလျှင် သွေးလွန်တုပ်ကွေးရောဂါ ဖြစ်နိုင်၍ ဂရုပြုသတိထားစောင့်ကြည့်ပါ။**

ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ သွေးလွန်တုပ်ကွေးရောဂါ ကာကွယ်နှိမ်နင်းရေးစီမံချက်နှင့် ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲတို့ ပူးပေါင်း ထုတ်ဝေသည်။ ၂၀၁၅ ခုနှစ်၊ မေလ

၁

### သွေးလွန်တုပ်ကွေးရောဂါ

- သွေးလွန်တုပ်ကွေးရောဂါပိုး သယ်ဆောင်သော ခြင်ကျား (*Aedes*)အကိုက်ခံရခြင်းမှ တစ်ဆင့်ကူးစက်သည်။
- အသက်အရွယ်မရွေးဖြစ်နိုင်ပြီး အသက်(၁၅)နှစ်အောက်ကလေးများ အထူးသဖြင့်အသက်(၅)နှစ်မှ (၉)နှစ်အရွယ်ကလေးများတွင် အများဆုံးဖြစ်ပွားသည်။
- အသက်(၁၅)နှစ်အထက်လူကြီးများတွင် ဖြစ်ပွားပါက သေဆုံးမှုနှုန်းမြင့်မားသည်ကို တွေ့ရသည်။
- တစ်နှစ်ပတ်လုံးကူးစက်နိုင်ပြီး မိုးရာသီတွင်အများဆုံးဖြစ်ပွားသည်။ တောရောမြို့ပါဖြစ်ပွားသည်။



- ခြင်ကျားသည် နေ့အချိန်တွင် ပိုကိုက်သည်။
- ခြင်ကျားလောက်လမ်းသည် ရေကြည်ရေသန့်နှင့် မိုးရေတင်ကျန်နိုင်သည့်ဘူး၊ ခွက်၊ တာယာဟောင်းများထဲတွင် ပေါက်ပွားပါသည်။

၂

သွေးလွန်တုပ်ကွေးရောဂါလက္ခဏာများ
- လတ်တလော ဖျားနာခြင်း(၂-ရက် မှ ၇-ရက်ခန့်)
- ဗိုက်နာခြင်း၊ ပျို့အန်ခြင်း၊ ကိုယ်ခန္ဓာတွင် အနီစက်များ ထွက်ခြင်းတို့ ဖြစ်တတ်သည်။
- စတင်ဖျားသည့်အချိန်မှစ၍(၃)ရက်မှ(၅)ရက်အတွင်း သွေးလန့်သည့် လက္ခဏာများပေါ်၍ အသက်အန္တရာယ် ရှိနိုင်သည်။

သွေးလန့်သည့်လက္ခဏာများ
- (၃)ရက်မှ(၅)ရက်အတွင်း အဖျားကြီးရာမှ ရုတ်တရက်အဖျားကျကာ ခြေဖျား၊ လက်ဖျားများ အေးစက်ခြင်း၊ နလုံးခုန်မြန်ခြင်း
- မကြာခဏအော့အန်ခြင်း။ အညိုရောင်အရည်များအန်ခြင်း။
- အစားမဝင်ခြင်း၊ ကလေးမှိန်းလွန်းခြင်း။
- ကတ္တရာစေးရောင် ဝမ်းအမည်းများသွားခြင်း။
- သွားဖုံး အသားနုများမှ သွေးထွက်ခြင်း။



**အထက်ပါသွေးလန့်သည့်လက္ခဏာများရှိလျှင် နီးစပ်ရာ ဆေးရုံသို့ အမြန်ဆုံးသွားရောက်၍ ကုသမှုခံယူပါ။**

၃

### ခြင်ကျားလောက်လမ်းပေါက်ပွားရာနေရာများ

- အမိုကရေသိုလှောင်ပစ္စည်းများဖြစ်သည့် ရေစည်၊ ရေအိုး၊ ရေကန်များ
- ဘုရားပန်းအိုး၊ နတ်ပန်းအိုး၊ အလှပန်းအိုးများ၊ ရေတင်ကျန်နိုင်သည့် ဘူးခွံ၊ ခွက်ခွံ၊ တာယာဟောင်းများ
- သဘာဝအလျောက် မိုးရေတင်ကျန်လေ့ရှိသော သစ်ပင်အခေါင်း၊ အုန်းလက်၊ ငှက်ပျောလက်များ ခုတ်ပြီး အငုတ်ကျန်ခဲ့သော ဝါးဆစ်များ

### ကျောင်းများတွင် ဆောင်ရွက်ရမည့်လုပ်ငန်းများ

- သွေးလွန်တုပ်ကွေးရောဂါအကြောင်းဟောပြောပို့ချပါ။
- ကျောင်းသား၊ ကျောင်းသူများ ဖုံး၊ သွန်၊ လဲ၊ စစ်၊ အိုးအတွင်းပိုင်းတိုက်ချွတ်သည့်လုပ်ငန်းများ ဆောင်ရွက်တတ်စေရန် လေ့ကျင့်သင်ကြားပေးပါ။
- မိုးရာသီတွင် ကျောင်းသား၊ ကျောင်းသူများ ဖျားနာပါက ကျန်းမာရေးဌာနသို့ အလျင်အမြန်ပြသပါ။



၄

**သွေးလွန်တုပ်ကွေးရောဂါကာကွယ်နှိမ်နင်းရေး လုပ်ငန်းများ**




၅




၆

# မန်စီးတီးအသင်းကနေ ထွက်ခွာခဲ့ရင် ဘယ်အသင်းဆီ ဂရီးယလ်လစ်ရှ် ပြောင်းရွှေ့မလဲ




မန်စီးတီးအသင်းမှာ ပါဝင်ကစားခွင့်ရရှိခြင်းဟာ သူ့ရဲ့စိတ်ကူးအိပ်မက် အမှန်တကယ် အကောင်အထည်ပေါ်လာခြင်းဖြစ်တယ်လို့ ၂၀၂၁ ခုနှစ်အတွင်းက အက်စ်တွန်ဗီလာအသင်းကနေ မန်စီးတီးအသင်းဆီ ပြောင်းရွှေ့လာခဲ့ပြီးနောက် ပထမဆုံးအကြိမ်ပြုလုပ်တဲ့ တွေ့ဆုံမေးမြန်းခန်းတစ်ခုမှာ ဂျက်ဂရီးယလ်လစ်ရှ်က ပြောကြားခဲ့ပါတယ်။

မန်စီးတီးအသင်းဟာ အင်္ဂလန်ကြယ်ပွင့် ဂရီးယလ်လစ်ရှ်ကို အက်စ်တွန်ဗီလာအသင်းဆီကနေ ဗြိတိန်စံချိန်တင်ပြောင်းရွှေ့ကြေးပေါင် သန်း ၁၀၀ ပေးပြီး ခေါ်ယူခဲ့တာဖြစ်ပါတယ်။

ဂရီးယလ်လစ်ရှ်အနေနဲ့ မန်စီးတီးအသင်းဆီရောက်ရှိလာခဲ့ပြီးနောက် ပရီမီယာလိဂ်ဖလားသုံးကြိမ်ရယူပေးနိုင်ခဲ့တဲ့အပြင် မန်စီးတီးအသင်းနဲ့အတူ ဒုတိယဘောလုံးရာသီမှာ တစ်ရာသီအတွင်း ချန်ပီယံလိဂ်ဖလား၊ ပရီမီယာလိဂ်ဖလား၊ အက်ဖ်အေဖလားစတဲ့ ဖလားသုံးလုံးကို ရယူပေးခဲ့ရာမှာ အဓိကအရေးပါတဲ့ ကစားသမားတစ်ဦးအဖြစ် မှတ်တမ်းဝင်ခဲ့တာ ဖြစ်ပါတယ်။

လက်ရှိကာလမှာတော့ ဂရီးယလ်လစ်ရှ်အနေနဲ့ မန်စီးတီးအသင်းနဲ့အတူ ဖြတ်သန်းရတဲ့ကာလဟာ အခက်အခဲတွေနဲ့ ရင်ဆိုင်ခဲ့ရတာဖြစ်ပါတယ်။

ဒါ့ပြင် ဂရီးယလ်လစ်ရှ်ဟာ နှစ်ရာသီအတွင်းမှာ မန်စီးတီးအသင်းနဲ့အတူ ပရီမီယာလိဂ်ပွဲစဉ် ၁၇ ပွဲသာ ပွဲထွက်ကစားသမားအဖြစ်ပါဝင်ကစားခွင့် ရရှိခဲ့တာဖြစ်ပြီး အင်္ဂလန်နိုင်ငံ လက်ရွေးစင်အသင်းအတွက်လည်း ယူရို ၂၀၂၄ မှာ မိနစ်အနည်းငယ်သာ ပွဲထွက်ကစားခဲ့ရတာဖြစ်ပါတယ်။

မန်စီးတီးအသင်းနဲ့အတူ တစ်ရာသီအတွင်း ဖလားသုံးလုံးရယူဆွတ်ခူးပေးခဲ့ပြီး နှစ်နှစ်အကြာဖြစ်တဲ့ လက်ရှိအချိန်မှာတော့ ဂရီးယလ်လစ်ရှ်ဟာ မန်စီးတီးအသင်းကနေ ထွက်ခွာဖို့ ပြင်ဆင်လာခဲ့တာဖြစ်ပါတယ်။

မန်စီးတီးအသင်းအနေနဲ့ ကွင်းလယ်ကစားသမား ရီအင်န်ဒါကို စာချုပ်ချုပ်ဆိုခေါ်ယူခြင်းနဲ့ ရေယန်ချာကီကို စာချုပ်ချုပ်ဆိုခေါ်ယူဖို့ ချိတ်ဆက်နေခြင်းက ကွင်းလယ်ကစားသမား ဂရီးယလ်လစ်ရှ်အတွက် မန်စီးတီးအသင်းနဲ့ လမ်းခွဲဖို့အစီအစဉ်ဖြစ်ပေါ်လာခြင်းလားလို့ တွက်ဆရမှာဖြစ်ပါတယ်။

လက်ရှိမှာ ဂရီးယလ်လစ်ရှ်ရဲ့ မန်စီးတီးအသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းက နှစ်နှစ်ကျန်ရှိနေသေးသလို နည်းပြဂွါဒီယိုလာနဲ့ အသင်းဘုတ်အဖွဲ့ကလည်း ဂရီးယလ်လစ်ရှ်ကို အီတီဟက်ဒ်မှာ ဆက်နေပေးဖို့ ဆန္ဒရှိနေတာဖြစ်ပါတယ်။

ဂရီးယလ်လစ်ရှ်အနေနဲ့ ပြီးခဲ့တဲ့နှစ်က မန်ယူအသင်းမှ ကစားသမား နှစ်ဦးဖြစ်တဲ့ မားကတ်ရက်ရှ်ဖို့ဒ်နဲ့ ဂျာဒန်ဆန်ချိုတို့လို ကြမ်းတမ်းတဲ့လမ်းကြောင်းကနေ အငှားစာချုပ်နဲ့ သွားရောက်ကစားရတာမျိုး မဟုတ်ဘဲ အမြဲတမ်းစာချုပ်နဲ့ ခေါ်ယူမယ့် အသင်းသစ်တစ်သင်းဆီ ပြောင်းရွှေ့ဖို့ ဆန္ဒရှိနေတာဖြစ်ပါတယ်။

အသက် ၂၉ နှစ်အရွယ်ရှိ ဂရီးယလ်လစ်ရှ်ဟာ မန်စီးတီးအသင်းမှာ တစ်ပတ်လုပ်ခလစာပေါင်သုံးသိန်းရရှိနေပြီး စာချုပ်သက်တမ်းကလည်း ၂၀၂၇ ခုနှစ်မှာ ကုန်ဆုံးမှာဖြစ်ပါတယ်။ ဒါကြောင့် ဂရီးယလ်လစ်ရှ်အနေနဲ့ လက်ရှိရရှိနေတဲ့ လုပ်ခလစာအတိုင်း ဆက်လက်ရရှိစေဖို့ ဒါမှမဟုတ် လုပ်ခလစာတိုးမြှင့်ရယူချင်တယ်ဆိုရင် ဆော်ဒီအာရေဗျကို ပြောင်းရွှေ့ကစားခြင်းကသာ အခွင့်အရေးတစ်ရပ်အဖြစ်ရှိနေမှာဖြစ်ပါတယ်။

လက်ရှိမှာ ဂရီးယလ်လစ်ရှ်ကို ပရီမီယာလိဂ်ကလပ်အသင်းတွေဖြစ်တဲ့ စပါးအသင်း၊ နယူးကာဆယ်အသင်း၊ အဲဗာတန်အသင်းနဲ့ အသင်းဟောင်း အက်စ်တွန်ဗီလာအသင်းတို့က ခေါ်ယူဖို့ ချိတ်ဆက်မှုတွေပြုလုပ်နေတာဖြစ်ပါတယ်။

ဒါ့ပြင် ဥရောပရဲ့ ထိပ်တန်းအသင်းစာရင်းဝင် ဘာဗေးရီးယားအသင်း၊ အေစီမီလန်အသင်း၊ နာပိုလီအသင်းတို့ကလည်း ခေါ်ယူဖို့ စိတ်ဝင်စားနေပြီး ဂျာမန်ဘွန်ဒက်စလီဂါကလပ် ဒေါ့မွန်အသင်းနဲ့ အီတလီစီးရီးအေကလပ် အင်တာမီလန်အသင်းတို့ကလည်း ဂရီးယလ်လစ်ရှ်ကို ခေါ်ယူနိုင်ရေး စောင့်ကြည့်မှုတွေ ပြုလုပ်နေတာဖြစ်ပါတယ်။

ဒါကြောင့် ကွင်းလယ်ကစားသမား ဂရီးယလ်လစ်ရှ်အနေနဲ့ လက်ရှိကလပ် မန်စီးတီးအသင်းမှာ ဆက်ရှိနေမလား၊ မန်စီးတီးအသင်းကနေ ထွက်ခွာခဲ့ရင် နာမည်ကြီးကစားသမားတွေကို ဈေးကြီးပေးခေါ်ယူလေ့ရှိတဲ့ ဆော်ဒီအာရေဗျကို ပြောင်းရွှေ့မလား ဒါမှမဟုတ် ဥရောပရဲ့ ထိပ်တန်းအဆင့်ရှိအသင်းတွေထဲက ဘယ်အသင်းဆီပြောင်းရွှေ့သွားမလဲဆိုတာ ဆက်လက်စောင့်ကြည့်ရဦးမှာ ဖြစ်ပါတယ်။

## ဘင်ဂျမင်ဆက်ကိုအား ပေါင်သန်း ၇၀ ဖြင့် ခေါ်ယူရန် အာဆင်နယ် ဆွေးနွေးလျက်ရှိ



အာဆင်နယ် အသင်းဟာ လိုက်ပ်ဇစ်အသင်းမှ ဆလိုဗေးနီးယား တိုက်စစ်မှူး ဘင်ဂျမင်ဆက်ကိုအား ပြောင်းရွှေ့ကြေး ပေါင်သန်း ၇၀ ဖြင့် ခေါ်ယူရန် ဆွေးနွေးလျက်ရှိတယ်လို့ သိရပါတယ်။


တိုက်စစ်မှူး ဆက်ကိုဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက ချန်ပီယံလိဂ် သွင်းဂိုး လေးဂိုးအပါအဝင် ပြိုင်ပွဲစုံ သွင်းဂိုး ၂၁ ဂိုးနဲ့ ဂိုးဖန်တီးမှု ခြောက်ကြိမ် ပြုလုပ်နိုင်ခဲ့တာဖြစ်ပါတယ်။

အာဆင်နယ်အသင်းနည်းပြ အာတီတာဟာ ပြီးခဲ့တဲ့ဘောလုံးရာသီက တိုက်စစ်ပိုင်းမှာ ဂါဘရီယယ်ဂျီးဆပ်နဲ့ ကိုင်ဟာဗက်တို့ ဒဏ်ရာ ပြဿနာအသီးသီးကြုံတွေ့ကာ ရလဒ်ပိုင်းဆိုးရွားမှုဖြစ်ပေါ်ခဲ့တာကြောင့် ဘင်ဂျမင်ဆက်ကိုနဲ့ အက်စ်တွန်ဗီလာအသင်း တိုက်စစ်မှူး ဝက်ကင်း တို့ကို ခေါ်ယူဖို့ စီစဉ်နေတာဖြစ်ပါတယ်။

ဒါ့ပြင် အာဆင်နယ်အသင်းဟာ ဘူကာယိုဆာကာနဲ့ မာတင်နယ်လီတို့ ဒဏ်ရာကြောင့် မပါဝင်နိုင်ခြင်းကြောင့်လည်း ရမှတ်ဆုံးမှုတွေနဲ့ ရင်ဆိုင်ကြုံတွေ့ခဲ့ရတာ ဖြစ်ပါတယ်။

ဒါကြောင့် နည်းပြအာတီတာဟာ ယခုအပြောင်းအရွှေ့ကာလမှာ အသင်းအတွက်လိုအပ်နေတဲ့ တိုက်စစ်ပိုင်းအတွက် အားဖြည့်ဖို့ စိတ်ဆန္ဒပြင်းပြနေခဲ့တာလည်း ဖြစ်ပါတယ်။

## တိုက်စစ်မှူး ဟော့ဂျ်လန်းကို အမြဲတမ်းစာချုပ်နဲ့ ခေါ်ယူနိုင်ရေး အင်တာမီလန် ထပ်မံချိတ်ဆက်



အီတလီစီးရီးအေကလပ်အင်တာမီလန်အသင်းဟာ မန်ယူအသင်း တိုက်စစ်မှူး ဟော့ဂျ်လန်းကို အမြဲတမ်းစာချုပ် ချုပ်ဆိုခေါ်ယူနိုင်ရေး ချိတ်ဆက်မှုတွေ ထပ်မံပြုလုပ်လျက်ရှိတယ်လို့ သိရပါတယ်။

အသက် ၂၂ နှစ်အရွယ် ဟော့ဂျ်လန်းဟာ မန်ယူအသင်းနဲ့အတူ ၂၀၂၈ ခုနှစ်အထိ စာချုပ်ချုပ်ဆိုထားပေမယ့် အိုးထရက်ဖို့ဒ်မှာ အနာဂတ် ဆက်ရှိဖို့ မသေချာပါဘူး။

မန်ယူအသင်းဟာ ၂၀၂၃ ခုနှစ်က အတ္တလန်တာအသင်းမှ ဟော့ဂျ်လန်းကို ခေါ်ယူစဉ်က ပေါင် ၆၄ သန်းကျော် ကုန်ကျခဲ့တာဖြစ်ပြီး ခေါ်ယူထားတဲ့တန်ကြေးနဲ့ ညီမျှတဲ့ ဂိုးသွင်းယူနိုင်မှုကို ရရှိဖို့တော့ ရုန်းကန်ခဲ့ရကာ ပရီမီယာလိဂ်ပွဲစဉ် ၃၂ ပွဲမှာ လေးဂိုးသာ သွင်းယူနိုင်ခဲ့တာဖြစ်ပါတယ်။

ဒါပေမဲ့ အင်တာမီလန်အသင်းကတော့ လူငယ်ကစားသမားတွေနဲ့ အသင်းကို အားဖြည့်ဖို့အတွက် တိုက်စစ်မှူး ဟော့ဂျ်လန်းကို ခေါ်ယူနိုင်ရေး ကြိုးပမ်းနေတာဖြစ်ပါတယ်။

ငွေကြယ် - ရေးသားသည်

## ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲ ပါဝင်ကစားဖို့ တိုက်စစ်မှူး စီရိုနယ်လ်ဒို ငြင်းဆို




ပေါ်တူဂီအသင်း ခေါင်းဆောင် စီရိုနယ်လ်ဒိုဟာ ယခုလအတွင်း ကျင်းပမယ့် ကလပ်ကမ္ဘာ့ဖလားပြိုင်ပွဲမှာ ပါဝင်ကစားဖို့ ငြင်းဆိုခဲ့ပါတယ်။

အသက် ၄၀ အရွယ်ရှိ တိုက်စစ်မှူးစီရိုနယ်လ်ဒိုရဲ့ ဆော်ဒီအာရေဗျကလပ် အယ်လ်နားဆားအသင်းနဲ့ ချုပ်ဆိုထားတဲ့ စာချုပ်သက်တမ်းဟာ ဇွန်လကုန်မှာ ကုန်ဆုံးမှာ ဖြစ်ပါတယ်။

စီရိုနယ်လ်ဒိုဟာ ၂၀၂၃ ခုနှစ်အတွင်းက မန်ယူအသင်းကနေ အယ်လ်နားဆား အသင်းဆီကို ပြောင်းရွှေ့လာခဲ့တာဖြစ်ပြီး ပြီးခဲ့တဲ့ ဘောလုံးရာသီက ၄၁ ပွဲမှာ ၃၅ ဂိုး သွင်းယူနိုင်ခဲ့မှုအပါအဝင် အယ်လ်နားဆားအသင်းနဲ့အတူ ၁၁၁ ပွဲမှာ ၉၉ ဂိုးအထိ သွင်းယူနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဒါ့ပြင်ဂျာမနီအသင်းနဲ့ ပေါ်တူဂီအသင်းတို့ပွဲစဉ်မှာ သွင်းဂိုးတစ်ဂိုး သွင်းယူပေးခဲ့ပြီး ယူအီးအက်ဖ်အေ နေးရှင်းလိဂ် ဗိုလ်လုပွဲ တက်လှမ်းနိုင်အောင်လည်း စွမ်းဆောင်ပေးခဲ့တာ ဖြစ်ပါတယ်။

## အမေရိကန်တင်းနစ်မယ် ကိုကိုဂေါက်ဖ် ပြင်သစ်အိုးပင်းတင်းနစ်ဖလား ပထမဆုံးအကြိမ် ဆွတ်ခူး



အမေရိကန်တင်းနစ်မယ် ကိုကိုဂေါက်ဖ်ဟာ ဘီလာရုစ်တင်းနစ်မယ် ဆာဘာလန်ကာနဲ့ ဇွန် ၇ ရက်ညပိုင်က ယှဉ်ပြိုင်ကစားခဲ့တဲ့ ပြင်သစ်အိုးပင်းတင်းနစ်ပြိုင်ပွဲ အမျိုးသမီးတစ်ဦးချင်းဗိုလ်လုပွဲစဉ်မှာ အနိုင်ရရှိခဲ့တာကြောင့် ပြင်သစ်အိုးပင်းတင်းနစ်ဖလားကို ပထမဆုံးအကြိမ် ရယူဆွတ်ခူးနိုင်ခဲ့ပြီဖြစ်ပါတယ်။

တင်းနစ်မယ် ကိုကိုဂေါက်ဖ်ဟာ ဆာဘာလန်ကာကို ၆-၇ (၅-၇)၊ ၆-၂၊၆-၄ နဲ့အနိုင်ရရှိခဲ့တာ ဖြစ်ပါတယ်။ ကိုကိုဂေါက်ဖ်အနေနဲ့ သူ့ရဲ့ တင်းနစ်မယ်ဘဝတစ်လျှောက်မှာ အမျိုးသမီးတစ်ဦးချင်းဂရန်းဆလမ်းဆုဖလားကို ဒုတိယအကြိမ် ဆွတ်ခူးနိုင်ခဲ့တာဖြစ်ပြီး ၂၀၂၃ ခုနှစ်ကလည်း ဂရန်းဆလမ်း ဆုဖလားဖြစ်တဲ့ အမေရိကန်အိုးပင်းတင်းနစ်ဖလားကို ရယူဆွတ်ခူးနိုင်ခဲ့တာ ဖြစ်ပါတယ်။

ဒါ့ပြင် တင်းနစ်မယ် ကိုကိုဂေါက်ဖ်ဟာ ဆာဘာလန်ကာကို အနိုင်ရရှိကာ ပြင်သစ်အိုးပင်း တင်းနစ်ဖလားကို ဆွတ်ခူးနိုင်ခဲ့ပြီဖြစ်တာမို့ ၂၀၁၅ ခုနှစ်က ဆရီနာဝီလျံဆွတ်ခူးခဲ့ပြီးနောက်ပိုင်း ပြင်သစ်အိုးပင်းတင်းနစ်ဖလားကို ဆွတ်ခူးနိုင်ခဲ့တဲ့ ပထမဆုံး အမေရိကန်တင်းနစ်မယ်လည်း ဖြစ်လာခဲ့ပါတယ်။

★ **MNL မှ**

မဟာယူနိုက်တက်အသင်းမှာမူ ရှုံးပွဲဆက်နေမှုကို ရပ်တန့်နိုင်ခြင်း မရှိသေးဘဲ ခုနစ်ပွဲဆက် အရေးနိမ့်ခဲ့သည်။ ရှမ်းယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၁၇၊ ၃၆၊ ၈၃ မိနစ်တွင် ကောင်းခန့်ဟိန်းက ဟက်ထရစ်သွင်းယူပြီး ၃၂ မိနစ်တွင် အောင်ထက်ပိုင်နှင့် ၈၅ မိနစ်တွင် ခွန်လာလေးတို့က သွင်းယူခဲ့သည်။

ပွဲစဉ် (၇) အပြီးတွင် ရန်ကုန်ယူနိုက်တက်အသင်းက ရမှတ် ၁၈ မှတ်ဖြင့် ဦးဆောင်နေပြီး လက်ရှိချန်ပီယံ ရှမ်းယူနိုက်တက်အသင်းက ၁၇ မှတ်၊ အား/ကာသိပ္ပံအသင်းနှင့် ဒဂုံစတားယူနိုက်တက်အသင်းတို့က ၁၆ မှတ်စီ၊ ရာမညယူနိုက်တက်အသင်းက ၁၃ မှတ်၊ Junior Lions အသင်းက ၁၂ မှတ်၊ သစ္စာအားမာန်အသင်းက ကိုးမှတ်၊ ဧရာဝတီယူနိုက်တက်အသင်းနှင့် ရခိုင်ယူနိုက်တက်အသင်းက ရှစ်မှတ်စီ၊ ရတနာပုံ၊ Falcon နှင့် ဟံသာဝတီယူနိုက်တက်အသင်းတို့က ခုနစ်မှတ်စီ၊ Dagon Port အသင်းက တစ်မှတ်ရထားပြီး မဟာယူနိုက်တက်အသင်းမှာမူ ခုနစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။

**သတင်း – ကိုညီလေး၊ ဓာတ်ပုံ – MNL**



မြန်မာ့လက်ရွေးစင်ကစားသမား တိုက်စစ်မှူး ဝင်းသိင်္ဂီထွန်း။

☆ **ကျောဖုံးမှ**

ဝင်းသိင်္ဂီထွန်းသည် ပြီးခဲ့သည့်နှစ်ကတည်းက ဆာဘားအသင်းတွင် သွားရောက်ကစားခဲ့သူဖြစ်ပြီး ဧပြီလလယ်မှ ဒီဇင်ဘာလအထိ စာချုပ်သစ်ချုပ်ဆိုခဲ့ခြင်း ဖြစ်သည်။ ဝင်းသိင်္ဂီထွန်းသည် ဆာဘားအသင်းနှင့် အတူ မလေးရှား ပြည်တွင်းလိဂ်နှင့် အာရှအမျိုးသမီး ချန်ပီယံလိဂ် ပြိုင်ပွဲ ယှဉ်ပြိုင်ရမည်ဖြစ်သည်။ ဝင်းသိင်္ဂီထွန်းသည် မြန်မာအမျိုးသမီး ဘောလုံးသမားများတွင် ပထမဆုံးပြည်ပထွက်ကစားသူအဖြစ် မှတ်တမ်းဝင်ထားပြီး အိန္ဒိယ၊ ထိုင်းနှင့် မလေးရှား ကလပ်အသင်းများတွင် ကစားခဲ့သူဖြစ်သည်။

**သတင်း – ချစ်ကိုကို**
**ဓာတ်ပုံ – Sabah FC**

❂ **မြန်မာဖိုက်တာမှ**

ဂျိုရှုအာဗန်သည် နောက်ဆုံးလေးပွဲဆက်တိုက် အနိုင်ရခဲ့ပြီး UFC နှင့် လက်တွဲပြီးနောက် ခုနစ်ပွဲမြောက် နိုင်ပွဲရယူနိုင်ခဲ့ခြင်းဖြစ်သည်။

**သတင်း – ရှိုင်းထက်ဇော်၊ ဓာတ်ပုံ – UFC**

# FIFA–MFF ယူ–၁၅ လိဂ်ပြိုင်ပွဲ ဆက်လက်ကျင်းပ

**ရန်ကုန် ဇွန် ၈**

FIFA–MFF ယူ–၁၅ လိဂ်ပြိုင်ပွဲ ရန်ကုန်ဇုန် ပွဲစဉ် (၁၀)၊ တောင်ကြီးဇုန်နှင့် မန္တလေးဇုန် ပွဲစဉ် (၇) ဒုတိယနေ့ကို ဇွန် ၈ ရက်က ဆက်လက်ကျင်းပသည်။



ရန်ကုန်ဇုန်တွင် Mar Rein အသင်းနှင့် ရန်ကုန်တောင်ဇလပ်အသင်းတို့ ယှဉ်ပြိုင်နေစဉ်။

သုဝဏ္ဏလေ့ကျင့်ရေးကွင်း၌ ကျင်းပသည့် ရန်ကုန်ဇုန်ပွဲစဉ် (၁၀) ဒုတိယနေ့တွင် ရွှေပြည်သာယူနိုက်တက်အသင်းက The Honour အသင်းကို နှစ်ဂိုး–တစ်ဂိုး၊ Mar Rein အသင်းက ရန်ကုန်တောင်ဇလပ်အသင်းကို နှစ်ဂိုး–ဂိုးမရှိ၊ Burmese Youth အသင်းက မြသီတာအသင်းကို သုံးဂိုးပြတ်ဖြင့် အနိုင်ရရှိသည်။ တောင်ကြီးဇုန်တွင် Paw Muu Region အသင်းက အင်းလေးလူငယ်အသင်းကို နှစ်ဂိုး–တစ်ဂိုး၊ ရှမ်းတောင်အသင်းက ရှမ်းအရှေ့ (TCL အကယ်ဒမီ) အသင်းကို သုံးဂိုး–နှစ်ဂိုးဖြင့် အနိုင်ရရှိသည်။ မန္တလေးဇုန်တွင် ရွှေပေလိပ်အသင်းက အနီးစခန်းအသင်းကို နှစ်ဂိုး–တစ်ဂိုး၊ Youth Soccer Future အသင်းက စစ်ကိုင်းယူနိုက်တက်အသင်းကို ငါးဂိုးပြတ် အနိုင်ရရှိသည်။

ရန်ကုန်ဇုန် ပွဲစဉ် (၁၀) အပြီးတွင် ရှိုင်းရယ် ရန်ကုန်အသင်းက ၂၈ မှတ်ဖြင့် ဦးဆောင်နေပြီး Mar Rein အသင်းက ၂၇ မှတ်ဖြင့် ဒုတိယ၊ မန္တလေးဇုန် ပွဲစဉ် (၇) အပြီးတွင် ရှမ်းတောင်အသင်းက ၁၆ မှတ်ဖြင့် ဦးဆောင်နေပြီး ရှမ်းအရှေ့ (TCL အကယ်ဒမီ) အသင်းက ၁၅ မှတ်ဖြင့် ဒုတိယ၊ မန္တလေးဇုန်တွင် STNM အသင်းက ၁၈ မှတ်ဖြင့် ဦးဆောင်နေပြီး အနီးစခန်းအသင်းက ၁၂ မှတ်ဖြင့် ဒုတိယနေရာတို့တွင် ရပ်တည်နေသည်။

**သတင်း – ထွဏ်းသွေးအိမ်**
**ဓာတ်ပုံ – MFF**

■


ကျန်းမာရေးဝန်ကြီးဌာန
ပြည်သူ့ကျန်းမာရေးဦးစီးဌာန
ကျန်းမာရေးအသိပညာမြှင့်တင်ရေးဌာနခွဲ

## မိုးရာသီကာလတွင် ဖြစ်ပွားမှုများပြားနိုင်သည့် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါ

- **ပြင်းထန်ဝမ်းပျက်ဝမ်းလျှော** ရောဂါသည် ဝမ်းရောဂါဖြစ်ပွားစေသော ကာလဝမ်းရောဂါပိုး (*vibrio cholerae*) ကဲ့သို့သော ရောဂါပိုးများပါရှိသည့် မသန့်ရှင်းသောရေနှင့် အစားအစာများ စားသောက်မိရာမှတစ်ဆင့် ကူးစက်ဖြစ်ပွားစေသည်။
- **ရာသီမရွေးဖြစ်ပွားလေ့ရှိပြီး** အထူးသဖြင့် မိုးဦးကျကာလနှင့် မိုးအကုန်ဆောင်းအကူးတွင် အဖြစ်များသည်။
